# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်နေ့ ၂၀၁၆ ခုနှစ်၊ မေ ၂၂ ရက်၊ သောကြာနေ့ အတွဲ (၅၅)၊ အမှတ် (၂၀၀)


# အချို့ဝန်ကြီးဌာနများ လျှော့ချခဲ့သည့်နည်းတူ အချို့ကို ပေါင်းစည်းခဲ့ ဝန်ကြီးဌာနများ ဆောလျင်စွာဖွဲ့စည်းနိုင်ပါက မြန်မြန်ဆန်ဆန်အလုပ်ဖြစ်မည်

## ပြင်ဆင်ဖွဲ့စည်းခဲ့သော ဝန်ကြီးဌာနများ၏ ဖွဲ့စည်းပုံပြင်ဆင်ရေးဆွဲရေး ညှိနှိုင်းစည်းဝေး



ပြင်ဆင်ဖွဲ့စည်းခဲ့သော ဝန်ကြီးဌာနများ၏ ဖွဲ့စည်းပုံပြင်ဆင်ရေးဆွဲရေးညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်

နေပြည်တော် မေ ၂၁

**ပြင်ဆင်ဖွဲ့စည်းခဲ့သော ဝန်ကြီးဌာနများ၏ ဖွဲ့စည်းပုံပြင်ဆင်ရေးဆွဲရေးညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က ဖွဲ့စည်းပုံပြင်ဆင်ရေးဆွဲရေးနှင့်ပတ်သက်၍ ယခုအားလုံးသိပြီးဖြစ်သည့်အတိုင်း ဝန်ကြီးဌာနများကို လျှော့ချလိုက်ပါကြောင်း၊ လျှော့ရသည့်အကြောင်းကိုလည်း ရှင်းလင်းပြီးဖြစ်ပါကြောင်း၊ အချို့ ဝန်ကြီးဌာနများ လျှော့ချခဲ့သည့်နည်းတူ အချို့ဝန်ကြီးဌာနများကို ပေါင်းစည်းခဲ့ပါကြောင်း၊ ပေါင်းစည်းသည့်ဝန်ကြီးဌာနများ လုပ်ငန်းချောမွေ့စေရေးအတွက် ပြန်လည်ဖွဲ့စည်းရပါကြောင်း၊ ဖွဲ့စည်းပုံပြန်လည်ပြင်ဆင်ရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းများအား ဆောလျင်စွာဆောင်ရွက် ရမည်ဖြစ်ပါကြောင်း။

ထိုသို့ ဖွဲ့စည်းပုံပြန်လည်ပြင်ဆင်ရာတွင် ရည်ရွယ်ထားသည့် လုပ်ငန်းစဉ်များနှင့် ကိုက်ညီရန်လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနများ ဖွဲ့စည်းမှုကို ယခင်က တစ်လ၊ နှစ်လခန့် ကြာမြင့်မည်ဟု ခန့်မှန်းထားသော်လည်း ယခု ဆောလျင်စွာ ဖွဲ့စည်းနိုင်မည်ဟု ထင်ပါကြောင်း၊ ဆောလျင်စွာ ဖွဲ့စည်းနိုင်ပါက မြန်မြန်ဆန်ဆန်

*စာမျက်နှာ ၃ ကော်လံ ၁* ✱

- **ဖွဲ့စည်းပုံပြန်လည်ပြင်ဆင်ရာတွင် ရည်ရွယ်ထားသည့် လုပ်ငန်းစဉ်များနှင့် ကိုက်ညီရန်လို**
- **ကြိုတင်ပြင်ဆင်ရေး ပြုပြင်ရေးလုပ်ငန်းများ ခရီးရောက်နေပြီဖြစ်သည့်အတွက် မှန်းထားသည့်အချိန်ထက် ဆောလျင်စွာပြီးစီးမည်ဟုယူဆ**

# နိုင်ငံတော်သမ္မတ ကျန်းမာရေး စစ်ဆေးမှုခံယူ ရလဒ်များ ကောင်းမွန်

**နေပြည်တော် မေ ၂၁**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ခုတင် ၁၀၀၀ ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီးသို့ သွားရောက်ပြီး ကျန်းမာရေး စစ်ဆေးမှုခံယူခဲ့ရာ စစ်ဆေးမှုရလဒ်များ ကောင်းမွန်ကြောင်း သိရသည်။

နိုင်ငံတော် သမ္မတ၏ ကျန်းမာရေးစစ်ဆေးမှုကို အထူးကု ဆရာဝန်ကြီးများက နှလုံးကျန်းမာရေးအပြင် အခြားကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ကျန်းမာရေးစစ်ဆေးမှုရလဒ်များ ကောင်းမွန်ကြောင်း ဆေးရုံအုပ်ကြီးက ပြောကြားသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် သမ္မတတာဝန်ထမ်းဆောင်စဉ် နေပြည်တော် ခုတင် ၁၀၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ ပုံမှန်ကျန်းမာရေးစစ်ဆေးမှု ခံယူခြင်းကို ပထမဆုံးအကြိမ် ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ကျွန်တော်တို့နိုင်ငံက အသားငါးတွေကို ကျက်အောင်ချက်စားကြတယ် ဒါက ရောဂါကို ကာကွယ်ပေးထားတဲ့ လူနေမှုစနစ်ဖြစ်ပါတယ်

တွေ့ဆုံမေးမြန်း စာမျက်နှာ-၅

## ဗိုလ်ချုပ်အောင်ဆန်းနှင့် ကျောင်းသားသမဂ္ဂ

လင်းအေး၏ ဆောင်းပါး စာမျက်နှာ-၆


ထွန်းရွှေဝါဆေးတိုက် နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်သော မြန်မာ့တိုင်းရင်းဆေးဝါးများအား အဘက်ဘက်မှဝိုင်းဝန်းပံ့ပိုးကူညီအားပေးခဲ့ကြသော ကျေးဇူးရှင်ဆရာသမားများနှင့် မိတ်ဆွေအပေါင်းအသင်းများ၊ အနယ်နယ်အရပ်ရပ်ရှိ ဆေးရောင်းကိုယ်စားလှယ်တော်ကြီးများနှင့် သုံးစွဲသူ မိဘပြည်သူများ၊ ခေတ်မီဖွံ့ဖြိုးတိုးတက်နေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ ပြည်သူ ပြည်သားများအားလုံး မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ် နှစ်သစ်မင်္ဂလာအခါသမယမှစ၍ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်အတူ စီးပွားဥစ္စာများ ဒီရေအလား တိုးတက်ပါစေကြောင်း ထွန်းရွှေဝါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

မြန်မာ့အလင်း

# အဆိုးရွားဆုံးရောဂါအတွက်ကုထုံး

မျက်မှောက်ကမ္ဘာ၏ အဆိုးရွားဆုံးသောရောဂါမှာ အကျင့်ပျက်ခြစားမှုဖြစ်သည်ဟု ကမ္ဘာကျော်အဆိုတော်ကြီး ဘိုနို(ယူတူး)က ပြောခဲ့ဖူးသည်။ ကမ္ဘာ့နိုင်ငံများ၏ အကျင့်ပျက်ခြစားမှုအဆင့်ကို အရောင်အနုအရင့် (အဝါနုနုမှသည် အနီရင့်ရင့်အထိ) ဆေးခြယ်ပြထားသည့် ကမ္ဘာ့မြေပုံကိုကြည့်ပါက အနီရောင်က အများစုဖုံးလွှမ်းနေသည်ကို တွေ့ရသည်။ အနီရောင်အနုအရင့် သာလျှင် ကွာကြမည်။ ဆိုလိုသည်မှာ အကျင့်ပျက်မှု(ဝါ) လာဘ်ပေးလာဘ်ယူမှုကင်းသည့် တိုင်းပြည်က ကမ္ဘာပေါ်မှာ ခပ်ရှားရှားဖြစ်သည်။ သည်အထဲမှာ မိမိတို့နိုင်ငံက အနီအရင့်ဆုံး မဟုတ်သည့်တိုင် အနီရင့်ရင့်ထဲမှာ ပါဝင်နေသည်။

အကျင့်ပျက်ခြစားမှုဟူသည် လုပ်ပိုင်ခွင့်နှင့် အာဏာကို အလွဲသုံးစားပြု၍ ကိုယ်ကျိုးရှာခြင်းဖြစ်သည်။ ရာထူးနှင့် လုပ်ပိုင်ခွင့်အကြီးအသေးပေါ်လိုက်၍ အကျင့်ပျက်ခြစားမှုပမာဏ သည်လည်း အကြီးအသေးဖြစ်ပေါ်နိုင်သကဲ့သို့ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းတို့၏ ချို့ယွင်းအားနည်းချက်တို့ကို အမှီပြုပြီး အကျင့်ပျက်မှုတို့ဖြစ်ပေါ်လာကြသည်။

ငွေကုန်ကြေးကျများသလောက် နိုင်ငံအတွက် အကျိုးဖြစ်ထွန်းမှု နည်းပါးသည့်စီမံကိန်းများ၊ လုံးဝအဟောသိကံဖြစ်သွားသည့် ရုပ်ပြစီမံကိန်းများ၊ မြေပေါ်မြေအောက် သယံဇာတများ၊ သားငါးသယံဇာတများကို တံခါးမရှိ ဓားမရှိ စည်းကမ်းမဲ့စွာ ထုတ်ယူခြင်းများ၊ မြေယာများအပါအဝင် နိုင်ငံအတွင်းရှိ အရေးပါသော စီးပွားရေးလုပ်ငန်းများတွင် လက်ဝါးကြီးအုပ် ချုပ်ကိုင်ထားခြင်းကဲ့သို့သော လုပ်ရပ်များက လုပ်ပိုင်ခွင့်ကြီးမားသူတို့၏ အကျင့်ပျက်မှုများကို အကြောင်းပြု၍ ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ ယင်း၏ အကျိုးဆက်အနေဖြင့် နိုင်ငံပိုင်ဘဏ္ဍာအရင်းအမြစ်များ အဟောသိကံဖြစ်ခြင်း၊ အနာဂတ်နိုင်ငံတော်အတွက် ဆင်ဆင်ခြင်ခြင် ချန်လှပ်ထားရှိရမည့် သဘာဝသယံဇာတ အရင်းအမြစ်များပြုန်းတီးခြင်း၊ သဘာဝပတ်ဝန်းကျင်များပျက်စီးခြင်း၊ နိုင်ငံတကာမှ ဂုဏ်သိက္ခာမြင့်မား၍ ကျင့်ဝတ်လိုက်နာသော ကုမ္ပဏီကြီးများက မိမိနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုမပြုဘဲ လက်ရှောင်ခြင်းကဲ့သို့သော ရလဒ်ဆိုးများကို ခံစားရမည်ဖြစ်သည်။

တရားဥပဒေထိန်းသိမ်းရေးဝန်ထမ်းများ အကျင့်ပျက်ပါက လူ့အဖွဲ့အစည်းအတွင်း တရားဥပဒေစိုးမိုးမှု ပျက်ယွင်းလာမည်ဖြစ်ပြီး ပြည်သူများ၏ နေ့စဉ်ဘဝ လုံခြုံမှုလျော့ပါးလာမည်ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းများ အကျင့်ပျက်ပါကလည်း အစိုးရအပေါ် ပြည်သူတို့၏ ယုံကြည်မှုပျက်ပြားလာမည်ဖြစ်သည်။ အောက်ခြေတွင် ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့နေသော ကဏ္ဍအသီးသီးမှ ဝန်ထမ်းများ၏ အကျင့်ပျက်မှုကြောင့် ဝန်ထမ်းအဖွဲ့အစည်း၏ စွမ်းဆောင်ရည်များ ကျဆင်းလာမည်ဖြစ်ကာ ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ အရည်အသွေးများကင်းမဲ့လာပြီး ဝန်ထမ်းများနှင့် ပြည်သူများအကြား ပဋိပက္ခအနိဋ္ဌာရုံများ တိုးပွားလာမည်ဖြစ်သည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ နေ့စဉ်လူမှုဘဝ အခြေအနေများ တိုးတက်ကောင်းမွန်လာရေးတွင် အဓိကဆူးငြောင့်တစ်ခုသဖွယ်ဖြစ်နေသည့် အကျင့်ပျက်ခြစားမှုကို မြန်မာ့ လူ့အဖွဲ့အစည်းမှ မဖြစ်မနေ ရှင်းလင်းဖယ်ရှားရန် မျက်မှောက်အခြေအနေများက တောင်းဆိုနေပြီဖြစ်သည်။ အကျင့်ပျက်မှုတွင် ယူသူမှာရော ပေးသူမှာပါ အပြစ်ရှိသည်။ ပြည်သူ့အားဖြင့် တိုက်ဖျက်လျှင် အောင်မြင်ရမည်မလွဲ။

မျက်မှောက်ကမ္ဘာ၏ အဆိုးရွားဆုံးသော ရောဂါဖြစ်သည့် အကျင့်ပျက်မှု **(Corruption)** အတွက် ကုထုံးမှာ ပွင့်လင်းမြင်သာမှု **(transparency)** ဖြစ်သည်ဟု ဘိုနိုက ဆိုထားသည်။




## မိုးဆက်လက် ထစ်ချုန်းရွာမည်

**နေပြည်တော် ဧပြီ ၂၁**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပူတာအိုမြို့တွင် ၁ ဒသမ ၃၈ လက်မ၊ မချမ်းဘောမြို့တွင် ၀ ဒသမ ၅၉ လက်မနှင့် ခန္တီးမြို့တွင် ၀ ဒသမ ၂၀ လက်မတို့ဖြစ်ကြသည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ အမြင့်ဆုံးအပူချိန်အနေဖြင့် နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်၊ မန္တလေးမြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ် ဖြစ်နိုင်ကြောင်း ခန့်မှန်းဖော်ပြထားသည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

**(မြန်မာ့အလင်း)**

## မြစ်ကြီးနား၌ ယခုပညာသင်နှစ် ကျောင်းပြင်ပအလယ်တန်းပညာသင်ကြားရေးစနစ် တိုးမြှင့်ဖွင့်လှစ်မည်

**မြစ်ကြီးနား ဧပြီ ၂၁**

အကြောင်းအမျိုးမျိုးကြောင့် ကျောင်းတစ်ဝက်တစ်ပျက်ဖြင့် ထွက်ခဲ့ရသော ကျောင်းပြင်ပတွင် ရောက်ရှိနေသည့် ကလေးငယ်များကို ယခင်ပညာသင်နှစ်၌ ကျောင်းပြင်ပ မူလတန်းအဆင့် ပညာသင်ကြားရေးစီမံချက်ကို စတင်အကောင်အထည်ဖော် သင်ကြားပေးခဲ့ပြီးဖြစ်ရာ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ကျောင်းပြင်ပ အလယ်တန်းပညာသင်ကြားရေးစနစ်ကို တစ်ဆင့်တိုးမြှင့် ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း မြစ်ကြီးနားမြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

"ကျောင်းပြင်ပ ကလေးများ ဒုတိယအကြိမ် ပညာသင်ကြားခွင့်ရရှိရေးစီမံချက်ကို ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာ မူလတန်းအဆင့်ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ ယခုပညာသင်နှစ်မှာ မြန်မာနိုင်ငံတစ်ခုလုံး အနေနဲ့ ကျောင်းပြင်ပ အလယ်တန်းပညာသင်ကြားရေးစနစ် မြစ်ကြီးနားအပါအဝင် ရန်ကုန်မြို့၊ ဒလ၊ လှိုင်သာယာ၊ စစ်တွေ၊ လှိုင်ကော်၊ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်များတွင် အခြေခံပညာဦးစီးဌာန၊ ပညာရေးသုတေသနဌာန၊ UNESCO ၊ UNICEF နဲ့ အလှူရှင်များစုပေါင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမှာပါ" ဟု မြို့နယ်ပညာရေးမှူး ဒေါ်ခင်ခင်ညို က ပြောသည်။

၎င်း NFMSE ပညာရေးစနစ်တွင် ပဥ္စမတန်းမှ အဋ္ဌမတန်းအဆင့်ထိ စာသင်တန်းလေးခုကို ကလေးများ၏ အားလပ်ချိန်ကိုယူပြီး တစ်နေ့နှစ်နာရီခွဲ သုံးနှစ်တာကာလ သင်ကြားပေးသွားမည်ဖြစ်သည်။ မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ အထွေထွေဗဟုသုတများအပြင် အသက်မွေးဝမ်းကျောင်းပညာ၊ နည်းပညာ၊ လက်မှုပညာ ဘာသာရပ်များကို ထည့်သွင်းသင်ကြားပေးသွားမည် ဖြစ်ပြီး အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပရောက်နေသည့် ကလေးများ ဆက်လက်ပြီး ပညာသင်ကြားခွင့်ရရှိကြမည်ဖြစ်သည်။

ယမန်နှစ်က မြစ်ကြီးနား၌ ကျောင်းပြင်ပ မူလတန်းအဆင့် အနေဖြင့် သင်ကြားပေးထားသည့် ကျောင်းသားများ အနက်မှ တက်ရောက် အောင်မြင်သူများကိုလည်းအလယ်တန်း၊ အထက်တန်း အဆင့်ဆင့်သို့ တက်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း ၂၁-၄-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

**ရွှေစျေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၅၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၀၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၅၈၀၀ |

**စက်သုံးဆီစျေးနှုန်း(တစ်လီတာစျေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၄၇၀ / ၅၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၃၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀ / ၇၃၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀ / ၅၄၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်စျေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၈၀.၀ |
| ဥရောပ | တစ်ယူရို | ၁၃၃၃.၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၇၆.၇၀ |
| ထိုင်း | တစ်ဘတ် | ၃၃.၇၁၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၈၀ |
| တရုတ် | တစ်ယွမ် | ၁၈၂.၃၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၂.၉၆ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊
Fax- ၀၁-၈၆၀၄၅၄၆

# နှစ်သစ်ကူးလက်ဆောင်ပါ ငွေကျပ်သိန်း ၅၀ ဖြင့် သောက်သုံးရေလိုအပ်လျက်ရှိသော သနပ်ပင်မြို့နယ်မှ ကျေးရွာငါးရွာရှိ ရေကန်ဟောင်းငါးကန်အား ပြန်လည်တူးဖော်ပြုပြင်သွားမည်

**နေပြည်တော် ဧပြီ ၂၁**

နိုင်ငံတော်သမ္မတရုံးက ဧပြီ ၂၀ ရက်တွင် သတင်းထုတ်ပြန်ခဲ့သော အရေးကြီးပုဂ္ဂိုလ်၏ ကိုယ်ရေးအရာရှိအား မီဒီယာကုမ္ပဏီကြီးတစ်ခုက နှစ်သစ်ကူးလက်ဆောင်အဖြစ် ပေးအပ်သော ငွေကျပ်သိန်း ၅၀ အား နွေရာသီတွင် ရေရှားပါးသည့် သောက်သုံးရေရရှိရေးဆောင်ရွက်သည့်လုပ်ငန်းများတွင် အသုံးပြုနိုင်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ပေးအပ်လှူဒါန်းခဲ့ရာ အဆိုပါငွေဖြင့် ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်အတွင်းရှိ ကျေးရွာငါးရွာမှ ရေကန်ဟောင်း ငါးကန်အား ပြန်လည်တူးဖော်ပြုပြင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သနပ်ပင်မြို့နယ်အတွင်းရှိ ရွာပေါင်း ၂၅ ရွာမှ မြေသားရေကန်များမှာ နှစ်ကာလကြာမြင့်ပြီး ရေငန်ရေစိမ့်ဝင်မှုကြောင့် သောက်ရေအဖြစ် အသုံးမပြုနိုင်ဘဲ သုံးရေအနေဖြင့်သာ အသုံးပြုနိုင်ကြောင်း၊ ၎င်း ကျေးရွာများအနက် အထက်ကျုံပါကျေးရွာ၊ နတ်ရေကန်ကျေးရွာ၊ ခလပ်စုကျေးရွာ၊ သနတ္တန်းကျေးရွာနှင့် ကျီးပင်စု ကျေးရွာများတွင် သောက်သုံးရေ ဦးစားပေးလိုအပ်လျက်ရှိရာ ယင်းရွာများရှိ ရေကန်ဟောင်း ငါးကန်ကို ပြန်လည် တူးဖော်နိုင်ခြင်းဖြင့် ရက်သတ္တပတ် နှစ်ပတ်အတွင်း သောက်သုံးရေပြန်လည်ရရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကန်များ ပြုပြင်မှုအတွက် တစ်ကန်လျှင် ငွေကျပ် ၁၀ သိန်းခန့်ဖြင့် ငွေကျပ်သိန်း ၅၀ ခန့် ကုန်ကျမည် ဖြစ်ရာ ယင်းကန်များ ပြုပြင်ပြီးစီးပါက ကျေးရွာ ငါးရွာမှ အိမ်ထောင်စု ၂၉၄၉ စုရှိ လူဦးရေ စုစုပေါင်း ၁၂၇၉၅ ဦး အတွက် သောက်သုံးရေဖူလုံနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

---

***✻ ရှေ့ဖုံးမှ***

အလုပ်ဖြစ်မည်ဖြစ်ပါကြောင်း။

သို့သော်လည်း ဆောလျင်စွာ ဖွဲ့စည်းသည့်အတွက် နောင်တွင် ပြင်ဆင်စရာများ ရှိလာနိုင်သည်ကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် လက်တွေ့လုပ်ကြည့်မှ အပိုအလိုကို သိမည်ဖြစ်ကြောင်း၊ ယခု ဝန်ကြီးဌာနအသီးသီး ပြန်လည်ပြင်ဆင်ဖွဲ့စည်းမည့် ကိစ္စတွင် တစ်ဦးနှင့်တစ်ဦး အသိပေးအကြံပြုစရာများရှိပါက အသိပေးအကြံပြုစေလိုကြောင်း၊ အစည်းအဝေးတွင် မပါဝင်သော ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြုပြင်ပြောင်းလဲလွယ်သည့် အခြေအနေဖြစ်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ တိုင်းရင်းသားရေးရာဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များနှင့် နိုင်ငံတော်သမ္မတရုံး ဖွဲ့စည်းပုံပြင်ဆင်ရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌတို့က ဝန်ကြီးဌာနများ ဖွဲ့စည်းပုံအသစ် ပြင်ဆင်ရေးဆွဲမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အမြဲတမ်းအတွင်းဝန်က စာရင်းစစ်ချုပ်ရုံး၏ သဘောထားမှတ်ချက်ကို ဆွေးနွေးတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာနများ၏ ဖွဲ့စည်းပုံပြင်ဆင်ရေးဆွဲခြင်းအား အမြန်ဆုံးအကောင်အထည်ဖော်ရန် ကူညီဆောင်ရွက်ပေးကြသည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ ဝန်ကြီးဌာနအသီးသီး၏ တင်ပြချက်များအပေါ် မိမိအနေဖြင့် အားတက်မိပါကြောင်း။ လုပ်ငန်းဆောင်ရွက်မှုများသည် အတော်အတန် ခရီးရောက်နေပြီဟု မြင်ပါကြောင်း၊ ကြိုတင်ပြင်ဆင်ရေး၊ ပြုပြင်ရေးလုပ်ငန်းများ ခရီးရောက်နေပြီဖြစ်သည့်အတွက် မှန်းထားသည့်အချိန်ထက် ဆောလျင်စွာပြီးစီးမည်ဟု ယူဆပါကြောင်း၊ ရက် ၁၀၀ အတွင်း ဆောင်ရွက်မည့်အစီအစဉ်များနှင့်စပ်လျဉ်း၍ သီးခြားအစည်းအဝေးများတွင် တင်ပြဆောင်ရွက်ရန်ဖြစ်ကြောင်း ပြောကြားသည်။

ယခုအစည်းအဝေးတွင် အတည်ပြုချက်ရရှိပြီးနောက် ပြင်ဆင်ဖွဲ့စည်းသည့် ဝန်ကြီးဌာနများအနေဖြင့် စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊ ရသုံးခန့်မှန်းခြေငွေစာရင်းဦးစီးဌာန စသည်တို့၏ ခွင့်ပြုချက်များကို အမြန်ဆုံးရရှိအောင်ဆောင်ရွက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသဘောတူခွင့်ပြုချက် ရရှိရေးအတွက် အမြန်ဆုံး ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

***■ ကျောဖုံးမှ***

တိုင်းပြည် လွတ်မြောက်အောင် ဦးဝင်းတင်က သူ့ဘဝနဲ့ရင်းပြီးတော့ မြှုပ်နှံခဲ့တယ်။ ဦးဝင်းတင်လို တိုင်းပြည်အတွက် အလုပ်လုပ်ကြပါလို့ လူငယ်တွေအားလုံးကို ပြောချင်တယ်။

**ဦးမိုးသူ**
**(ဦးဝင်းတင်ဖောင်ဒေးရှင်းနာယက)**

ဦးဝင်းတင်နဲ့ ပတ်သက်ပြီး လေ့လာစရာ မှတ်သားစရာတွေက အများကြီး၊ အရေးကြီးတာက ဦးဝင်းတင်လိုလုပ်ကြပါ၊ ဦးဝင်းတင် ဖောင်ဒေးရှင်းနဲ့ ပတ်သက်လို့ နိုင်ငံရေးအကျဉ်းသားတွေကို ကူညီထောက်ပံ့မှုလုပ်ပါတယ်၊ ကျန်းမာရေးစောင့်ရှောက်မှုတွေ လုပ်ပေးတယ်၊ နှစ်လတစ်ကြိမ်၊ သုံးလတစ်ကြိမ် သွားရောက်လှူဒါန်းတယ်၊ ဒီမိုကရေစီအစစ်အမှန် မရသေးဘူး၊ အရေးကြီးတာက လူငယ်တွေ ဦးဝင်းတင်ရဲ့ စိတ်ဓာတ်နဲ့ ဆက်လက်ပြီး ဆောင်ရွက်ကြပါလို့ ပြောချင်တယ်။

**စာရေးဆရာထင်လင်းဦး**

နိုင်ငံတော်အစိုးရသစ် ပြည်သူ့အစိုးရသစ်က လွှတ်ပေးလိုက်လို့ ထောင်က လွတ်လာတဲ့အချိန်မှာ ဘဘရဲ့ (၂)နှစ်ပြည့်အခမ်းအနားကို အချိန်မီလေး ပါဝင်ခွင့်ရသွားတယ်၊ ဘဘက ထင်လင်းဦးဆိုတာကို မွေးခဲ့တာ၊ ဘဘမွေးပေးခဲ့လို့လည်း လူတစ်လုံးသူတစ်လုံး ပိုင်ဆိုင်ခဲ့ရ



ဦးအုန်းကြိုင်



ဦးမိုးသူ



စာရေးဆရာထင်လင်းဦး



ဦးထွန်းကြည်



မဖြိုးဖြိုးအောင်

တယ်၊ ဒီနေ့အခမ်းအနားမှာ ဆရာဖျာပုံနီလုံဦး ရွတ်သွားတဲ့ "ဖိုးနှစ်ငှက်မီးလျှံ" မော်ကွန်းကဗျာက ဘဘဆေးရုံတက်နေရတဲ့အချိန်၊ အဲဒီအချိန်က ကျွန်တော် မေမြို့သွားနေတဲ့အချိန်၊ လမ်းမှာ ဘဘဆုံးတယ်ဆိုတာ သိလိုက်ရတဲ့အချိန်၊ ကားပေါ်မှာ ရေးခဲ့တဲ့ကဗျာပါ၊ မေမြို့မသွားခင် ဘဘမဆုံးခင် တွေ့လိုက်ရတဲ့အချိန်မှာ ပိုက်တန်းလန်းနဲ့ လက်မြှောက်ပြီး မင်း စာတွေများများရေးနော်၊ ရပ်မနေနဲ့၊ ဆက်ရေးဆိုပြီး ဗလုံးဗထွေးနဲ့ပြောတယ်။ ဘဘသာရှိရင် ပြည်သူ့အစိုးရကိုမြင်မှာ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ဖို့ အားလုံးဝိုင်းပြီး ကြိုးစားနေကြတာ၊ ခေတ်ပြောင်း နိုင်ငံပြောင်း တိုးတက်ဖို့ လုပ်နေကြတာတွေကို မြင်ရမှာ၊ အမှောင်ပျောက်ပြီး အလင်းရောင်လေးတော့စလာပြီ၊ အဲ့ဒီအလင်းရောင်ကို တည်မြဲအောင်၊ မပျောက်အောင် ဆက်ကြိုးစားရမယ်၊ ရှေ့တန်းက တိုက်စစ်မှူးကြီး မရှိတော့တဲ့အတွက် အားတော့ငယ်တယ်။ သူ့နေရာမှာ ကိုယ်တွေတော့ ကျရာနေရာကနေ ဘဘမြင်ချင်ခဲ့တဲ့ လူထုအစိုးရ၊ သူဖြစ်စေချင်ခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည်အစိုးရ ခိုင်မာဖို့၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်နိုင်ဖို့ အတွက်ကို ဝိုင်းပြီးတော့ ခွန်အားရှိသမျှ ဆောင်ရွက်မယ်လို့ သန္နိဋ္ဌာန်ချထားတယ်။

**ဦးထွန်းကြည် (နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့)**

ဘဘဆုံးသွားတဲ့နေ့မှ အခုအချိန်ထိ အနီးဆုံးမှာရှိနေတယ်လို့ ခံယူတယ်။ ဘာကြောင့်လဲဆိုတော့ ဘဘရဲ့ တိုင်းပြည်အပေါ်မှာ၊ နိုင်ငံသူနိုင်ငံသားတွေအပေါ်မှာ၊ မြန်မာနိုင်ငံတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားပေါင်းစုံ ဘာသာပေါင်းစုံရဲ့အပေါ်မှာ ဘဘရဲ့စိတ်ဓာတ် အလွန်တရာမှ ကြီးမြတ်ပါတယ်။ ဦးဝင်းတင် ဖောင်ဒေးရှင်းဖြစ်လာရတယ်ဆိုတာကလည်း နိုင်ငံရေးအကျဉ်းသားတွေအတွက်၊ မိသားစုတွေအတွက်၊ စာနယ်ဇင်းသမားတွေအတွက် ထူထောင်ထားတာ၊ နှုတ်ကနေ လွှမ်းဆွတ်တာတို့၊ တမ်းတတာတို့ထက် ဘဘဦးဝင်းတင် ချမှတ်ခဲ့တဲ့ လုပ်ငန်းစဉ်တွေ၊ စိတ်ဓာတ်တွေ၊ လုပ်ရပ်တွေကို အသိအမှတ်ပြုတန်ဖိုးထားခြင်းအားဖြင့် အခုလိုမျိုး အခမ်းအနား မြန်မာနိုင်ငံအနှံ့အပြားမှာ ကျင်းပနေကြတယ်။ နေရာတော်တော်များများမှာ ဘဘကိုရည်စူးပြီး အရုဏ်ဆွမ်းကပ်တယ်၊ နေ့ဆွမ်းကပ်တယ်။ ဘဘရဲ့ ဖောင်ဒေးရှင်းက ဦးဆောင်ပြီး ဒီမိုကရေစီအင်အားစုတွေ လုပ်နေကြတယ်။ စာနယ်ဇင်းသမားတွေအပြင် ဘာသာပေါင်းစုံကလည်း ဆုတောင်းပွဲတွေလုပ်ကြတယ်။ ဘဘကိုလည်း ဘာသာပေါင်းစုံက ချစ်မြတ်နိုးတယ်။

**မဖြိုးဖြိုးအောင် (ဗကသများအဖွဲ့ချုပ် ဗဟိုကော်မတီအထွေထွေ အတွင်းရေးမှူး)**

ဘဘဦးဝင်းတင်ဆိုတာ ကျွန်မတို့ မမွေးခင်ကတည်းက တိုင်းပြည်အတွက် သတင်းစာဆရာ၊ စာရေးဆရာ၊ နိုင်ငံရေးသမားတစ်ဦးအနေနဲ့ တိုင်းပြည် ဒီမိုကရေစီအရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့တဲ့ သူရဲကောင်းတစ်ဦးလို့ မှတ်ယူတယ်။ ကျွန်မတို့အတွက်ကတော့ တကယ့်ကို စံနမူနာယူစရာ ပုဂ္ဂိုလ်တစ်ဦးပါ၊ ဦးဝင်းတင်လိုလူမျိုး၊ သူ့ရဲ့ ပြတ်သားရဲရင့်တဲ့စိတ်ဓာတ်၊ သူ့ရဲ့လုပ်နည်းဟန်ပန်တွေ၊ သူဖြစ်ချင်တဲ့တိုင်းပြည်ဖြစ်လာအောင် ကျွန်မတို့အားလုံးဝိုင်းပြီး ကြိုးစားရမယ်။ သူ့လိုစိတ်ဓာတ်မျိုးကို အတုယူလိုက်နာရမယ်။ ကျွန်မတို့အတွက်တော့ သူရဲကောင်းတစ်ဦးပါ။

---

***◆ ကျောဖုံးမှ***

ကန်ထရိုက်စာချုပ်ပါ စည်းကမ်းချက်များအရ ငါးနှစ်မပြည့်ခင် ပျက်စီးခဲ့သည့်အတွက် တာဝန်ယူ ကပ်လှူပူဇော်ခဲ့သည့် "ရွှေငါးကြင်း" ရွှေမျက်ပါး သက်န်းကပ်အဖွဲ့က ပြန်လည်ကပ်လှူပေးရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအဖွဲ့မှ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရှစ်မြောင့်နေရာမှ အောက်ခြေအထိရှိ ကြေးပြားများပေါ်၌ ရွှေမျက်ပါးသက်န်းကပ်လှူရန် တစ်ပေပတ်လည်လျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ငွေကျပ်သိန်း ၂၆၀ ကျော် အကုန်အကျခံကာ လုပ်ကိုင်ခွင့်ရခဲ့ခြင်းဖြစ်သည်။

"သစ်စေးဆိုတာက ပူရင် ပျော်တတ်တဲ့အတွက် အခုချိန်မှာလုပ်ရင် သစ်စေးသုတ်ဖို့ အခက်အခဲဖြစ်တယ်။ ဒီရာသီဥတုနဲ့လုပ်ရင် ကောင်းတဲ့နေရာတွေပါ ပျက်စီးသွားနိုင်တဲ့အတွက် သီတင်းကျွတ်နဲ့ တန်ဆောင်မုန်းလောက်မှ ပြန်လည်ပြုပြင်ပေးဖို့ သဘောတူထားပြီးပါပြီ" ဟု "ရွှေငါးကြင်း" ရွှေမျက်ပါး သက်န်းကပ်အဖွဲ့မှ တာဝန်ရှိသူ ဦးသန်းဝင်းက ပြောသည်။

လတ်တလောအခြေအနေအရ ရာသီဥတုပူပြင်းသောကြောင့် ရွှေသက်န်းများ ကွာသွားသည့်နေရာကို မူလအတိုင်း ပြန်လည်၍ ရွှေသက်န်းကပ်လှူရန် အခက်အခဲဖြစ်သဖြင့် သီတင်းကျွတ်ကာလ၌သာ ပြန်လည်ကပ်လှူပေးရန် ၎င်းအဖွဲ့က ဂေါပကအဖွဲ့ထံ တောင်းဆိုမှုများပြုလုပ်ခဲ့သော်လည်း လတ်တလောအခြေအနေအရ နှစ်ဖက်ညှိနှိုင်းမှုများ ပြန်လည်ပြုလုပ်ကာ အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း အဆိုပါစေတီတော်ရုံးအဖွဲ့ထံမှ သိရသည်။

ရွှေတိဂုံစေတီတော်ကြီးတွင် ရွှေပြားသက်န်းတော်နှင့် ရွှေမျက်ပါးလွှာ သက်န်းတော်ဧရိယာနှင့် Gold Coating ဧရိယာတို့ဖြင့် သက်ဆိုင်ရာနေရာအလိုက် ကပ်လှူပူဇော်ထားရှိပြီး ၂၀၁၀ ပြည့်နှစ်ခန့်ကလည်း သဘာဝဘေးကြောင့် ရွှေမျက်ပါးလွှာ သက်န်းတော် ကွာကျမှုဖြစ်ပွားခဲ့သဖြင့် သက်ဆိုင်ရာအဖွဲ့က တာဝန်ယူ ပြန်လည်ကပ်လှူပူဇော်ခြင်းများ ပြုလုပ်ပေးခဲ့ရကြောင်း သိရသည်။

# ဟံသာဝတီဦးဝင်းတင်အထိမ်းအမှတ်နေရာတစ်ခုသတ်မှတ်ရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ပြောကြား

**ရန်ကုန် ဧပြီ ၂၁**

မြန်မာနိုင်ငံ ဒီမိုကရေစီကြိုးပမ်းမှုသမိုင်းတွင် နောက်ဆုံးအသက် ထွက်သည်အထိ ကိုယ်ကျိုးစွန့် အနစ်နာခံသွားခဲ့သော ဟံသာဝတီဦးဝင်းတင်နှင့် ပက်သက်သည့် အထိမ်းအမှတ်နေရာတစ်ခု သတ်မှတ်ပေးရန်လိုကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက သူရဦးတင်ဦးက ပြောသည်။

သတင်းလောက၊ စာပေလောကနှင့် နိုင်ငံရေးလောကတွင် လူသိများသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သဘာပတိအဖွဲ့ဝင် သတင်းစာဆရာကြီး၊ စာရေးဆရာကြီး ဟံသာဝတီ ဦးဝင်းတင်ကွယ်လွန်ခြင်း နှစ်နှစ်ပြည့်အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက တော်ဝင်နှင်းဆီခန်းမ၌ ကျင်းပပြုလုပ်စဉ် **(ယာပုံ)** သူရဦးတင်ဦးက အထက်ပါအတိုင်း ထည့်သွင်းပြောကြားလိုက်ခြင်း ဖြစ်သည်။

"ဟံသာဝတီဆရာကြီး ဦးဝင်းတင်ဟာ အနစ်နာခံမှု၊ ကိုယ်ကျိုးစွန့်မှု၊ ယုံကြည်ချက်ကို ဇွဲရှိရှိလုပ်ကိုင်တတ်မှု၊ ကောင်းတာကိုကောင်းတယ်၊ မကောင်းတာကို မကောင်းဘူးလို့ ပြတ်ပြတ်သားသား ရပ်တည်သွားနိုင်တဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ နိုင်ငံအတွင်းမှာ ခေတ်စနစ်ဆိုးဘဝကနေ ပြည်သူလူထု ဆန္ဒနဲ့အညီ ဒီမိုကရေစီအစိုးရဖြစ်အောင် ကြိုးပမ်းခဲ့တဲ့ပုဂ္ဂိုလ်ကြီးပါ။ သူရဲ့ပြောင်မြောက်လှတဲ့ အတွေးအခေါ် အရေးအသားတွေနဲ့ တော်တော်လေးပဲပြုစု ပျိုးထောင်ပြီးတော့ အဖွဲ့ချုပ်ရဲ့အရောင်ကို ခေါင်းဆောင်နဲ့တကွ အားလုံး တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆောင်ရွက်နိုင်စွမ်းဖြစ်လာရအောင် အကျိုးပြုသွားတဲ့ ပုဂ္ဂိုလ်ကြီးပါ။ ဒီလိုပုဂ္ဂိုလ်ကြီးကို အခုလိုနှစ်နှစ်ပြည့်ဂုဏ်ပြုသည်သာမက တောက်လျှောက် နောင်လာနောက်သားတွေ အမှတ်တရဖြစ်နေဖို့အတွက် သူနဲ့ပတ်သက်တဲ့ဟာကို ဒီနိုင်ငံမှာ နေရာလေးတစ်ခုရပြီးတော့ ပန်းခြံသဘောမျိုးနဲ့ သူရဲ့အထိမ်းအမှတ်သဘောမျိုးအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်သွားပြီး သူ့အတွက် ဂုဏ်ပြုဖို့လိုပါတယ်။ ဦးဝင်းတင် လမ်းအမည်ပေးတာလောက်နဲ့မဟုတ်ဘဲ ဒီမိုကရေစီရေးအတွက် အင်မတန်မှ အနစ်နာ အဆင်းရဲခံရဆုံး နောက်ဆုံးထွက်သက်အထိ ကြိုးပမ်းခဲ့တဲ့အတွက် အထိမ်းအမှတ်တစ်ခု ပြုလုပ်ပေးဖို့လိုအပ်ပါတယ်"ဟု ဦးတင်ဦးက ထပ်လောင်းပြောကြားခဲ့သည်။

အဆိုပါ အမှတ်တရအခမ်းအနားတွင် စာရေးဆရာကြီး မင်းယုဝေကလည်းကောင်း၊ ဟံသာဝတီ ဦးဝင်းတင်ဖောင်ဒေးရှင်း နာယကအဖွဲ့ဝင် စာရေးဆရာကြီး ဦးမိုးသူကလည်းကောင်း ဂုဏ်ပြုအမှတ်တရစကားများ ပြောကြားခဲ့သည်။

ဆရာကြီး ဟံသာဝတီဦးဝင်းတင် (၁၉၃၀-၂၀၁၄)သည် အဖဦးပု၊ အမိဒေါ်အမာတို့မှ ၁၉၃၀ ပြည့်နှစ် မတ် ၁၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်တွင် မွေးဖွားခဲ့ပြီး မွေးချင်းသုံးယောက်အနက် အကြီးဆုံးသားဖြစ်သည်။ ၁၉၅၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရခဲ့ပြီး ဝင်းတင်အမည်ဖြင့် ရန်ကုန်တက္ကသိုလ် နှစ်ပတ်လည်မဂ္ဂဇင်းများတွင် စတင်ရေးသားခဲ့သည်။ သံတော်ဆင့်သတင်းစာမှ ထုတ်ဝေသည့် အကျိုးဆောင်ဂျာနယ်တွင် လက်ထောက် အယ်ဒီတာအဖြစ်လည်းကောင်း၊ ၁၉၅၃ ခုနှစ်တွင် ဂန္ထဝင်ဂျာနယ် လက်ထောက်အယ်ဒီတာနှင့် AFP သတင်းဌာနတွင် ညအယ်ဒီတာအဖြစ်လည်းကောင်း ဝင်ရောက်လုပ်ကိုင်ခဲ့သည်။

ထို့နောက် ၁၉၅၀ မှ ၁၉၅၄ အထိ စာပေဗိမာန်မဂ္ဂဇင်းတွင် လက်ထောက်အယ်ဒီတာအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး ၁၉၅၄ မှ ၁၉၅၇ အထိ နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့ ဂျန်ဘာတန်စာအုပ်ထုတ်ဝေရေးကုမ္ပဏီတွင် စာအုပ်ထုတ်ဝေမှုပညာနှင့် စာနယ်ဇင်းပညာကို ဆည်းပူးခဲ့ပြီး မြန်မာဘာသာပြန်စာအုပ်များထုတ်ဝေရေး အကြံပေးအယ်ဒီတာအဖြစ် လုပ်ကိုင်ခဲ့ပြီး ဒို့ပြည်သတင်းစာကို ထုတ်ဝေခဲ့သည်။

၁၉၅၇ ခုနှစ်တွင် ကြေးမုံသတင်းစာကို အယ်ဒီတာအဖြစ်တာဝန်ယူခဲ့ပြီး ပြည်သူ့အိုးဝေသတင်းစာ တာဝန်ခံအယ်ဒီတာအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ၁၉၅၉ မှ ၁၉၆၄ အထိ စာနယ်ဇင်းကောင်စီအတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ၁၉၆၀ ပြည့်နှစ်တွင် ကြေးမုံသတင်းစာအယ်ဒီတာအဖြစ် ထပ်မံ၍လည်းကောင်း တာဝန်ယူခဲ့ရသည်။ ၁၉၆၈ မှ ၇၈ အထိ မန္တလေးမြို့ထုတ် ဟံသာဝတီသတင်းစာတွင် အယ်ဒီတာချုပ်အဖြစ် ထမ်းဆောင်ချိန်မှစ၍ ဟံသာဝတီဦးဝင်းတင်အဖြစ် ထင်ရှားလာခဲ့သည်။

ဆရာကြီး ဦးဝင်းတင်သည် ၈-၈-၈၈ ဒီမိုကရေစီလှုပ်ရှားမှုတွင် ပါဝင်လာခဲ့ပြီး နိုင်ငံရေးအကျဉ်းသားအဖြစ်ထောင်ထဲတွင် ၁၉ နှစ်ကြာအောင် အကျဉ်းချခံခဲ့ရသူဖြစ်သည်။ ဆရာကြီးရေးသားခဲ့သော စာအုပ်များတွင် ဘာလဲဟဲ့ လူ့ငရဲနှင့် ခေတ်ဝန်ကိုထမ်း ခေတ်လမ်းကိုလျှောက် စသည့်စာအုပ်များမှ အလွန်လူကြိုက်များခဲ့ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



# ဟံသာဝတီဦးဝင်းတင်ကွယ်လွန်ခြင်း နှစ်နှစ်ပြည့် အမှတ်တရဓာတ်ပုံများနှင့် စကားများ

**သတင်း၊ ဓာတ်ပုံ-ရဲခေါင်ညွန့်**

ဟံသာဝတီ ဦးဝင်းတင်ကွယ်လွန်ခြင်း နှစ်နှစ်ပြည့် ဝမ်းနည်းခြင်းအဖြစ် ဆွမ်းကျွေးတရားနာပွဲကို ဧပြီ ၂၁ ရက် နံနက် ၁၀ နာရီက ဗဟန်းမြို့နယ် ခြောက်ထပ်ကြီးဘုရားရှိ သာသနသိပ္ပံကျောင်းတွင် နိုင်ငံရေးအကျဉ်းသားဟောင်းများက ပြုလုပ်ခဲ့ပြီး မန္တလေး အမရပူရ တောင်လေးလုံးကျောင်းတိုက်တွင်လည်း အောက်မေ့ဖွယ်အခမ်းအနားပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟံသာဝတီ ဦးဝင်းတင် ကွယ်လွန်စဉ်က မှတ်တမ်းဓာတ်ပုံများနှင့် ဦးဝင်းတင်၏ မှတ်သားစရာစကားများကို မြန်မာ့သတင်းစဉ်မှ အောက်မေ့ဖွယ်အဖြစ် ဖော်ပြအပ်ပါသည်။

"အတိုက်အခံဆိုတာ နိုင်ငံရေးမှာ အမြဲတမ်းပဲ တုတ်ထိုးအိုးပေါက် လုပ်ဖို့ချည်းပဲ မဟုတ်ဘူး။ တိုင်းပြည်အကျိုး၊ ပြည်သူအကျိုးအတွက် အင်အားစုတိုင်းနဲ့ လက်တွဲဆောင်ရွက်မယ်။ ဒါပေမယ့် ကိုယ့်ရဲ့မူလဘူတ ဒီမိုကရေစီမူဝါဒတွေ၊ လူ့အခွင့်အရေး မူဝါဒတွေ၊ ပြည်ထောင်စုစစ်စစ်မူဝါဒတွေအပေါ်မှာ ခိုင်မာစွဲမြဲရမှာပါပဲ-

**(ဟံသာဝတီ ဦးဝင်းတင်)**

**"ခေါင်းဆောင်မှု ဖြောင့်ဖြောင့်သွား၊ နွားတစ်သိုက်ဖြောင့်ဖြောင့်လိုက်၊ နွားလိုလှုပ်ရှား နွားစိတ်တော့ မထားကြနဲ့"**

**(ဟံသာဝတီ ဦးဝင်းတင်)**

**ဦးဝင်းတင်ကွယ်လွန်ခဲ့သည့် ၂၀၁၄ ခုနှစ် ဧပြီလ ၂၁ ရက်နေ့က ဝမ်းနည်းခြင်းအမှတ်တရစကားများ**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ သိက္ခာ၊ နိုင်ငံရေးသိက္ခာ၊ နိုင်ငံရဲ့သိက္ခာ၊ လူသားများရဲ့သိက္ခာတို့ကို မြှင့်တင်ပေးတဲ့ ဆရာဦးဝင်းတင်ကို အလေးပြုဦးညွှတ်ဂါရဝပြုပါတယ်။ **(ဒေါ်အောင်ဆန်းစုကြည်)**



ဟံသာဝတီ ဦးဝင်းတင် ကွယ်လွန်စဉ်က အမှတ်တရရိုက်ကူးထားသည့် ဓာတ်ပုံတစ်ပုံ

ဟံသာဝတီဦးဝင်းတင်သည် နိုင်ငံရေးသမားထက် သတင်းစာသမားစိတ်ဓာတ် ပိုကြီးမားသူဖြစ်သည်။ နိုင်ငံရေးသမားများ၏ အရည်အသွေးနဲ့ အမူအကျင့်စရိုက်များ ဦးဝင်းတင်ထံတွင် ထင်ရှားပီပြင်ခြင်းမရှိ။ သတင်းသမား၊ စာပေသမား၊ အသိသမား၏ အရည်အသွေးနဲ့ အတွေ့အကြုံအမူအကျင့်များသာ ထင်ရှားပီပြင်သည်။ **(စာရေးဆရာဖေမြင့်)**

သတင်းစာဆရာကြီး ဟံသာဝတီဦးဝင်းတင်သည် မောင်ဝန်ဇင်း၊ ပေါ်သစ်၊ ပြည်စိုး၊ ဝင်းတင်၊ ပုညဝင်းဆွေ၊ သုတေသီ၊ အယ်ဒီတာတစ်ဦး စသည့် ကလောင်အမည်များဖြင့် ရေးသားခဲ့သည်။ ဘာလဲဟဲ့ လူ့ငရဲ၊ ဥတ္တရအလင်း၊ ကမ္ဘာနီတွင်တဒင်္ဂ၊ စာဟောင်းတွေရဲ့ဘဝသစ်၊ နိုင်ငံရေးဒဏ္ဍာရီနှင့် အတွေးအမြင်ဆောင်းပါးများ၊ ကဗျာ၊ စွယ်စုံရုပ်တုနဲ့ အခြားဝတ္ထုတိုများ၊ လူ့ငရဲ စသည့် ကိုယ်ပိုင်အတွေးအမြင်နှင့် ဘာသာပြန်စာပေများ ရေးသားခဲ့သည်။ သတင်းစာဆရာကြီး ဟံသာဝတီဦးဝင်းတင်သည် ၂၀၁၄ ခုနှစ် ဧပြီလ ၂၁ ရက်နေ့ နံနက် ၆နာရီ ၃၀ မိနစ်တွင်ကွယ်လွန်ခဲ့သည်။

# ဦးဝင်းတင် နှစ်နှစ်ပြည့် အောက်မေ့ဖွယ် အခမ်းအနား မန္တလေး၌ကျင်းပ

**မန္တလေး ဧပြီ ၂၁**

စာရေးဆရာ သတင်းစာဆရာကြီး ဟံသာဝတီဦးဝင်းတင် ၁၉၃၀-၂၀၁၄ ကွယ်လွန်ခြင်း နှစ်နှစ်ပြည့်အောက်မေ့ဖွယ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မန္တလေး အမရပူရမြို့နယ် ဦးပိန်တံတားအနောက်ဘက် မယ်ဇယ်ပင်တန်း အနီးရှိ စာပေသူရဲကောင်းတို့ အမှတ်တရနေရာဖြစ်သော တောင်လေးလုံးကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ကိုလေး အင်းဝဂုဏ်ရည်၊ မောင်သစ်လွင်(လူထု)ကိုယ်စား နောင်ရှုပ၊ ဦးသိန်းတန်၊ ဦးထွန်းဝေ(ရွှေ့နေ)ဆရာသိုက်ထွန်းသက်၊ ဆရာညီစေမင်း၊ ကဗျာဆရာ ငြိမ်းသစ်တို့က စာပေသူရဲကောင်း စာရေးဆရာ၊ သတင်းစာဆရာကြီး ဟံသာဝတီဦးဝင်းတင်ကွယ်လွန်ခြင်း နှစ်နှစ်ပြည့်အောက်မေ့ဖွယ် အမှတ်တရစကားများ ပြောကြားခဲ့ကြသည်။

တက်ရောက်လာကြသော သက်ကြီးစာပေပညာရှင်များ၊ စာရေးဆရာ၊ သတင်းစာဆရာများ၊ စာနယ်ဇင်းသမားများ၊ အဖွဲ့အစည်းအသီးသီးမှပုဂ္ဂိုလ်များက တောင်လေးလုံးကျောင်းတိုက် သူဌေးဘုရားဝန်းကျင်ရှိ လေးစားကြည်ညို၊ ချစ်ခင်သူများစုပေါင်းစိုက်ထူထားသော ဟံသာဝတီဦးဝင်းတင်ပုံပါ အမှတ်တရကျောက်စာ၊ ဆရာမြသန်းတင့်၊ ဆရာတင်မိုး ကျောက်စာအနီးတို့တွင် ရင်းနှီးစွာနှုတ်ဆက်ကြကာ ဝင်းဖေမောင်၊ စိုးကျော်သူတို့က သတင်းစာဆရာကြီး ဟံသာဝတီဦးဝင်းတင်၏ ဟံသာဝတီမိန့်မှာတမ်းစာအုပ်ကို အမှတ်တရလက်ဆောင် ပေးဝေခဲ့ကြသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ကျွန်တော်တို့နိုင်ငံက အသားငါးတွေကိုကျက်အောင် ချက်စားကြတယ်။ ဒါက ရောဂါကို ကာကွယ်ပေးထားတဲ့လူနေမှုစနစ် ဖြစ်ပါတယ်။

## ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲထွန်းဝင်းနှင့်တွေ့ဆုံမေးမြန်းခြင်း

**တွေ့ဆုံမေးမြန်း-ဖိုးသန့်၊ ရှင်မင်း၊ ဓာတ်ပုံ-ဖိုးသန့်**

မုံရွာမြို့ ကြက်၊ ငုံးမွေးမြူရေး အထူးဇုန်ရှိ မွေးမြူရေးလုပ်ငန်းတစ်ခုတွင် အသက် ၁၀ လအရွယ် ဥစားကြက်အကောင် ၅၅၀ မွေးမြူထားမှုအနက်မှ ၁၂၃ ကောင်သည် မတ် ၃၁ ရက်မှ ဧပြီ ၃ ရက်အတွင်း ပုံမှန်မဟုတ်သော သေဆုံးမှုဖြစ်ပွားခဲ့သည်။

ထိုသို့ သေဆုံးခဲ့မှုအပေါ် ခြံပိုင်ရှင်နှင့် ကြက်မွေးမြူရေးဇုန်ကော်မတီတို့ ညှိနှိုင်းသုံးသပ်သဘောတူညီမှုရယူပြီး အဆိုပါကြက်ခြံမှ ကျန်ရှိသော ၄၂၇ ကောင်ကို ယခုလ ၃ ရက်က သုတ်သင်ရှင်းလင်းပြီး မြေမြှုပ်ခဲ့သည်။

မုံရွာမြို့နယ် ကြက်မွေးမြူရေးဇုန်တွင် ကြက်ကောင်ရေ တစ်သိန်းသုံးသောင်းနှင့် တစ်သိန်းခွဲဝန်းကျင်မွေးမြူလျက်ရှိရာ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်အတွက် ယခုလ ၂၀ ရက်အထိ မုံရွာမွေးမြူရေးဇုန်အတွင်းရှိ ပိုင်ရှင် ၃၃ ဦး၏ ကြက်ခြံ ၅၄ ခြံမှ ကြက်ကောင်ရေ ၂၆၈၃၀ ကိုလည်း ဆက်လက်သုတ်သင်ရှင်းလင်းခဲ့သည်။

ထို့ပြင် ကြက်မွေးမြူရေးဇုန်အတွင်းနှင့် ဇုန်ပြင်ပတွင် ကြက်သေဆုံးမှု ရှိ/မရှိ စူးစမ်းထောက်လှမ်းခြင်း၊ စောင့်ကြည့်ခြင်း၊ ဖြစ်ပွားရာ ကြက်ခြံအနီးရှိ ကြက်ခြံများအား ပိုးသတ်ဆေးဖျန်းခြင်း၊ ဇီဝလုံခြုံမှု တိုးမြှင့်ဆောင်ရွက်ခြင်း၊ အသိပညာပေးခြင်းနှင့် ဇုန်အဝင်အထွက်များ ကြပ်မတ်ဆောင်ရွက်ခြင်းတို့ကို ဇုန်ကော်မတီနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် ရောဂါဆက်လက်မဖြစ်ပွားစေရန်အတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ သုတေသနနှင့် ရောဂါထိန်းချုပ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာဝင်းမြင့်နှင့် အဖွဲ့သည် ယခုလ ၈ ရက်မှစတင်၍ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းသုံး အထောက်အကူပြုပစ္စည်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ပြည်သူများသိရှိနိုင်ရန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲထွန်းဝင်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

**မေး ။ မုံရွာမြို့ ကြက်မွေးမြူရေးဇုန်မှာ ဖြစ်ပေါ်ခဲ့တဲ့ ပုံမှန်မဟုတ်တဲ့ ကြက်သေဆုံးမှုနဲ့ပတ်သက်ပြီး ဆောင်ရွက်မှုအခြေအနေကို ပြောပြပေးပါ။**

ဖြေ ။ ကျွန်တော်တို့ဌာနက သုတေသနနဲ့ ရောဂါထိန်းချုပ်ရေးဌာနခွဲက ဦးဆောင်ပြီး ပြီးခဲ့တဲ့ ဧပြီ ၅ ရက်က မုံရွာမြို့ကို သွားရောက်ခဲ့ပြီးတော့ ရောဂါစူးစမ်းထောက်လှမ်းရေးလုပ်ငန်းတွေကို အဲဒီဒေသကဌာနခွဲနဲ့ပူးပေါင်းပြီး ဆောင်ရွက်ခဲ့ပါတယ်။ ဒီကြက်ခြံတွေက ရောဂါနမူနာပစ္စည်းတွေကိုယူပြီး ရောဂါပိုးအတည်ပြုနိုင်ဖို့ ရန်ကုန်နဲ့ မန္တလေးက ရောဂါရှာဖွေရေးဓာတ်ခွဲခန်းတွေကို ဆက်လက်ပေးပို့ခဲ့ပါတယ်။ စစ်ဆေးမှုတွေအရ H 5 နဲ့ H9 ဗိုင်းရပ်စ်ပိုးမျိုးခွဲတွေ ဖြစ်တယ်လို့ သိရပြီးတော့ ရောဂါဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ဖို့၊ ရောဂါကူးစက်ပြန့်ပွားမှုမဖြစ်ပေါ်စေဖို့၊ ဇီဝလုံခြုံမှုပိုမိုမြှင့်တင်စေဖို့ ဆောင်ရွက်ခဲ့ပါတယ်။ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့နဲ့ ဒေသဆိုင်ရာ ရည်ညွှန်းကိုးကားဓာတ်ခွဲခန်းဖြစ်တဲ့ ဩစတြေးလျနိုင်ငံ (Geelong) ဂီလောင်းက တိရစ္ဆာန်ကျန်းမာရေး ဓာတ်ခွဲခန်းတွေဆီကိုလည်း ဗိုင်းရပ်စ်ရောဂါပိုးမျိုးခွဲ N နဲ့ပတ်သက်ပြီး အတည်ပြုနိုင်ဖို့ ပေးပို့ထားပါတယ်။

**မေး ။ ဗိုင်းရပ်စ်ရောဂါပိုးမျိုးခွဲ N နဲ့ပတ်သက်တဲ့ အဖြေကို ဘယ်အချိန်လောက်မှာ သိရှိနိုင်မလဲဆိုတာလည်း ရှင်းပြပေးပါ။**

ဖြေ ။ ပုံမှန်အရ ဓာတ်ခွဲခန်းတွေရဲ့အဖြေက တစ်ပတ်၊ ဆယ်ရက်ကြာတတ်ပါတယ်။ ရရှိတာနဲ့ ထုတ်ပြန်ဆောင်ရွက်ပေးသွားမှာပါ။

**မေး ။ ဒီကြက်ငှက်တုပ်ကွေးရောဂါနဲ့ ပြည်သူတွေရဲ့ ကျန်းမာရေးဆက်စပ်မှုကိုလည်း သိရှိလိုပါတယ်။**

ဖြေ ။ ဒီကြက်ငှက်တုပ်ကွေးရောဂါက တိရစ္ဆာန်ကနေလူကို ကူးစက်နိုင်ပြီးတော့ ကူးစက်မှုကလည်း မြန်တယ်။ လေထဲကနေတစ်ဆင့် လျင်မြန်စွာကူးစက်နိုင်တယ်။ တိရစ္ဆာန်ထက် လူကပိုအရေးကြီးတယ်။ ဒါကြောင့် လူတွေကို မကူးစက်နိုင်ဖို့ ရောဂါထိန်းချုပ်ရေးလုပ်ငန်းတွေကို လုပ်ဆောင်ရတာဖြစ်ပါတယ်။

ထိန်းချုပ်ရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါ အခြေခံမှုအဖြစ် ရောဂါဖြစ်ပွားတဲ့နေရာကို သီးသန့်ခွဲခြားကန့်သတ်တာ၊ သုတ်သင်ရှင်းလင်းတာ၊ ရောဂါဖြစ်ပွားမှုကြောင့် သေဆုံးတဲ့တိရစ္ဆာန် အသေတွေ၊ အစာတွေနဲ့ မစင်တွေကို စနစ်တကျ စွန့်ပစ်တာ၊ သန့်ရှင်းရေးလုပ်ငန်းတွေနဲ့ ပိုးသတ်ဆေးဖျန်းတာ၊ ရောဂါထိန်းချုပ်ရေးနယ်မြေတွေ သတ်မှတ်ပြီးတော့ ရွှေ့လျား/ရောင်းဝယ်မှုတွေ ကန့်သတ်တာတွေကို အရေးပေါ်ထိန်းချုပ်ရေးစီမံချက်အဖြစ် ရေးဆွဲဆောင်ရွက်ရပါတယ်။

**မေး ။ ဒီကြက်ငှက်တုပ်ကွေးနဲ့ပတ်သက်ပြီး ပြည်သူတွေစိုးရိမ်မှု ဖြစ်ပေါ်နေတဲ့အပေါ် ဘယ်လိုများ ပြောကြားချင်ပါလဲ။**



ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်း

ဖြေ ။ ကြက်ငှက်တုပ်ကွေးရောဂါပိုးနဲ့ပတ်သက်လို့ H တွေ N တွေရှိပါတယ်။ H က တစ်ကနေပြီး တစ်ဆယ့်ခြောက်အထိရှိတယ်။ N ဆို တစ်ကနေ ကိုးအထိရှိတယ်။ ဒီ H နဲ့ N နဲ့ပေါင်းပြီးတော့မှ ကြက်တွေရောဂါပိုးဖြစ်စေတယ်။ ဒီရောဂါပိုးကြောင့် စီးပွားဖြစ်မွေးမြူတဲ့ ကြက်တွေကို ပျက်စီးဆုံးရှုံးမှုများစေတယ်။ ဒါ့အပြင် လူတွေကိုလည်း ကူးစက်စေနိုင်တယ်။ မျိုးရိုးဗီဇတဖြည်းဖြည်း ပြောင်းလဲလာနိုင်တဲ့အတွက် ဒီရောဂါပိုးက ဖြစ်ရင် အရင်ဆုံးကာကွယ်ရှင်းလင်းရပါတယ်။

**မေး ။ မြန်မာနိုင်ငံမှာ ကြက်ငှက်တုပ်ကွေးနဲ့ ပတ်သက်ပြီး လူတွေ အသက်အန္တရာယ်ဖြစ်တဲ့အထိ ဖြစ်ပွားခဲ့ဖူးပါသလား။**

ဖြေ ။ မရှိခဲ့ဖူးပါ။ ဘာလို့လဲဆိုရင် ကျွန်တော်တို့နိုင်ငံက အသားငါးတွေကို ကျက်အောင် ချက်စားကြတယ်။ ဒါက ရောဂါကို ကာကွယ်ပေးထားတဲ့ လူနေမှုစနစ် ဖြစ်ပါတယ်။ ဒီရောဂါပိုးက စနစ်တကျကြပ်မတ်ကိုင်တွယ်ဖြေရှင်းမယ်ဆိုရင် အထူးစိုးရိမ်စရာ မရှိဘူး။ လတ်တလောတော့ ဖြစ်ပွားရာဒေသတွေမှာ ကြက်သားနဲ့ ကြက်ဥစားသုံးမှုကို ခေတ္တရှောင်ကြဉ်သင့်ပါတယ်။ ဒီဒေသတွေကထွက်တဲ့ ကြက်သားနဲ့ ကြက်ဥတွေကိုလည်း ကျွန်တော်တို့ဌာနတွေက စစ်ဆေးပေးပါတယ်။ ကျန်းမာရေးအတွက် စိတ်ချရမှ အပြင်မှာရောင်းချစားသုံးခွင့်ပြုပါတယ်။

**မေး ။ တခြားဖြည့်စွက်ပြီး ရှင်းပြချင်တာရှိရင်လည်း ပြောကြားပေးပါ။**

ဖြေ ။ အထူးသဖြင့် ကြက်မွေးမြူရေးလုပ်ငန်းတွေကို စည်းကမ်းတကျ စနစ်တကျလုပ်မယ်ဆိုရင် ကြက်ငှက်တုပ်ကွေးက အခုလောက် ဖြစ်မှာမဟုတ်ဘူး။ ပိုပြီးလည်း ဖွံ့ဖြိုးတိုးတက်အောင်မြင်မှာပါ။ အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

ကြက်ငှက်တုပ်ကွေးရောဂါသည် ၂၀၀၆ ခုနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြည်ကြီးတံခွန်၊ အမရပူရ၊ စဉ့်ကိုင်၊ ကျောက်ဆည်မြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရွှေဘို၊ ခင်ဦး၊ ရေဦး၊ ကန့်ဘလူနှင့် မုံရွာမြို့နယ်များတွင် စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

၂၀၀၇ ခုနှစ်ကလည်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မရမ်းကုန်း၊ မင်္ဂလာဒုံ၊ လှိုင်သာယာ၊ မှော်ဘီ၊ မြောက်ဥက္ကလာပမြို့နယ်များတွင် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပဲခူး၊ သနပ်ပင်နှင့် လက်ပံတန်းမြို့နယ်များတွင် လည်းကောင်း၊ မွန်ပြည်နယ်အတွင်းရှိ သံဖြူဇရပ်မြို့နယ်နှင့် ရှမ်းပြည်နယ်အတွင်းရှိ ကျိုင်းတုံနှင့် မိုင်းဖြတ်မြို့နယ်များတွင် လည်းကောင်း ဖြစ်ပွားခဲ့ဖူးပြီး ရှမ်းပြည်နယ်တွင် လူတစ်ဦး ကူးစက်မှုရရှိခဲ့သော်လည်း သေဆုံးမှုမရှိခဲ့ပေ။

ထို့ပြင် ၂၀၁၀ ပြည့်ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မရမ်းကုန်းနှင့် မင်္ဂလာဒုံမြို့နယ်များတွင်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ယင်းမာပင်မြို့နယ်၌ လည်းကောင်း၊ ၂၀၁၁ ခုနှစ်တွင် ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေမြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တန့်ဆည်၊ ဒီပဲယင်းနှင့် ရေဦးမြို့နယ်များတွင်လည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ချောင်းဦးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တောင်ငူမြို့နယ်၌ လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မုံရွာမြို့နယ်တွင်လည်းကောင်း ဖြစ်ပွားခဲ့ရာ မှတ်တမ်းများအရ မုံရွာမြို့နယ်တွင် ဖြစ်ပွားမှုမှာ သုံးကြိမ်ရှိခဲ့ပြီဖြစ်သည်။

အဆိုပါ မုံရွာမြို့ ကြက်မွေးမြူရေးဇုန်တွင် ဖြစ်ပွားခဲ့သော ကြက်ငှက်တုပ်ကွေး ရောဂါထိန်းချုပ်နိုင်ရန် ဆောင်ရွက်နေမှုနှင့် အခြားသော တိုင်းဒေသကြီး/ပြည်နယ်များရှိ ကြက်၊ ငှက်များတွင်သာမက လူများအထိ ကြက်၊ ငှက်တုပ်ကွေးရောဂါကူးစက်မှု မရှိစေရန်အတွက် လိုက်နာဆောင်ရွက်ရမည့် အချက်အလက်များကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဧပြီ ၂၀ ရက်တွင် ထုတ်ပြန်ကြေညာထားရှိသည်။

# မန္တလေးတိုင်းဒေသကြီးအတွင်း ကြက်ငှက်တုပ်ကွေးရောဂါကူးစက်မှုမရှိစေရန် အဓိကဝင်ပေါက်နေရာများကို စစ်ဆေးသွားမည်

**မန္တလေး ဧပြီ ၂၁**

မန္တလေးတိုင်းဒေသကြီး အတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်မှုမရှိစေရန်အတွက် ဗဟိုအဆင့် ပူးပေါင်းအဖွဲ့ဖြင့် အဓိကဝင်ပေါက်နေရာများကို သတ်မှတ်၍ ရောဂါကြိုတင်ကာကွယ်မှုလုပ်ငန်းများကို စစ်ဆေးမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။



မန္တလေးတိုင်းဒေသကြီးအတွင်း ကြက်ငှက်တုပ်ကွေးရောဂါကူးစက်မှုမရှိစေရန်အတွက် မန္တလေးနှင့် စစ်ကိုင်းမြို့ကို ဆက်သွယ်ထားသည့် ဧရာဝတီတံတား(ရတနာပုံ)နှင့် ရွှေဘိုမြို့နှင့် စဉ့်ကူးမြို့တို့ကို ဆက်သွယ်ထားသည့် ရတနာသိယ်တံတားနှစ်စင်းတို့၌ ကြက်များဝင်ရောက်မှုအားစစ်ဆေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာ ရန်နိုင်စိုးက ပြောသည်။

"ဒီလို စစ်ဆေးနိုင်အောင် သက်ဆိုင်ရာဌာနတွေ ပူးပေါင်းပြီး ဗဟိုအဆင့်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဆိုပြီး အဆင့်ဆင့်ဖွဲ့စည်းပြီးတော့ အခုရက်ပိုင်းအတွင်း ဆောင်ရွက်သွားမှာပါ။ အဓိကအနေနဲ့ မန္တလေးကို ဝင်လာတဲ့ကြက်တွေရဲ့ ခြံမှတ်ပုံတင်လက်မှတ်နဲ့ ကျန်းမာကြောင်းထောက်ခံစာပါ/မပါကို စစ်ဆေးသွားမှာပါ။ အခုဖြစ်ပွားနေတာက ကြက်အချင်းချင်း ဖြစ်တဲ့ရောဂါပါ။ ကျွန်တော်တို့ ကြောက်ရမှာက H7N9 လို့ ခေါ်တဲ့ ကြက်ကနေလူကို ကူးစက်စေတဲ့ရောဂါးပိုးပါပဲ" ဟု ၎င်းက ဆိုသည်။ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ကြက်၊ ငုံးမွေးမြူရေး အထူးဇုန်တွင် ဧပြီ ၃ ရက်မှစတင်က ကြက်ခြံများတွင်ကြက်များ သေဆုံးမှုဖြစ်ပွားခဲ့ရာ ရောဂါပိုးအတိအကျသိရှိနိုင်စေရန် ဓာတ်ခွဲ စစ်ဆေးမှုများ အဆင့်ဆင့်လုပ်ဆောင်လျက်ရှိသည်။

"အခုမုံရွာမှာ ဖြစ်ပေါ်နေတဲ့ ကြက်ငှက်တုပ်ကွေးရောဂါက ပြင်းထန်လား၊ ပျော့လားဆိုတာ သေချာမပြောနိုင်သေးဘူး။ ဓာတ်ခွဲစစ်ဆေးတဲ့အခါမှာ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်တယ်ဆိုတာ သိရတယ်။ အဓိကကတော့ ကြက်အချင်းချင်းကူးစက်တဲ့ရောဂါဖြစ်ပါတယ်။ ရောဂါပိုးမျိုးကွဲအမည်သိရှိစေဖို့ စဉ့်ကိုင်နဲ့ ရန်ကုန်မှာရှိတဲ့ ဓာတ်ခွဲခန်းတွေမှာ စစ်ဆေးပြီးတဲ့အပြင် ပိုပြီးသေချာအောင်လို့ ဩစတေးလျနိုင်ငံမှာရှိတဲ့ Geelong တိရစ္ဆာန်ကျန်းမာရေးဓာတ်ခွဲခန်းမှာ စစ်ဆေးဖို့ နမူနာပေးပို့ထားပါတယ်။ အဲဒီရဲ့ စစ်ဆေးချက်ရမှ ရောဂါပိုးရဲ့ အမည်ကို အတိအကျဖော်ပြပေးနိုင်မှာပါ"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ယင်းဖြစ်စဉ်ကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကြက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသူများအနေဖြင့် ၎င်းတို့၏ ကြက်ခြံများတွင် ကြက်ငှက်တုပ်ကွေးရောဂါကူးစက်မှုမရှိစေရန် ကြိုတင်ကာကွယ်မှုလုပ်ငန်းများ ဆောင်ရွက်ထားကြောင်း မန္တလေးတိုင်းဒေသကြီးအတွင်း ကြက်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ တိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ကျော်လွင်က ပြောသည်။

"ကြက်ခြံတွေမှာ ကြိုတင်ကာကွယ်မှုအနေနဲ့ ဇီဝဗေဒနည်းအရ ထိရောက်တဲ့လုပ်ဆောင်မှုကကြက်ခြံပတ်လည်ကို ထုံးဖြူးမယ်။ ပိုးသတ်ဆေးဖျန်းပေးမယ်။ ငှက်တွေကို ခြောက်လှန့်မယ် ဒါတွေပါပဲ။ အဓိကလုပ်ဆောင်ရမှာက ပြည်ပက ဝင်ရောက်လာတဲ့ အေးခဲကြက်သားတွေကို ပပျောက်သွားအောင် တားဆီးပေးဖို့နဲ့ ဈေးကွက်တွေမှာ ရောင်းချနေတဲ့ ပိုးသတ်ဆေးတွေက ကြက်ခြံတွေအတွက်အရည်အသွေးပြည့်မီတဲ့ ပိုးသတ်ဆေးတွေ ဖြစ်ဖို့လိုအပ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

လက်ရှိအခြေအနေတွင် မန္တလေး ကြက်သားရောင်းဝယ်ရေးဈေးကွက်အနေဖြင့် အပူရှိန်မြင့်မားမှုကြောင့် အသားတိုးကြက်များ သေဆုံးမှုများပြားနေပြီး ကြက်သားထုတ်လုပ်မှု လျော့နည်းလျက်ရှိသဖြင့် ဈေးနှုန်းမှာ မြင့်တက်လျက်ရှိကြောင်း၊ ခြံဖမ်းဈေး တစ်ပိဿာလျှင် ငွေကျပ် ၄၃၀၀ ဈေးရှိနေကြောင်း၊ ဈေးများတွင် ကြက်သားတစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ မှ ၆၅၀၀ ဈေးအထိရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဗိုလ်ချုပ်အောင်ဆန်းနှင့် ကျောင်းသားသမဂ္ဂ

**လင်းအေး**

ဗိုလ်ချုပ်အောင်ဆန်း တက္ကသိုလ်ကျောင်းသားဘဝက ရန်ကုန်တက္ကသိုလ်ကျောင်းသားများ သမဂ္ဂ (တကသ)အမှုဆောင်၊ သမဂ္ဂဥက္ကဋ္ဌ၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ(ဗကသ) ဥက္ကဋ္ဌတာဝန်များယူ၍ ကျောင်းသားနိုင်ငံရေး လှုပ်ရှားမှုများတွင် ပါဝင်ခဲ့သည်။



ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ(၁၉၃၆)ကို တွေ့ရစဉ် Photo-Wikipedia

ကျောင်းသား ခေါင်းဆောင် ကိုအောင်ဆန်း၏ ကျောင်းသားအရေးဆောင်ရွက်ချက်များတွင် အင်္ဂလိပ်အစိုးရ၏ ပညာရေးစနစ်ကို ဝေဖန်ခြင်း၊ ရန်ကုန်တက္ကသိုလ် အက်ဥပဒေပြင်ဆင်ပေးရန်ကိစ္စကို ကြိုးစားခဲ့ခြင်းတို့မှာ အလွန်ထင်ရှားသည်။ ထိုသို့ ကျောင်းသားသမဂ္ဂ ခေါင်းဆောင်တစ်ဦးအနေဖြင့် ကျောင်းသားအရေးကိစ္စများ၊ ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေးကိစ္စများကို အုပ်ချုပ်သူအစိုးရအာဏာပိုင်များနှင့် ရင်ဆိုင်အရေးဆိုခဲ့သလို စစ်ကြီးအပြီး မိမိကိုယ်တိုင် ဘုရင်ခံ၏ အမှုဆောင်ကောင်စီ၊ အစိုးရအဖွဲ့၏ ခေါင်းဆောင်အဖြစ် တာဝန်ယူရသည့်အခါ ထိုအချိန်က ကျောင်းသားသမဂ္ဂ ခေါင်းဆောင်များနှင့် တွေ့ဆုံ၍ ကျောင်းသားအရေးကိစ္စများကို ဖြေရှင်းပေးခဲ့ရခြင်းမျိုးလည်းရှိသည်။ ကိုယ်တိုင်တောင်းဆို တိုက်ပွဲဝင်ခဲ့သည့် လုပ်ဆောင်မှုနှင့် မိမိထံလာရောက်တောင်းဆိုသည်များကို ကိုယ်က လူကြီးနေရာမှ ဖြေရှင်းပေးခဲ့သည်။ ဆောင်ရွက်ချက်နှစ်ရပ်လုံး စိတ်ဝင်စားဖွယ်ကောင်းသော လုပ်ဆောင်ချက်များ ဖြစ်သည်။

ရန်ကုန်တက္ကသိုလ်အက်ဥပဒေသည် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် စတင်အာဏာတည်သည်။ ဥပဒေမူကြမ်းအစကတည်းက တစ်ပြည်လုံးရှိ ကျောင်းသားများ၊ ဝိုင်အမ်ဘီအေစသောအဖွဲ့အစည်းများ၊ သတင်းစာများက ဝိုင်းဝန်းကန့်ကွက်နေသည့်ကြားမှ အတည်ပြု ပြဋ္ဌာန်းလိုက်ခြင်းဖြစ်သည်။ ကျောင်းသားများက တက္ကသိုလ်ဥပဒေပြင်ပေးရန် တောင်းဆိုရာမှ ၁၉၂၀ ပြည့်နှစ် ပထမ ကျောင်းသားသပိတ် ပေါ်ပေါက်ခဲ့သည်။ ၁၉၂၀ မှ ၁၉၃၆ ခုနှစ်အတွင်း အစိုးရက ၁၉၂၄ ခုနှစ်တွင် တစ်ကြိမ်သာ ပြင်ဆင်ပေးခဲ့ဖူးသည်။ ယင်းသို့ ပြင်ဆင်ပေးခဲ့သော်လည်း ကျောင်းသားများ တောင်းဆိုသည့် အချက်များ အပြည့်အဝမရခဲ့ပေ။ ကိုနုနှင့် ကိုအောင်ဆန်းကို အကြောင်းပြု၍ ပေါ်ပေါက်ခဲ့သော ၁၉၃၆ ခုနှစ် ဒုတိယကျောင်းသားသပိတ်တွင်လည်း တက္ကသိုလ်ဥပဒေပြင်ဆင်ပေးရေးကို သပိတ်မှောက်ကျောင်းသားများက ထပ်မံတောင်းဆိုခဲ့ကြပြန်သည်။ ကျောင်းသားသပိတ်ကာလအတွင်း အစိုးရက သပိတ်မှောက်သည့်ကိစ္စနှင့်ပတ်သက်၍ စုံစမ်းရေးကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌအဖြစ် တရားရေးဝန်ကြီး ဆာမြဘူးကို ခန့်ထားသည်။ ဆာမြဘူးခေါင်းဆောင်သော မြဘူးကော်မတီ (တက္ကသိုလ်အက်ဥပဒေပြင်ဆင်ရေးကော်မတီ) ၏ အစီရင်ခံစာမှာ ၁၉၃၇ ခုနှစ် မေလဆန်းတွင်ထွက်ပေါ်လာသည်။ မြဘူးအစီရင်ခံစာကို ဒုတိယအကြိမ် ဗကသညီလာခံတွင် ဆွေးနွေးကြပြီး တက္ကသိုလ် ဥပဒေပြင်ဆင်ရေးကို အလျင်အမြန်ဆောင်ရွက်ရန် ဆုံးဖြတ်ချက်ချမှတ်၍ တက္ကသိုလ်အက်ဥပဒေပြင်ဆင်ရေး ကော်မတီကို ဖွဲ့စည်းသည်။ အဖွဲ့ဝင်ခုနစ်ဦးနှင့် ဖွဲ့စည်းထားသောကော်မတီတွင် ကိုအောင်ဆန်းသည် အဖွဲ့ဝင် (ဆော်ဩသူ)အဖြစ် ပါဝင်သည်။ ကိုအောင်ဆန်းတို့ ကော်မတီက မြဘူးအစီရင်ခံစာအပေါ် ပြင်ဆင်ဖြည့်စွက်ချက် အစီရင်ခံစာကို ပညာရေးဝန်ကြီးထံ ပေးပို့ခဲ့သည်။ ကိုအောင်ဆန်းတို့ သမဂ္ဂခေါင်းဆောင်များသည် နန်းရင်းဝန်ဒေါက်တာဘမော်နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြပြီးနောက် ဒေါက်တာဘမော်က တက္ကသိုလ်ဥပဒေ ပြင်ဆင်ပေးရန် သဘောတူခဲ့သည်။ တက္ကသိုလ်ဥပဒေကြမ်းကို ၁၉၃၈ ခုနှစ် စက်တင်ဘာလတွင် လွှတ်တော်၌တင်သွင်းရန် စီစဉ်ထားသည်။ သို့သော် ကိုအောင်ဆန်းနှင့် ကျောင်းသားသမဂ္ဂအမှုဆောင်များ (ကိုဗဟိန်း၊ ကိုလှရွှေ၊ ကိုသိန်းအောင် စသူတို့)သည် မည်သူမျှမမျှော်လင့်သော လုပ်ရပ်တစ်ခုကို လုပ်လိုက်သည်။ ထိုလုပ်ရပ်မှာ တက္ကသိုလ်ဥပဒေကြမ်းကို ကန့်ကွက်ရန်(ပယ်ချရန်) လှုံ့ဆော်ခြင်း၊ ဥပဒေကြမ်းကို အလိုမရှိကြောင်း ဝိုင်းဝန်းကန့်ကွက်ကြရန် ရေးသားပုံနှိပ်ထားသော စာရွက်များကို ဥပဒေပြုလွှတ်တော်အတွင်း လိုက်လံဝေငှခြင်းဖြစ်သည်။ နှစ်ပေါင်းများစွာ ကြိုးစားလာခဲ့သော တက္ကသိုလ်ဥပဒေပြင်ဆင်ရေးကိစ္စ အောင်မြင်အထမြောက်ခါနီးကျမှ ကိုအောင်ဆန်းတို့က ဥပဒေကြမ်းကို အလိုမရှိကြောင်း ကန့်ကွက်လိုက်ကြသောအခါ ကျောင်းသားထုကြားတွင် လည်းကောင်း၊ လူထုကြားတွင် လည်းကောင်း အကြီးအကျယ် ဂယက်ရိုက်သွားသည်။ ကိုအောင်ဆန်းတို့ လုပ်ရပ်ကို ပြည်သူလူထုက နားမလည်နိုင်ကြ။ ကျောင်းသားများက အကြီးအကျယ် မကျေမနပ်ဖြစ်ကြသည်။ စိတ်ဆိုးသွားသော ကျောင်းသားများက အရေးပေါ်သင်းလုံးကျွတ် အစည်းအဝေးခေါ်ယူ၍ ကိုအောင်ဆန်း၊ ကိုဗဟိန်း၊ ကိုလှရွှေတို့ခေါင်းဆောင်သော သမဂ္ဂအလုပ်အမှုဆောင်အဖွဲ့ကို အယုံအကြည်မရှိ အဆိုတင်သွင်းရန်၊ ကိုအောင်ဆန်းအား ဥက္ကဋ္ဌအဖြစ်မှ ဖြုတ်ချရန်ဆုံးဖြတ်ကြသည်။

ကိုအောင်ဆန်းသည် “မြဘူးအက်ဥပဒေပြင်ဆင်ရေးကို အဘယ်ကြောင့် စွန့်ပယ်ရသလဲ”အမည်ဖြင့် ကြေညာချက်တစ်စောင်ကို သူရိယသတင်းစာတွင် ထည့်သွင်း၍ထုတ်ပြန်သည်။ ကျောင်းသားများ၏ အရေးပေါ် သင်းလုံးကျွတ်အစည်းအဝေးတွင်လည်း ကျောင်းသားထုကို ရှင်းလင်းတင်ပြသည်။ ကိုအောင်ဆန်းက အဓိကအချက်နှစ်ချက်ကို ရှင်းလင်းတင်ပြသည်။ ပထမအချက်မှာ ဥပဒေကြမ်းကို မိမိတို့ကျောင်းသားများက မကန့်ကွက်ခြင်းကြောင့် ဥပဒေကြမ်းအတည်ဖြစ်သွားလျှင် လက်ရှိညွန့်ပေါင်းအစိုးရကို ကြည်ညိုသည်ဟု ပြရာရောက်မည်။ ဥပဒေကြမ်းကို ကန့်ကွက်သည့်ကြားမှ ဒေါက်တာဘမော်အစိုးရက ဇွတ်အတင်းတင်လျှင် အစိုးရပြုတ်ကျသွားနိုင်သည်။ ဒုတိယအချက်မှာ တိုင်းပြည်၏ အကျိုးနှင့်စာလျှင် အသေးအဖွဲမျှသာဖြစ်သော ကျောင်းသားများ၏ အကျိုးသက်သက်မျှသာ ဖြစ်ထွန်းစေမည်ဖြစ်သော တက္ကသိုလ်ဥပဒေကြမ်းကိုရှေးရှုနေပါက တိုင်းပြည်အား မိမိတို့ (ကျောင်းသားများ) ကပါ အားပေးနှိပ်စက်နေသလို ဖြစ်မည်ဟူ၍ဖြစ်သည်။ ဗကသအတွင်းရေးမှူး ကိုဗဟိန်းကလည်း ကြေညာချက်ထုတ်ပြန်ရာ ကြေညာချက်တွင် “ငါတို့ ဥပဒေကြမ်းဖြင့် အသားယူကာ ဗမာဆင်းရဲသားများကို လည်မျိုညှစ်ရန်ကြံနေသော ညွန့်ပေါင်းအစိုးရဘက်ကို လိုက်မည်လား(ဝါ) ညွန့်ပေါင်းအစိုးရ ကလိမ်ဉာဏ်နှင့် ပေးအပ်သော ဥပဒေကြမ်းကို ငြင်းဆန်ပယ်ချမည်လော---- တိုင်းပြည်ဆင်းရဲသားများကို ငဲ့သဖြင့်သာ ဥပဒေကြမ်းကို အချိန်အနည်းငယ် ရွှေ့ဆိုင်းလိုက်ရ၏”ဟု ထုတ်ပြန်ရှင်းပြခဲ့သည်။ ကိုဗဟိန်း၏ “ကျောင်းသားများအရေးတော်ပုံ” စာအုပ်တွင်လည်း ရန်ကုန်တက္ကသိုလ်ဥပဒေကြမ်းကို ကြိုးပမ်းရခြင်း၏ အဓိကရည်ရွယ်ချက်ကြီးတစ်ချက်မှာ လယ်သမားများ အသက်ရှူချောင်ခွင့်ရစေမည့် လယ်သီးစားဥပဒေကြမ်းနှင့် လယ်မလုပ်သူ လယ်မပိုင်နိုင်ခွင့် ဥပဒေကြမ်းများကို အတည်မပြုသဖြင့် မိမိတို့ တက္ကသိုလ်ဥပဒေကြမ်းကို အလိုမရှိဟူသော အချက်ဖြစ်ကြောင်း ရှင်းလင်းခဲ့သည်။ အရေးပေါ်သင်းလုံးကျွတ်အစည်းအဝေးတွင် မဲခွဲရာ၌ မူလက သမဂ္ဂအမှုဆောင်အဖွဲ့အပေါ် အမြင်မကြည်ဖြစ်နေသော ကျောင်းသားထုသည် ကိုအောင်ဆန်းတို့ဘက်သို့ပါလာပြီး အယုံအကြည်မရှိအဆိုမှာ ၁၀ မဲ၊ မဲ ၈၀၀ ကျော်ဖြင့် ရှုံးသွားခဲ့သည်။

**ဗိုလ်ချုပ်ဆောင်ဆန်းတို့ ခေတ်အချိန်က ကျောင်းသား ခေါင်းဆောင်များသည် အမြင်ကျယ်သည်။ မိမိတို့ကျောင်းသား ကိစ္စ သက်သက်ကိုသာ ဦးတည်စဉ်းစားခြင်း မျိုးမဟုတ်ဘဲ တစ်တိုင်း တစ်ပြည်လုံးရှိ ပြည်သူများ၏ အရေးကိစ္စများကိုပါ ထည့်သွင်းစဉ်းစားသည်။ အခြေအနေအရပ်ရပ်ကို ခြုံငုံတွက်ဆတတ်သည်။**

ဗိုလ်ချုပ်ဆောင်ဆန်းတို့ ခေတ်အချိန်က ကျောင်းသားခေါင်းဆောင်များသည် အမြင်ကျယ်သည်။ မိမိတို့ကျောင်းသားကိစ္စ သက်သက်ကိုသာ ဦးတည်စဉ်းစားခြင်းမျိုးမဟုတ်ဘဲ တစ်တိုင်းတစ်ပြည်လုံးရှိ ပြည်သူများ၏ အရေးကိစ္စများကိုပါ ထည့်သွင်းစဉ်းစားသည်။ အခြေအနေအရပ်ရပ်ကို ခြုံငုံတွက်ဆတတ်သည်။ သပိတ်မှောက်ခြင်းနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းတွင် သဘောထားနှစ်မျိုးရှိသည်။ ပထမတစ်မျိုးမှာ သပိတ်မှောက်ရန် လိုအပ်ပါက မှောက်လိုက်သည်ဟူသော သဘောထားဖြစ်၏။ ပုသိမ်မြို့၌ကျင်းပသော တတိယအကြိမ် ကျောင်းသားညီလာခံ မိန့်ခွန်းတွင် ဗကသဥက္ကဋ္ဌ ကိုအောင်ဆန်းက အောက်ပါအတိုင်း ပြောခဲ့သည်။ “သပိတ်မှောက်သည် ဆိုသည်မှာ ကလေးကစားစရာမဟုတ် ကျွန်ုပ်သဘောတူ၏၊ သို့သော် မိမိကိုယ်ကိုယ်ကာကွယ်ရန် လူသတ်မှုပင် လွတ်နိုင်သည်ဟု ဥပဒေကဆိုထားပါလျက် ငါတို့၏ လိုလားချက်၊ နစ်နာချက်များအား တရားနည်းလမ်းရှိသမျှ လိုက်၍မရလျှင် သပိတ် အဘယ်ကြောင့် မမှောက်ထိုက်အံ့နည်း၊ မှောက်ထိုက်သည်သာ”၊ ဒုတိယသဘောထားမှာ သပိတ်လက်နက်ကို အလေးအနက်ထားရန်၊ သပိတ်ကို အပေါစားအဖြစ်မခံရန်ဟူသော သဘောထားဖြစ်သည်။ (ထစ်ခနဲရှိ သပိတ်မှောက်ချင်သူများကို သတိပေးလိုခြင်းဖြစ်ပါလိမ့်မည်။) ၁၉၃၇-၃၈ ခုနှစ်တွင် နယ် အထက်တန်းကျောင်းမှ သပိတ်ခေါင်းဆောင်များ ကောလိပ်သို့ရောက်ရှိလာသည်။ လူသစ်များ စုပေါင်း၍ သပိတ်မှောက်ရန် သမဂ္ဂအစည်းအဝေးတွင် အဆိုတင်သွင်းကြသည်။ တက္ကသိုလ်ကျောင်းသား သပိတ်ခေါင်းဆောင်များမှာမူ တိုင်းသူပြည်သားများ၏ ငွေကြေးအခက်အခဲ မည်မျှကျပ်တည်းစွာနှင့် မှောက်ခဲ့ရကြောင်းကို သိကြသည်။ ထို့ကြောင့် သပိတ်လက်နက်ကို အလေးအနက်ထားသူ ကိုအောင်ဆန်း အပါအဝင် ခေါင်းဆောင်များနှင့် မသိနားမလည်သူ ကျောင်းသားသစ်များ ပဋိပက္ခဖြစ်ကြသည်။ (ဗိုလ်ခင်မောင်ကလေး၏ ပြောပြချက်-သမိုင်းသုတေသနဌာနမှပြုစုသော ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိစာမူ)၊ ကိုအောင်ဆန်းသည် ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂ အမှုဆောင်နှင့် ဗကသဥက္ကဋ္ဌဖြစ်သည့်အားလျော်စွာ အဆိုပါ သပိတ်မှောက်ရေးဆွေးနွေးပွဲ၌ သပိတ်မှောက်ရန်အကြောင်း မလုံလောက်ကြောင်း၊ သပိတ်ကို အပေါစားအဖြစ်မခံနိုင်ကြောင်း ပြောသည်။

ဤသည်မှာ သပိတ်မှောက်ခြင်းနှင့်ပတ်သက်သည့် ဗိုလ်ချုပ်၏ သဘောထားဖြစ်သည်။ သပိတ်မှောက်နေရာမှ သပိတ်ကို ရပ်စဲလိုက်ခြင်း (သပိတ်လှန်ခြင်း)နှင့်ပတ်သက်သော ဗိုလ်ချုပ်၏သဘောထား၊ ထိုအချိန်ကာလက ကျောင်းသားခေါင်းဆောင်များ၏ သဘောထားလည်း ရှိပါသေးသည်။ ရေနံမြေအလုပ်သမားများနှင့် တောင်သူလယ်သမားများ မိုင် ၄၀၀ ကျော် ချောက်ရေနံမြေမှ ရန်ကုန်မြို့သို့ ချီတက်ဆန္ဒပြကြသော ၁၃၀၀ ပြည့် အရေးတော်ပုံသပိတ်တိုက်ပွဲအပြီးတွင် ရန်ကုန်တက္ကသိုလ် ကျောင်းသားများနှင့် ရန်ကုန်မြို့ပေါ်ရှိ အထက်တန်းကျောင်းသားများ၊ အရပ်ရပ်မြို့နယ်များမှ ကျောင်းသားများသည်လည်း အလုပ်သမား၊ လယ်သမားများကို အားပေးသည့်အနေဖြင့် လည်းကောင်း၊ မိမိတို့လိုလားသည့်အချက်များကို တောင်းဆိုရန်အတွက် လည်းကောင်း သပိတ်မှောက်ကြသည်။ ထိုအချိန်တွင် ဗိုလ်ချုပ်အောင်ဆန်း ကျောင်းတွင်မရှိတော့၊ ဒို့ဗမာအစည်းအရုံး၏ သခင်အဖြစ် နိုင်ငံရေးကို ဇောက်ချလုပ်နေပြီဖြစ်သည်။ ကျောင်းသားသပိတ်ကို ကိုဗဟိန်း၊ ကိုလှရွှေ၊ ကိုသိန်းအောင် စသည့် သမဂ္ဂဥက္ကဋ္ဌနှင့် အမှုဆောင်များက ခေါင်းဆောင်ကြသည်။ ကျောင်းသားများ သပိတ်မှောက်နေရာမှ ရပ်သင့်ရပ်ထိုက်သည့် အချိန်တစ်ချိန်၊ အခြေအနေတစ်ရပ်တွင် သပိတ်ကိုရပ်လိုက်သည်။ ကျောင်းသားများသပိတ်လှန်ရန် ကိုလှရွှေက ညွှန်ကြားထုတ်ပြန်လိုက်သည်။ (ထိုစဉ်က သမဂ္ဂဥက္ကဋ္ဌ ကိုဗဟိန်း အင်းစိန်ထောင်တွင်ကျခံနေရသည်)။ သပိတ်ဆက်မှောက်လိုသော ကျောင်းသားများနှင့် ကိုလှရွှေတို့ အချေအတင်ဖြစ်ကြသည်။ ကိုဗဟိန်းထောင်မှ လွတ်လာသည့်အခါတွင် ကျောင်းသားလွှတ်တော် (ဗကသညီလာခံ) ခေါ်၍ အဘယ်ကြောင့် သပိတ်လှန်သင့်ကြောင်း (သပိတ်လှန်တာမှန်ကြောင်း) ကိုဗဟိန်းနှင့် ကိုလှရွှေတို့က ရှင်းပြကြသည်။ မဲခွဲသည့်အခါ ၁၇ မဲ၊ ၂၃ မဲဖြင့် သပိတ်လှန်ရန်ဘက်မှ အနိုင်ရသည်။ ထိုကိစ္စတွင် ကျောင်းသားမဟုတ်သော ကိုနု၊ ကိုသိန်းဖေ၊ ကိုအောင်ဆန်းတို့သုံးဦးကို အချို့သတင်းစာများ (သပိတ်မှောက်ရန်ဘက်မှ ထောက်ခံသော သတင်းစာများ)က ရှုတ်ချရေးသားကြသည်။ “ပူးသတ်သော သူလျှိုများ”ဟု စွပ်စွဲခြင်းကို ခံရသည်။

တိုက်ပွဲတစ်ခု တိုက်ရာတွင် အပြီးအပြတ် သူနိုင်ကိုယ်နိုင်တိုက်ရသော တိုက်ပွဲမျိုးရှိသလို အကန့်အသတ်နှင့်တိုက်ရသော တိုက်ပွဲမျိုးလည်းရှိသည်။ “အကန့်အသတ်” ဟု

စာမျက်နှာ ၇ သို့

*စာမျက်နှာ ၆ မှ*

ဆိုရာ၌ "ထိုးမည့်ဆင် နောက်တစ်လှမ်းဆုတ်" ဆိုသကဲ့သို့ တိုက်ပွဲကို အရှိန်သတ်၍ ရနိုင်သမျှ ရအောင်ယူပြီး တိုက်ပွဲကိုရပ်လိုက်ရခြင်းမျိုးဖြစ်သည်။ ကျောင်းသားသပိတ်တိုက်ပွဲဆိုသည်မှာ လက်နက်ကိုင်တိုက်ပွဲမဟုတ်သဖြင့် တစ်ဖက် (အာဏာပိုင်များ)နှင့် စေ့စပ်ဆွေးနွေးခြင်း၊ မိမိအင်အားကို ပြန်လည်စုစည်းခြင်း၊ ဉာဏ်အမြော်အမြင်နှင့် ဆင်ခြင်ချိန်ဆခြင်းများ ရှိဖို့လိုသည်။ ဗိုလ်ချုပ်အောင်ဆန်း လိုခေါင်းဆောင်တွင် ထိုအရည်အချင်း အပြည့်ရှိသည်။ ကျောင်းသားဘဝတွင် ဖြစ်စေ၊ ဖဆပလဥက္ကဋ္ဌအစ အင်္ဂလိပ်အစိုးရနှင့် ပြောဆိုဆွေးနွေးပွဲများတွင်ဖြစ်စေ၊ ဗိုလ်ချုပ် ဉာဏ်အမြော်အမြင်၊ ဆင်ခြင်ချိန်ဆ၍ လုပ်ကိုင်တတ်ခြင်းမျိုးကို ကောင်းစွာ တွေ့ရမည်ဖြစ်သည်။

စစ်အပြီး ဗိုလ်ချုပ်အောင်ဆန်း ဘုရင်ခံ၏အမှုဆောင်ကောင်စီတွင် ဒုတိယသဘာပတိနှင့် အစိုးရအဖွဲ့ ခေါင်းဆောင်အဖြစ် တာဝန်ယူလိုက်သောအခါ ပြဿနာပေါင်းစုံကို ကိုင်တွယ် ဖြေရှင်းရသည်။ ထိုပြဿနာပေါင်းစုံတွင် ကျောင်းသားအရေးကိစ္စများ၊ ကျောင်းသားပြဿနာများလည်းပါဝင်သည်။ စစ်ပြီးသည့်အခါ ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂ၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂတို့ကို ပြန်လည်ဖွဲ့စည်းသည်။ ၁၉၄၅-၄၆ တကသ အမှုဆောင်အဖွဲ့တွင် ကိုသန်းက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ကိုစိန်မြမောင်က အတွင်းရေးမှူးအဖြစ်ဆောင်ရွက်သည်။ ထိုအချိန်က ဖဆပလနှင့် ကွန်မြူနစ်ပါတီ မကွဲသေးသဖြင့် ကျောင်းသားထုတွင် ညီညွတ်ရေးလည်း ပြိုကွဲခြင်း မရှိသေးပေ။ ၁၉၄၆-၁၉၄၇ တကသ အမှုဆောင်ရွေးကောက်ပွဲပြီးသည့် ကာလတွင်မူ ဖဆပလနှင့် ကွန်မြူနစ်ပါတီကွဲသွားခဲ့ပြီး ဖြစ်လေရာ ကျောင်းသားထု အတွင်း၌လည်း ဖဆပလ ကျောင်းသား (ဆိုရှယ်လစ်ကျောင်းသား) နှင့် ကွန်မြူနစ်ကျောင်းသားများ အပြိုင်ဖြစ်လာသည်။ တကသတွင် ဦးသန်းမောင် (သူရိယ)ဥက္ကဋ္ဌဖြစ်လာပြီး ဗကသတွင် ကိုသန်းထွန်း (နောင်တွင် သမိုင်းပါမောက္ခဒေါက်တာသန်းထွန်း) ဥက္ကဋ္ဌဖြစ်လာသည်။ ထိုကဲ့သို့ ဆိုရှယ်လစ်ကျောင်းသားအုပ်စုနှင့် ဗကပကျောင်းသားအုပ်စု မညီမညွတ်ဖြစ်နေကြသည်။ ဗိုလ်ချုပ်အောင်ဆန်း ကြားသောအခါ နှစ်ဖက်လုံးမှ ကျောင်းသား ခေါင်းဆောင်များကို သူ့အိမ်သို့ခေါ်၍ စေ့စပ်ဖျန်ဖြေရန် ကြိုးစားသည်။ (ထိုအချိန်က ဘုရင်ခံ၏ ကြားဖြတ်အစိုးရတွင် ဖဆပလဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်း အစိုးရအဖွဲ့ဝင် ဝန်ကြီးအဖြစ် ဆောင်ရွက်နေပြီဖြစ်သည်။) ထိုအကြောင်းကို ဒေါက်တာသန်းထွန်းက သူ့ကိုယ်ရေးအတ္ထုပ္ပတ္တိ "ငါပြောချင်သမျှ ငါ့အကြောင်း" တွင် အောက်ပါအတိုင်း ပြန်ပြောင်းရေးသားခဲ့ပါသည်။ "ကျောင်းသားတွေကို ကွန်မြူနစ်ပါတီက မြန်မာ့လွတ်လပ်ရေးတိုက်ပွဲမှာ ပါရမယ်လို့ ဆော်ဩ စည်းရုံးတယ်။ အလားတူပဲ ဆိုရှယ်လစ်ပါတီကလည်း ကျောင်းသားလူငယ်တွေကို စည်းရုံးတယ်။ စိန်မြမောင်တို့က ဆိုရှယ်လစ်ကျောင်းသား၊ ဒါကို ဗိုလ်ချုပ်အောင်ဆန်းက "ရည်ရွယ်ချက်ချင်း တူသားပဲ၊ ဘာကြောင့် အားပြိုင်နေမလဲ၊ စေ့စပ်ပေးမယ်။ လာခဲ့ကြ" လို့ သူနေတဲ့ တာဝါလိန်းကအိမ်ကြီးကို

> **ကျောင်းသား သပိတ်တိုက်ပွဲဆိုသည်မှာ လက်နက်ကိုင်တိုက်ပွဲ မဟုတ်သဖြင့် တစ်ဖက် (အာဏာပိုင်များ)နှင့် စေ့စပ်ဆွေးနွေးခြင်း၊ မိမိအင်အားကို ပြန်လည်စုစည်းခြင်း၊ ဉာဏ်အမြော် အမြင်နှင့် ဆင်ခြင်ချိန်ဆခြင်းများ ရှိဖို့လို**

ခေါ်တယ်။ တောင်ထိပ်ကသူ့အိမ် တာဝါအောက်တည့်တည့် အပြင်ခန်းမှာ "မင်းတို့ကဘာဖြစ်ကြတာလဲ" လို့ စကားတစ်ခွန်းပဲစတယ်၊ စိန်မြမောင်နဲ့ငါ အလုအယက်စကားပြောကြတော့ "မင်းတို့ပြန်တော့" လို့ နှင်လိုက်ပါတယ်။ အစနှင့်အဆုံး နှစ်ခွန်းပဲပြောရရှာတယ်။ အခုပြန်ကြည့်တော့ ရယ်စရာအကောင်းသား၊ ဗိုလ်ချုပ်အောင်ဆန်း၏ မအောင်မြင်သော စေ့စပ်ဖျန်ဖြေပွဲဟု ဆိုရမည်။ ဗိုလ်ချုပ်အောင်ဆန်းပင် အသက် ၃၀ စွန်းစွန်းသာရှိသေးရာ ဒေါက်တာသန်းထွန်းတို့ (ဦး) စိန်မြမောင်တို့မှာလည်း ၂၀ ကျော်ကျော် ကျောင်းသားများသာ ဖြစ်ကြပေသည်။ အလွန်ငယ်ကြပါသေးသည်။ နုကြပါသေးသည်။ ဆရာမနိုင် နှစ်ဆောင်ပြိုင်ဟု ဆိုရမည့် ကျောင်းသားများကို ဗိုလ်ချုပ်အောင်ဆန်းအနေနဲ့ မောင်းထုတ်ရုံမှတစ်ပါး အခြားရွေးစရာလမ်း မရှိပါပြီ။

နောက်တစ်ကိစ္စမှာ တကသ ဥက္ကဋ္ဌ သူရိယဦးသန်းမောင်နှင့် ဖြစ်ရသည့်ပြဿနာ။ ထိုဖြစ်ရပ်ကို သူရိယဦးသန်းမောင်က လွန်ခဲ့သော ၁၉၉၀ ပြည့်နှစ် (ရွေးကောက်ပွဲ အကြိုကာလ)က ကျောက်ကုန်းရှိ သူ့နေအိမ်တွင် စာရေးသူနှင့် ဆေးကျောင်းသားများ ဖြစ်ကြသော ကျော်စွာအောင်၊ ထိန်လင်း စသော ကျောင်းသားများအား ပြန်ပြောပြခဲ့ခြင်းဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်း ဖဆပလ ဥက္ကဋ္ဌ အစိုးရအဖွဲ့ခေါင်းဆောင်၊ သူရိယဦးသန်းမောင်က တကသ ဥက္ကဋ္ဌ ကျောင်းသားခေါင်းဆောင်။ ထိုအချိန်က လွတ်လပ်ရေးနှင့် လက်တစ်ကမ်းအလို တစ်ပြည်လုံးရှိ အဖွဲ့အစည်းများ၊ အင်အားစုများ၊ ကျောင်းသားများအားလုံး နိုင်ငံရေး စိတ်ဓာတ်ပြင်းပြထက်သန်နေသော အချိန်၊ နိုးကြားတက်ကြွနေသော အချိန်၊ တကသဥက္ကဋ္ဌ ဦးသန်းမောင်သည် ကျောင်းသားခေါင်းဆောင် ကျောင်းသား ကိုယ်စားလှယ်အနေဖြင့် ဗိုလ်ချုပ်ထံရောက်လာခဲ့သည်။ တက်ကြွထက်သန်သော စိတ်နှင့် ဆိုတော့ လူကလည်း ကြွစောင်း၊ ထိုးထိုးထောင်ထောင်၊ ထောင့်မကျိုးသောပုံစံ ဟန်အမူအရာတို့နှင့်ပေါ့။ ကြိုတင်ရေးယူလာသော စာရွက်တစ်ရွက်ကို ဗိုလ်ချုပ်ရေးဖို့ ချပြထိုးပေးပြီး ကျွန်တော်တို့ ဒါတွေလိုချင်တယ် ဟု ခပ်တင်းတင်းပြောလိုက်သည်။ ကိုသန်းမောင် ဝင်လာကတည်းက မျက်မှောင်ကြုတ် ကြည့်နေသော ဗိုလ်ချုပ်အောင်ဆန်းသည် ချက်ချင်း ဝုန်းခနဲထရပ်ပြီး ကိုသန်းမောင်ကို ငါနဲ့ ကိုင်တုတ်ပါလေတော့သည်တဲ့ "ဟေ့ကောင် သန်းမောင် မင်း ငါ့နေရာမှာလာထိုင် ငါရှင်း နေရတာတွေ မင်းဝင်ရှင်း၊ မင်းတို့ ကိစ္စတစ်ခုတည်း မဟုတ်ဘူး။ ဒီမှာ ဘယ်လောက်သောက်လုပ်တွေ ရှုပ်နေသလဲ မင်းသိလား" ဟု ဆိုဆဲပြီးမှ ကိုသန်းမောင်ထိုးပေးသော စာရွက်ကို ခပ်မြန်မြန်ဖတ်ကြည့်လိုက်ပြီး "မင်းတို့တောင်းတာတွေ ထဲက ဒါရမယ်၊ ဒါရမယ် (ပြောရင်းပေးနိုင်သည့် တောင်းဆိုချက်တို့ကို ဖောင်တိန်နဲ့ခြစ်ပြီး) ကျန်တာတွေ မပေးနိုင်ဘူး။ ခွေးမသား မင်းသွားတော့" ဟု မောင်းထုတ်လိုက်ရာ ဦးသန်းမောင် ခပ်ကုပ်ကုပ်ပြန်လာခဲ့ရသည်ဟု ဆိုပါသည်။

အချို့ "လူကြီးလူကောင်း" ဆိုသူများကတော့ ဗိုလ်ချုပ်၏ အပြုအမူကို ပြစ်တင်ဝေဖန်ကောင်း ဝေဖန်ပါလိမ့်မည်။ ကိုယ့်ဆီလာသူကို မချေမငံလုပ်လွှတ်လိုက်သည်ဟု။ သို့သော် စဉ်းစားကြည့်ရန်မှာ ဦးသန်းမောင်နှင့် ဗိုလ်ချုပ်သည် နဂိုကတည်းက ခင်မင်သိကျွမ်းခဲ့ကြသူများဖြစ်သည်။ ဦးသန်းမောင် ဗိုလ်ချုပ်ထံလာသည်မှာလည်း လူပုဂ္ဂိုလ်ချင်းခင်မင်မှုနှင့် လာရောက်တောင်းဆိုခြင်းဖြစ်သည်။ ဦးသန်းမောင်ဘက်က ဗိုလ်ချုပ်ကို လေးလေးစားစား ချေချေငံငံ တင်ပြပြောဆိုခဲ့ခြင်းမရှိ။ ဗိုလ်ချုပ်က ဦးသန်းမောင် တောင်းဆိုသမျှအားလုံးကို ငြင်းလွှတ်လိုက်ခြင်းမဟုတ်ဘဲ လိုက်လျောနိုင်သမျှ၊ ပေးနိုင်သမျှကို ပေးခဲ့သည်။ (ဦးသန်းမောင် စာရေးသူကို ပြန်ပြောပြစဉ်က ထိုအချိန်က သူတို့သည် သိပ်တက်ကြွထက်သန်လွန်းနေကြသဖြင့် မဖြစ်နိုင်သည်များကိုပါ ထည့်သွင်းတောင်းဆိုခဲ့ကြသည်ဟု ဆိုပါသည်။)

မည်သို့ပင်ဖြစ်စေ ဗိုလ်ချုပ်အောင်ဆန်း ပြဿနာဖြေရှင်းလိုက်ပုံမှာ လက်တွေ့ကျသည်။ အလုပ်ဖြစ်သည်။ အချိန်မကုန်ဘဲ တိုတိုနှင့် ပြီးပြတ်သွားသည်ဟုဆိုရမည် ဖြစ်ပါသည်။




# သီးနှံအာမခံစနစ် ပေါ်ပေါက်လာရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်

**နေပြည်တော် မေ ၂၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးရုံး ဧည့်ခန်းမ၌ မေ ၂၀ ရက် နံနက် ၁၀ နာရီက ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီ ဥက္ကဋ္ဌ ဦးဘမျိုးသိန်းနှင့်အဖွဲ့အားတွေ့ဆုံပြီး တောင်သူလယ်သမားများ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဆိုင်ရာ ဆောင်ရွက်ပေးမည့်အစီအစဉ်များကို လည်းကောင်း၊ ယင်းလုပ်ငန်းရပ်များကို အစိုးရဌာနများ၊ NGO အဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ဒေသခံလွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို လည်းကောင်း ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

မေ ၂၁ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့်စိုက်ပျိုးရေး ဆေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးသတိုးဟိန်း ဦးဆောင်သောအဖွဲ့အား ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံပြီး ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ တင်သွင်းဖြန့်ဖြူးရောင်းချရာတွင် အရည်အသွေးစိစစ်ကြပ်မတ်ခြင်းနှင့် စားသုံးမှုအရည်အသွေး၊ အထွက်နှုန်းနှင့် ဈေးကွက်သေချာသော မျိုးစေ့လုပ်ငန်းများပေါ်ထွန်းလာရေး၊ သီးနှံအာမခံစနစ်ပေါ်ပေါက်လာရေးတို့ကို အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ကြမည့်ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# တောင်ငူနှင့် ထားဝယ်၌ အမြင့်ဆုံးအပူချိန်စံချိန်သစ်တင်

၂၁ - ၄ - ၂၀၁၆

| စဉ် | စခန်းအမည် | အမြင့်ဆုံးအပူချိန် စံချိန်သစ် | | အမြင့်ဆုံးအပူချိန် စံချိန်ဟောင်း | | ယခင်စံချိန်ကျိုးခဲ့သည့်နှစ် | စခန်းဖွင့်သည့်နှစ်မှစ၍လွန်ခဲ့သော နှစ်ပေါင်း |
|---|---|---|---|---|---|---|---|
| | | ဒီဂရီ စင်တီဂရိတ် | ဒီဂရီ ဖာရင်ဟိုက် | ဒီဂရီ စင်တီဂရိတ် | ဒီဂရီ ဖာရင်ဟိုက် | | |
| ၁။ | တောင်ငူ | ၄၂. ၇ | ၁၀၈. ၉ | ၄၂. ၃ | ၁၀၈. ၁ | ၁၈-၄-၁၉၈၃ | ၅၂ |
| ၂။ | ထားဝယ် | ၃၈. ၈ | ၁၀၁. ၈ | ၃၈. ၅ | ၁၀၁. ၃ | ၂၃-၄-၂၀၀၂ | ၇၀ |

**(မိုး/ဇလ)**



# မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပြုပြင်ပြောင်းလဲရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဧပြီ ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (Conference Room) ၌ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားပြုပြင်ပြောင်းလဲရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းနောက် ဌာနခွဲအလိုက် ဝန်ထမ်းများနှင့် သီးခြားစီတွေ့ဆုံပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့ရုပ်မြင်သံကြားသတင်း ထုတ်လွှင့်မှုနှင့် Central Equipment Room တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

# ပို့ကုန်/သွင်းကုန် လုပ်ငန်းဆိုင်ရာအကြံပြုချက်များအား လက်ခံ၍ အမြန်ဆုံးဖြေရှင်းဆောင်ရွက်သွားမည်

**နေပြည်တော် ဧပြီ ၂၁**

စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူများအားလုံး၏အခက်အခဲများ အမြန်ဆုံးဖြေရှင်းပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပို့ကုန်/သွင်းကုန် လုပ်ငန်းဆိုင်ရာအကြံပြုချက်များရှိပါက ပွင့်ပွင့်လင်းလင်းရေးသားပေးပို့ကြရန် ဧပြီ ၂၁ ရက် နံနက်က ပို့ကုန် /သွင်းကုန်ဌာန၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် သွားရောက်စစ်ဆေးပြီး ပို့ကုန်/သွင်းကုန် လုပ်ငန်းလိုင်စင် လာရောက်လျှောက်ထားသူများနှင့်တွေ့ဆုံပြီး လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ကြုံတွေ့နေရသည့်အခက်အခဲများ၊ အကြံပြုချက်များကို မေးမြန်းကာပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ရုံးအမှတ်(၃)ရှိ ဝန်ကြီးရုံးဌာနခွဲများနှင့် ကုန်သွယ်ရေးဦးစီးဌာနတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာဌာနခွဲများမှ ညွှန်ကြားရေးမှူးများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအား ဝန်ထမ်းများ၏စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ရုံးလုပ်ငန်းစီမံခန့်ခွဲမှုများ၊ ဝန်ထမ်းသက်သာချောင်ချိရေး၊ ကုန်သွယ်မှုဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းများအား ကျယ်ကျယ်ပြန့်ပြန့် လေ့လာဆောင်ရွက်ရေး၊ ကုန်သွယ်မှုမြှင့်တင်ရေးအတွက် ဒေသတွင်းနိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်ရေး၊ ကုန်သွယ်မှု သတင်းအချက်အလက်များအား ဝန်ကြီးဌာန Website တွင် ပြည့်စုံစွာဖော်ပြနိုင်ရေး၊ အချက်အလက်များ လုံခြုံစိတ်ချမှုရှိစေရေး၊ Data ထားရှိသည့်စနစ်များ ကောင်းမွန်စေရေးစသည့် ဆက်သွယ်ရေးနှင့် နည်းပညာဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ရုံးစာများကို ဌာနများမှ အဆင့်ဆင့်တင်ပြဆောင်ရွက်ရာတွင် ပိုမို ထိရောက်လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်မည့် အခြေအနေများကိုမှာကြားပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နောက်ဆက်တွဲငလျင်အခြေအနေများကို ကွင်းဆင်းလေ့လာ၍ သတင်းထုတ်ပြန်မည်

**မန္တလေး ဧပြီ ၂၁**

မြန်မာနိုင်ငံ ငလျင်ကော်မတီအဖွဲ့နှင့် စင်ကာပူနိုင်ငံငလျင်ပညာရှင်များ ပူးပေါင်း၍ ငလျင်ဗဟိုချက်မှ စက်ဝိုင်းပုံသဏ္ဍာန်ပတ်၍ နောက်ဆက်တွဲ ငလျင်အခြေအနေများကို အသေးစိတ် လေ့လာကွင်းဆင်းမှုများ ပြုလုပ်ကာ သတင်းထုတ်ပြန်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဧပြီ ၁၃ ရက်က မြန်မာနိုင်ငံကိုဗဟိုပြု၍ လှုပ်ခတ်ခဲ့သည့်ပြင်းအားရစ်ချ်တာစကေး ၆ ဒသမ ၉ အဆင့်ရှိသည့် ငလျင်ဒဏ်၏အဖျားခတ်မှုကို ရန်ကုန်၊ ဧရာဝတီ၊ မန္တလေး၊ စစ်ကိုင်း၊ ပဲခူးတိုင်းဒေသကြီးနှင့်ရခိုင်ပြည်နယ်တို့တွင်ခံစားခဲ့ရပြီး အဆိုပါငလျင်ကြောင့် ဖြစ်ပေါ်ခဲ့သည့် အထိအခိုက်အပျက်အစီးများနှင့် နောင်ဆက်လက် ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲ ငလျင်အခြေအနေများကိုလေ့လာနေပြီး ခန့်မှန်းတွက်ချက်၍ သတင်းထုတ်ပြန်ပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံငလျင်ကော်မတီအဖွဲ့မှအဖွဲ့ဝင် ဒေါက်တာလှမျိုးအောင် (မန္တလေးနည်းပညာတက္ကသိုလ်)က ပြောကြားသည်။

"လှုပ်သွားခဲ့တဲ့ ငလျင်ဗဟိုချက်ကို စက်ဝိုင်းပုံသဏ္ဍာန်ပတ်ပြီး အသေးစိတ်ကွင်းဆင်းလေ့လာမှုတွေ ပြုလုပ်နေပါတယ်။ စင်ကာပူနိုင်ငံရဲ့ အထောက်အပံ့နဲ့လုပ်တာပါ။ ငလျင်ကော်မတီက အတွင်းရေးမှူးအပါအဝင် အဖွဲ့ဝင်ငါးဦးနဲ့ စင်ကာပူနိုင်ငံ နန်ယန်းတက္ကသိုလ်က ပညာရှင်နှစ်ဦး စုစုပေါင်းခုနစ်ဦးနဲ့ လေ့လာနေပါတယ်" ဟု ၎င်းကဆိုသည်။

ငလျင်သဘောတရားနှစ်မျိုးတွင် တိမ်သည့်ငလျင် (Shallow Earthquake) နှင့် နက်သည့်ငလျင် (Deep Earthquake)ဟူ၍ရှိပြီး ကမ္ဘာမြေထု၏အပေါ်ပိုင်းတွင် လှုပ်ခတ်ပါက ထိခိုက်မှုပိုများပြီး နက်ရှိုင်းသည့်မြေထုအောက်ပိုင်းတွင်လှုပ်ခတ်ပါက ထိခိုက်မှုနည်းသည့် သဘောသဘာဝရှိကာ ဧပြီ ၁၃ ရက်က လှုပ်ခတ်ခဲ့သည့်ငလျင်မှာ နက်ရှိုင်းသည့်မြေထုအောက်ခြေမှ လှုပ်ခတ်ခဲ့ခြင်းကြောင့် အပျက်အစီးနည်းခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ရှင်းလင်းပြောကြားသည်။

"လှုပ်ခဲ့တဲ့ငလျင်က ပြင်းအား ၆ ဒသမ ၉ဆိုပေမယ့် မြေထုရဲ့နက်ရှိုင်းတဲ့နေရာကလှုပ်ခဲ့တဲ့အတွက် အထိအခိုက် နည်းသွားခဲ့တယ်။ လှုပ်သွားခဲ့တဲ့အခြေအနေကတော့ အယ်နီညိုရာသီဥတုကြောင့်မဟုတ်ဘဲ အိန္ဒိယနိုင်ငံက မြေထုချပ်ကြီးတွေက ရွေ့လျားလာပြီး မြန်မာနိုင်ငံရဲ့မြေလွှာထုထဲကိုတိုးဝင်ပြီး လှုပ်ခတ်ခြင်းဖြစ်ပါတယ်" ဟု ၎င်းက ပြောကြားသည်။

အဆိုပါ လေ့လာမှုခရီးစဉ်ကို ဧပြီ၂၀ ရက်မှ ၂၅ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကာ မုံရွာ၊ ကနီ၊ ကလေးဝ၊ ကလေး၊ မော်လိုက်၊ ရွှေဘို၊ ပခုက္ကူနှင့် မန္တလေးမြို့များတွင် စက်ဝိုင်းပုံစံပတ်၍ လေ့လာမှုများ ပြုလုပ်မည်ဖြစ်ပြီး အသေးစိတ်တွေ့ရှိချက်များကိုသုံးသပ်၍ နောင်ဖြစ်ပေါ်လာမည့် ငလျင်အခြေအနေများကို ခန့်မှန်းပေးသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# အပူဒဏ်သက်သာစေရန် မိုးတုများ ရွာသွန်း

**တာချီလိတ် ဧပြီ ၂၁**

တာချီလိတ်မြို့နှင့် အိမ်နီးချင်းထိုင်းနိုင်ငံ မယ်ဆိုင်မြို့အနီးတစ်ဝိုက်တွင် ရာသီဥတုပူပြင်းမှုနှင့်အတူ တောင်ယာမီးရှို့မှုများကြောင့် ပြာမှုန့်များလေထဲလွင့်ပါလျက်ရှိရာ နှစ်နိုင်ငံပြည်သူများအပူဒဏ်နှင့် အသက်ရှူကျပ်မှုများ ခံစားနေရ၍ ဧပြီ ၂၁ ရက် မွန်းလွဲပိုင်းတွင် မယ်ဆိုင်မြို့တာဝန်ရှိသူများက အပူဒဏ်သက်သာရေးနှင့် ပြာမှုန့်လျော့နည်းစေရေးအတွက် ခေတ်မီစက်များဖြင့် မိုးတုရွာသွန်းပေးလျက်ရှိသည်။ ယခုလိုမိုးတုရွာသွန်းမှုကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ငါးကြိမ်ထက်မနည်း ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း သိရသည်။

**မောင်ယဉ်ကျေး**



# ရပ်ကွက်အုပ်ချုပ်ရေးမှူးများအနေဖြင့် ပြည်သူ့သဘောထားနှင့် အသံကို အလေးထားဆောင်ရွက်ရန်လို

**မန္တလေး ဧပြီ ၂၁**

အစိုးရသစ်၏အပြောင်းအလဲလုပ်ဆောင်မှုကာလတွင် ပြည်သူများနှင့်နီးစပ်ထိတွေ့မှုရှိနေသည့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများအနေဖြင့် ပြည်သူများ၏သဘောထားနှင့်အသံကိုအလေး ထားဆောင်ရွက်ပေးရန်လိုကြောင်း ဧပြီ ၂၁ ရက်က မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်းတွင်ကျင်းပသည့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် မြို့နယ်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တွေ့ဆုံပွဲမှ သိရသည်။

အစိုးရသစ်လက်ထက်တွင် မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့်ပတ်သက်သည့် တိုင်စာနှစ်သောင်းကျော်ရှိနေပြီး တိုင်းဒေသကြီးအတွင်းတွင်လည်း အလားတူတိုင်စာများလက်ခံရရှိထားသည့်အတွက် ပြည်သူဗဟိုပြုအပြောင်းအလဲလုပ်ဆောင်နေသည့်အချိန်တွင် ပြည်သူနှင့်နီးစပ်စွာရှိနေသည့် မြို့နယ်၊ ခရိုင်အလိုက် အုပ်ချုပ်ရေးမှူးများအနေဖြင့် ပြည်သူများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပူးပေါင်းလုပ်ဆောင်ရန်လိုအပ်ကြောင်း ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြောကြားသည်။

အုပ်ချုပ်ရေးမှူးများအနေဖြင့် ပြည်သူများ၏လိုအပ်ချက်များ၊ မျှော်လင့်ချက်များကိုသိရှိပြီး ရပ်ကွက်မှကြည်ညိုလေးစားသည့် မြို့မိမြို့ဖများ၏အကြံဉာဏ်ကောင်းများဖြင့် လက်တွဲလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးမှူးဆိုပြီး နိုင်ထက်စီးနင်းအပြုအမူမရှိစေလိုကြောင်း၊ အုပ်ချုပ်ရေးတရားစီရင်ရေး၊ ဥပဒေပြုရေးမဏ္ဍိုင် သုံးရပ်သည် တစ်ခုနှင့်တစ်ခု လွှမ်းမိုးမှုမရှိဘဲ ထိန်းကျောင်းသွားရမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

အဆိုပါတွေ့ဆုံပွဲသို့ မြို့နယ်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများတက်ရောက်ကြပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံများက ၎င်းတို့၏လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။ **အောင်ရဲသွင်**

# ကန်ကျုံး နဲ့ ပတ်သိမ်း

## ကိုပေါက်(နေပြည်တော်)

"ပေါ် ပေါ် ပေါ် ပေါ်" ဟူသည့် သံရှည်ဆွဲတီးလိုက်သော ဟွန်းသံရှည်ကို ကြားလျှင်ကြားချင်း အိမ်အသီးသီးမှ လှုပ်ရှားသက်ဝင်မှုတွေကို စတင်မြင်တွေ့ရသည်။ အိမ်ရှင်မများ၊ ကလေးငယ်များနှင့် အိမ်ထောင်ရှင်အမျိုးသားတွေပါ ပါဝင်ကြသည့် ထိုလှုပ်ရှားမှုများတွင် တူညီသည့်မြင်ကွင်းတစ်ခုကို သတိထားမိကြမည်ဖြစ်သည်။ သူတို့လက်ထဲ ကိုင်စွဲလာသည့် အမှိုက်ထုပ်၊ အမှိုက်ခြင်းလေးများကို စွန့်ပစ်ရန်အတွက် ဟွန်းမြည်သံရှည်ပေးပြီး အရောက်လာတော့မည့် အမှိုက်သိမ်းယာဉ်ကို စောင့်ဆိုင်းကြသည့် မြင်ကွင်းပင်ဖြစ်သည်။

နေပြည်တော်တွင်နေထိုင်ကြသူများအတွက် ဤမြင်ကွင်းသည် နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် မြင်တွေ့နေကျမြင်ကွင်းများဖြစ်သော်လည်း ရိုးမသွား ဟောင်းမသွားချေ။ အမှိုက်သယ်ယာဉ်အသံကြားသည်နှင့် တစ်အိမ်တစ်ယောက်ဆိုသကဲ့သို့ မိမိတို့အိမ်မှအမှိုက်များကို စနစ်တကျစွန့်ပစ်ရန်အတွက် သက်ဝင်လှုပ်ရှားလာကြစမြဲ ဖြစ်သည်။

နိစ္စဓူဝအားဖြင့် အိမ်အသုံးအဆောင်ပစ္စည်းများ အသုံးပြုပြီးနောက် ထွက်ရှိလာသည့်အမှိုက်သရိုက်များကို စွန့်ပစ်နိုင်ရန်အတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီက မြို့နယ်များအလိုက် အမှိုက်သယ်ယာဉ်များကို အစီးရေသတ်မှတ်ကာ အမှိုက်များကို စနစ်တကျလိုက်လံသိမ်းဆည်းပေးလျက်ရှိသည်။ အချို့သော မြို့နယ်၊ ရပ်ကွက်များတွင် နံနက်တစ်ကြိမ်၊ ညနေ တစ်ကြိမ် နေ့စဉ်မပျက် ရောက်ရှိလာနေသည်ကို သတိထားမိသည်။ ထို့အတွက် ဝန်ထမ်းအိမ်ရာများတွင် နေထိုင်ကြသည့် မိသားစုများအနေဖြင့် မိမိတို့နေထိုင်ရာ တိုက်ရှေ့အရောက် အမှိုက်သယ်ယာဉ် ရောက်ရှိလာသည့် အခိုက်တွင် အချိန်မီသွားရောက် စွန့်ပစ်ကြရန်သာ လိုပေသည်။

သို့ရာတွင် အချို့သောဝန်ထမ်းမိသားစုများအနေဖြင့် ထိုအခိုက်အတန့်မျိုးတွင် အမှိုက်စွန့်ပစ်ရန် မမီလိုက်သည့်အခါမျိုး၌ နေထိုင်ရာအိမ်နှင့် မနီးမဝေး နေရာတစ်ခုခုတွင် လူခြေတိတ်ဆိတ်ချိန်၌ လည်းကောင်း၊ လူအများမြင်ကွင်းရှေ့တွင် လည်းကောင်း အမှိုက်များကို ကြုံရာနေရာ၌ စွန့်ပစ်နေကြသည်ကိုလည်း သတိထားမိသည်။ **တစ်ယောက်ကစ တစ်ရာ** ဟူသည့် စကားအတိုင်း ရှေ့မှ တစ်စုံတစ်ယောက်က ထိုသို့ စွန့်ပစ်ပြီးပါက နောက်မှလိုက်ပါလုပ်ဆောင်ကြသူများလည်း ထိုနည်းနှင်နှင် ဖြစ်လာကြသည်ကို တွေ့မြင်ရသည့်အခါ ရပ်ကွက်တိုင်း၏ နေရာတော်တော်များများတွင် **အမှိုက်ပုံဟု သတ်မှတ်မထားဘဲ အမှိုက်ပုံငယ်လေးများ ဖြစ်ပေါ်လာနေသည်**ကို သတိထားမိလာသည်။

"ကျွန်တော်တို့အမှိုက်သိမ်းစနစ်မှာက **ကန်ကျုံးနဲ့ ပတ်သိမ်း**ဆိုပြီး နှစ်မျိုးရှိပါတယ်။ ကန်ကျုံးဆိုတာက သတ်မှတ်ထားတဲ့ အမှိုက်စွန့်ပစ်ရာနေရာ(စည်ပင်က အမှိုက်စွန့်ပစ်ဖို့ဆိုပြီး နေရာချသတ်မှတ်ပေးထားတဲ့ အမှိုက်ကန်တွေမှာ) ရပ်ကွက်ထဲနေသူတွေ အချိန်မရွေး လာရောက်စွန့်ပစ်ထားတဲ့ အမှိုက်တွေကို သွားရောက် သိမ်းယူပေးပြီး ပြန်လည်စွန့်ပစ်ရတာပါ။ ပတ်သိမ်းဆိုတာကတော့ ဒီမြို့နယ်ထဲမှာ တာဝန်ကျနေတဲ့အခါ ရပ်ကွက်တွေအလိုက် တစ်ခုပြီးတစ်ခု လှည့်ပတ်ပြီး အိမ်တွေက စွန့်ပစ်တဲ့အမှိုက်တွေကို လိုက်လံသိမ်းဆည်းပေးရတာပါ။ တစ်ခါတလေမှာ ဟိုဘက်မြို့နယ်မှာ တာဝန်ကျတဲ့ကားက ဒီဘက်မြို့နယ်ထဲ အထိ လမ်းကြုံဝင်ပြီး အမှိုက်တွေ ဝင်သိမ်းသွားတာမျိုးကအစ ရှိပါတယ်" ဟု နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ အမှိုက်သယ်ယာဉ်မောင်းသည့် ဝန်ထမ်းတစ်ဦးက ရှင်းပြသည်။

"ဒီလို စနစ်တကျလိုက်သိမ်းနေပေမယ့်လည်း စည်းစနစ်မကျတဲ့ စွန့်ပစ်မှုတွေကြောင့် အမှိုက်ပုံတွေ များများလာနေတာကို တွေ့ရပါတယ်။ ကျွန်တော်တို့ဌာနအနေနဲ့ကလည်း ဒီလိုအမှိုက်ပုံတွေ တိုးလာတာနဲ့ အဲဒီနေရာကို အပြောင်သန့်ရှင်းသိမ်းဆည်းပြီး အမှိုက်မပစ်ရ စာတန်းကို တိုင်စိုက်ပြီး သတိပေးပါတယ်။ ခက်တာက ပစ်မြဲ ပစ်နေကြတာပဲ" ဟု ၎င်းက စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများနှင့် စပ်လျဉ်း၍ ရှင်းပြသည်။

စည်းကမ်းမဲ့ အမှိုက်ပစ်မှုများပြားလာခြင်းကြောင့် အမှိုက်ပုံများ တိုးပွားလာခြင်းနှင့်အတူ ခွေးလေခွေးလွင့်များ တိုးပွားမှုများပြားလာခြင်း၊ အမှိုက်ပုံနှင့် နီးသည့်အိမ်ရာများမှ ဝန်ထမ်းမိသားစုများအနေဖြင့်လည်း အနည်းနှင့်အများဆိုသကဲ့သို့ ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ အနှောင့်အယှက်များ ဖြစ်ပေါ်လျက်ရှိသည်ကို မေးမြန်းသိရှိရသည်။

"ကျွန်တော်တို့က စည်းကမ်းနဲ့အညီ အမှိုက်ကားလာချိန်မှာ ကိုယ့်အိမ်ထဲက အမှိုက်ကို စနစ်တကျစွန့်ပစ်နေပေမယ့် တချို့တွေက ကျွန်တော်တို့တိုက်ရှေ့မှာ အမှိုက်ပစ်စရာနေရာတစ်ခုလိုသတ်မှတ်ပြီး ကြုံသလိုလာ လာပစ်နေကြတာကိုတော့ စိတ်ထဲ မနှစ်မြို့ဘူး။ ရေရှည်ဆိုရင် ကျန်းမာရေးကို ထိခိုက်လာနိုင်တယ်" ဟု ဓနသိဒ္ဓိရပ်ကွက်၌နေထိုင်သည့် ဝန်ထမ်းတစ်ဦးက မချင့်မရဲပြောပြသည်။

အချုပ်အားဖြင့်တင်ပြလိုသည်မှာ လူတစ်ဦးတစ်ယောက်ချင်း စည်းကမ်းကောင်းမွန်မှုရှိမှသာ တစ်မြို့နယ်လုံး၊ ထိုမှတစ်ဆင့် တစ်နိုင်ငံလုံးအနှံ့ ကောင်းမွန်တိုးတက်လာနိုင်မည်ဖြစ်ရာ လူတိုင်းကိုယ်စီ အသိစိတ်ဓာတ်ရှိရှိဖြင့် အမှိုက်များကို စနစ်တကျ စွန့်ပစ်သွားကြရန် တိုက်တွန်းလိုပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

# မြန်အောင် တာမိုင် ၂၅/၇ မှ ၂၆/၁ ငါးဘတ်ချောင်းတာပေါင် မြှင့်တင်ခြင်းလုပ်ငန်း စတင်ဆောင်ရွက်

**မြန်အောင် မေ ၂၁**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက မြန်အောင် တာမိုင် ၂၅/၇ မှ၂၆/၁ အတွင်းရှိ ငါးဘတ်ချောင်းတာပေါင် မြှင့်တင်ခြင်းလုပ်ငန်းကို မေ ၂၁ ရက်တွင် စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ငါးဘတ်ချောင်းတာသည် ယခင်နှစ် ဧရာဝတီမြစ်ရေကြီးချိန်တွင် တာပေါင်နှင့်တစ်ပြေးညီ မြစ်ရေရောက်ရှိခဲ့သောကြောင့် တာ၏အနိမ့်ဆုံးနေရာကို အမြင့်လေးပေ မြေသားမြှင့်တင်ခြင်း ဆောင်ရွက်ပြီး တာအမြင့် ၁၃ ပေ၊ တာအကျယ် ၁၄ ပေအထိ ဆောင်ရွက်မည်ဖြစ်သည်။ ရွှေကျင်-ငါးဘတ်ချောင်း ရေကာတာကြီးကို ၂၀၁၅ ခုနှစ် ဧရာဝတီမြစ်ရေကြီးစဉ်က ဆည်မြောင်းဝန်ထမ်းများ၊ ဌာနဆိုင်ရာများနှင့် ကျေးရွာသူ ကျေးရွာသားများက တာထိပ်ပေါ်ရေကျော်ခြင်း မဖြစ်စေရန် ဝိုင်းဝန်းကာကွယ်ခဲ့ကြရသည်။ ထို့ပြင် မြန်အောင်မြို့နယ် ကြက်သွန်ခင်းကျေးရွာအနီးရှိ ဖောက်ချောင်းမြောင်းပေါင်ကို ရေစီးရေလာကောင်းမွန်စေရန် အရှည်ပေ ၁၈၀၀၀၊ အမြင့် ၁၂ ပေ မြောင်းပေါင်ပြုလုပ်ခြင်းနှင့် တာပေါင်နောက်ဆုတ်၍ ချောင်းချဲ့ခြင်းလုပ်ငန်းများကို မိုးရာသီမတိုင်မီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန AE ဦးမြတ်သူလွင်ထံမှ သိရသည်။

**ဝင်းဗိုလ် (မြန်/ဆက်)**



# ကလေးများနှင့် ပေါင်းသင်းဆက်ဆံရေး

နေ့စဉ် ကျွန်ုပ်တို့တစ်တွေဟာ နည်းလမ်းပေါင်းစုံနဲ့ အချင်းချင်း ပြောဆိုပြုမူ ဆက်သွယ်နေကြရပါတယ်။ မိသားစုဝင်အချင်းချင်း လုပ်ဖော်ကိုင်ဖက် သူစိမ်းသူကျက်များ ရင်းနှီးသူ သူငယ်ချင်းများနှင့်အတူ ဖြစ်ပါတယ်။ အဲဒီလို ဆက်သွယ်ကြရာမှာ တကယ်ရော ထိရောက်မှုရှိကြရဲ့လား။ ဘယ်လိုပြုမူ လှုပ်ရှားဆောင်ရွက်ကြပါသလဲ။ ဘယ်နှခါများ စဉ်းစားခဲ့ကြသနည်း။ နိစ္စဓူဝ ဆောင်တာများ လုပ်ကိုင်ပြီးစီး၍ လုပ်ငန်းခွင်မှ အိမ်သို့ပြန်ခဲ့ကြရသည် မဟုတ်လား။ ကျွန်တော်တို့ ရင်းနှီးချစ်ခင်သူများအတွက် အချိန်မည်မျှပေး၍ စဉ်းစားခဲ့ဖူးသလဲ ပြန်လည်သုံးသပ်သင့်ပါတယ်။ ပတ်ဝန်းကျင် မိသားစုဝင်အချင်းချင်း အပြန်အလှန် လေးစားလိုက်နာမှုနှင့် ယုံကြည်မှုဟာ အမှန်တကယ် အားကောင်းသော ဆက်သွယ်ပေါင်းစည်းရေးကို ဖြစ်စေပါတယ်။ မိသားစုထဲမှာ ကလေးတွေအတွက် ပဋိပက္ခဖြေရှင်းနည်းနဲ့ ပေါင်းသင်းဆက်ဆံရေးစွမ်းရည်ကို တိုးတက်အောင် လုပ်ဆောင်ပေးနိုင်ပါတယ်။ မိဘတွေအနေနဲ့ မိမိတို့ရဲ့ ကလေးတွေ ပေါင်းသင်းဆက်ဆံရေး ကောင်းမွန်စေဖို့ လေ့ကျင့်သင်ကြားပေးသင့်ပါတယ်။

**ကလေးများအတွက် ပေါင်းသင်းဆက်ဆံရေး ဘာကြောင့် အရေးကြီးသလဲ**

အချင်းချင်း အဆက်အသွယ်ပြုမှုဟာ အမှန်တကယ်လိုအပ်တဲ့အတွက် မိသားစုဝင်အချင်းချင်း တစ်ဦးလိုအပ်ချက်ကိုတစ်ဦး ဖြည့်ဆည်းပေးနိုင်ဖို့ဟာ အရေးကြီးပါတယ်။ တစ်ခါတစ်ရံမှာ မိသားစုဝင်တွေအချင်းချင်း စိတ်ခံစားမှုအပေါ် မူတည်ပြီး အထီးကျန်နေသလား၊ စိတ်ပျက်အားငယ်နေသလား၊ စိတ်ရှုပ်နေကြသလားစတဲ့ သူတို့ရဲ့ခံစားချက်တွေ၊ ထင်မြင်ယူဆချက်တွေကို အလိုလိုသိနေတတ်ကြပါတယ်။ ပွင့်ပွင့်လင်းလင်းဆက်ဆံရေးရှိကြတဲ့ မိသားစုဝင်တွေဟာ မိသားစုအတွင်း ကျရောက်လာတဲ့ ပြဿနာတစ်ခုကိုလည်း ရှောင်လွှဲမနေဘဲ အတူတကွ အောင်မြင်အောင် ဖြေရှင်းတတ်ကြပါတယ်။

**မိသားစုအတွင်း အပြန်အလှန် လေးစားလိုက်နာမှုကို ဘယ်လို တည်ဆောက်ကြမလဲ**

အောက်ပါအချက်များကို လိုက်နာဖို့ လိုအပ်ပါတယ်။

**တတ်နိုင်သမျှ ရိုးသားပွင့်လင်းပါ**

ကလေးငယ်များနှင့် အပြန်အလှန် ဆက်သွယ်ပြောဆိုတဲ့နေရာမှာ ကိုယ့်အပေါ် သူတို့လေးတွေ ယုံကြည်နေစေဖို့၊ သူတို့ကိုယ်သူတို့ ယုံကြည်မှုထားတတ်ဖို့ ကူညီပေးဖို့လည်း လိုအပ်ပါတယ်။ တစ်ခုခုကို အတိအကျမသိဘူးဆိုရင် မသိကြောင်းဝန်ခံဖို့ နောက်မတွန့်ပါနဲ့။ ကလေးတွေဟာ သဘာဝအတိုင်း ရိုးရိုးသားသားပြုမူတတ်ကြသူတွေဖြစ်ပြီး သင်တို့ရိုးသားတယ်ဆိုတာကိုလည်း အာရုံအသိနဲ့ သိကြပါတယ်။ သင်ဘာပြောပြော သင်ပြောသမျှကို ယုံကြည်လက်ခံတယ်ဆိုရင် သူတို့အပေါ်မှာ သင့်ယုံကြည်မှု တည်ဆောက်တာ အောင်မြင်တယ်လို့ ပြောလို့ရပါတယ်။

**သဘောတူညီချက်တွေကို ထိန်းသိမ်းပါ**

မတည်နိုင်တဲ့ ကတိတွေကို ကလေးတွေကိုမပေးပါနဲ့။ အခြေအနေအရပ်ရပ်ကို သူတို့နားလည်လက်ခံလာနိုင်တဲ့အထိ ရှင်းပြပါ။ ကတိတွေကို အလွယ်တကူပေးပြီး မတည်နိုင်ခဲ့ရင် သင့်အပေါ်မှာ ကလေးတွေရဲ့ယုံကြည်မှု ပျက်စီးသွားစေနိုင်ပါတယ်။ မဖြစ်နိုင်တဲ့မျှော်လင့်ချက်တွေပေးပြီး ကလေးတွေကို ထပ်ခါ ထပ်ခါ စိတ်ပျက်စေမယ့်အစား ရိုးရိုးသားသား အမှန်အတိုင်းပေးသိတာက ပိုကောင်းပါတယ်။

**တောင်းပန်ပါ**

အမှားကို ရိုးသားစွာဝန်ခံတတ်တာဟာ စိတ်သတ္တိကို ဖြစ်စေပါတယ်။ သင်အမှားလုပ်မိကြောင်း ကလေးတွေကို ပြောပြတာဟာ ကလေးတွေသင့်အပေါ်လေးစားမှု လျော့သွားစေမှာမဟုတ်ပါဘူး။ သူတို့ကိုပြောခြင်းအားဖြင့် ဆန့်ကျင်ဘက်အနေနဲ့ ကလေးတွေအနေနဲ့ သင့်အမှားလုပ်ရပ်အပေါ် စိတ်သက်သာရာရစေနိုင်ပြီး အပြန်အလှန်ယုံကြည်မှုကိုလည်း ဖန်တီးပေးရာ ရောက်ပါတယ်။ သင့်ရဲ့လုပ်ရပ် ဥပမာကြောင့် သူတို့တစ်တွေဟာ အမှားကို လက်ခံနိုင်ပြီး အမှားထဲက သင်ခန်းစာတွေယူတတ်ကြမှာ ဖြစ်ပါတယ်။

**ယဉ်ကျေးပျူငှာပါ**


လေးစားလိုက်နာမှုရှိခြင်းဟာ ရှိသင့်ရှိထိုက်တဲ့ ကောင်းမွန်တဲ့အပြုအမူတစ်ခုပဲဖြစ်ပါတယ်။ သင့်ကလေးတွေကို သာမန်အချိန်တွေမှာလည်း မိသားစုဝင် အချင်းချင်းတောင်မှ ကျေးဇူးတင်ပါတယ်၊ ခွင့်ပြုပါစတဲ့ ယဉ်ကျေးပျူငှာ စကားလုံးတွေ ဖော်ပြသုံးနှုန်းတတ်အောင် လေ့ကျင့်သင်ကြားပေးပါ။ အမြင်မတူတဲ့အခြေအနေတွေတွေ့ကြုံရပါစေ ယဉ်ယဉ်ကျေးကျေးနဲ့ တောင်းဆိုညှိနှိုင်းတတ်အောင်၊ သင့်ကလေးကို တစ်ခုခုပြုလုပ်စေချင်တဲ့အခါ သင်ကလည်း သိမ်သိမ်မွေ့မွေ့ တောင်းဆိုတတ်ပါစေ။ ကြမ်းတမ်းတဲ့ အမူအရာမျိုးကို ရှောင်ကြဉ်ပါ။ အဲဒီအပြုအမူဟာ ကလေးတွေ သင့်အပေါ် လေးစားမှုကို လျော့ကျသွားစေနိုင်ပါတယ်။

ဖော်ပြပါအချက်တွေကို လိုက်နာသင်ကြားပေးခြင်းအားဖြင့် မိသားစုဝင်အချင်းချင်း၊ အထူးသဖြင့် ကလေးများနဲ့ ပိုမိုရင်းနှီးတဲ့ ဆက်ဆံရေးတည်ဆောက်နိုင်မှာဖြစ်ပြီး ကလေးတွေကို လေ့ကျင့်သင်ကြားပေးမှုကြောင့် လူမှုအဖွဲ့အစည်းနဲ့ အမှန်တကယ် ထိတွေ့ဆက်ဆံတဲ့အခါ ကလေးတွေအနေနဲ့ မှန်ကန်တဲ့ ဆက်ဆံရေးတစ်ခုကို တည်ဆောက်နိုင်မှာဖြစ်ပါတယ်။

**ဘာသာပြန်-သက်မွန်ဦး**

## တိုင်းဒေသကြီး/ပြည်နယ်အလိုက် အမြင့်ဆုံးအပူချိန်များ

| | | | | | |
|---|---|---|---|---|---|
| ကယားပြည်နယ် | ၄၁ | ဒီဂရီစင်တီဂရိတ် | ပဲခူးတိုင်းဒေသကြီး | ၄၁ | ဒီဂရီစင်တီဂရိတ် |
| ကရင်ပြည်နယ် | ၄၁ | ဒီဂရီစင်တီဂရိတ် | မကွေးတိုင်းဒေသကြီး | ၄၄ | ဒီဂရီစင်တီဂရိတ် |
| စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း) | ၄၀ | ဒီဂရီစင်တီဂရိတ် | မန္တလေးတိုင်းဒေသကြီး | ၄၁ | ဒီဂရီစင်တီဂရိတ် |



# မက္ကဆီကို ဓာတုစက်ရုံမီးလောင်၊ လူပေါင်း ၁၀၀ ကျော် ဒဏ်ရာရ

**မက္ကဆီကိုစီးတီး ဧပြီ ၂၁**

မက္ကဆီကန်အမျိုးသားရေနံကုမ္ပဏီပိုင် ရေနံဓာတုစက်ရုံ၌ ဗုဒ္ဓဟူးနေ့က ပေါက်ကွဲမှုဖြစ်ပွားပြီး မီးလောင်ကျွမ်းခဲ့ရာ လူသုံးဦး သေဆုံးခဲ့ပြီး ဒါဇင်ပေါင်းများစွာ ဒဏ်ရာ ရရှိခဲ့သည်။ ပေါက်ကွဲမှုကြောင့် ဘေးဥပဒ်ဖြစ်စေသည့် မီးခိုးငွေ့များထွက်ရှိလာပြီး ကောင်းကင်ယံတစ်ခွင်လုံးတွင် မီးခိုးငွေ့များနှင့် ပြည့်နှက်သွားခဲ့သည်။

မီးလောင်ကျွမ်းမှုကြောင့် အလုပ်သမား သုံးဦးသေဆုံး၍ ၁၃၆ ဦး ဒဏ်ရာရရှိခဲ့သည်ဟု ရေနံဓာတုစက်ရုံ ပီမက်စ်က အတည်ပြုပြောကြားခဲ့သည်။ ဒဏ်ရာ ရရှိသူများအနက် ၈၈ ဦးမှာ ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသည်။ ပေါက်ကွဲမှုဖြစ်ပွားရာ နေရာမှ လူရာပေါင်းများစွာကို ကယ်တင်နိုင်ခဲ့သည်ဟု ဒေသတွင်း အရေးပေါ်ကိစ္စများ စီမံခန့်ခွဲမှုအရာရှိက ပြောသည်။ ကုမ္ပဏီမှတာဝန်ရှိသူများက ယင်းကိစ္စကြောင့် ဒေသတွင်း ရေနံတင်ပို့မှုကို ထိခိုက်စေမည်မဟုတ်ကြောင်း ပြောသည်။ ပေါက်ကွဲမှုဖြစ်ပွားရခြင်း အကြောင်းအရင်းကိုမူ အတိအကျ မသိရသေးပေ။ သို့သော် ဒေသခံများအား အန္တရာယ်ရှိသည့် မီးခိုးငွေ့များ မရှူရှိုက်မိစေရေး ပေါက်ကွဲမှုဖြစ်ပွားရာနေရာနှင့် ဝေးကွာသည့်နေရာသို့ ရှောင်ရှားကြရန် ကုမ္ပဏီက သတိပေးထားသည်။ ယခုအခါ စက်ရုံ၏ အခြေအနေကို ပြန်လည်ထိန်းသိမ်းလာနိုင်ပြီဖြစ်သည်။

(ရိုက်တာ)

# အိုင်အက်စ်ကို အမြစ်ပြတ်ချေမှုန်းရန် ပြင်သစ်ကာကွယ်ရေးဝန်ကြီးပြောဆို




**ပါရီ ဧပြီ ၂၁**

ဆီးရီးယားနှင့် အီရတ်ရှိ အိုင်အက်စ်စစ်သွေးကြွများအား အမြစ်ပြတ်ချေမှုန်းပစ်ရန်လိုကြောင်း ပြင်သစ်ကာကွယ်ရေးဝန်ကြီးက ပြင်သစ် ရေဒီယိုသို့ ကြာသပတေးနေ့တွင် ပြောဆိုလိုက်သည်။

"ကျွန်တော်တို့အနေနဲ့ အိုင်အက်စ်စစ်သွေးကြွတွေကို ထပ်ခါထပ်ခါချေမှုန်းသွားရမှာဖြစ်ပါတယ်" ဟု ပြင်သစ်ကာကွယ်ရေးဝန်ကြီးက မှတ်ချက်ပြုပြောကြားသည်။

အိုင်အက်စ်တို့အနေဖြင့် ဆီးရီးယားနှင့် အီရတ်နယ်မြေများကို သိမ်းပိုက်အပြီးက ၂၀၁၄ ခုနှစ် ဇွန်လတွင် ဘဂ္ဂဒက်ကို တိုက်ပြီးကတည်းက နယ်မြေ၏ ၃၀ နှင့် ၄၀ ရာခိုင်နှုန်းအသီးသီးဆုံးရှုံးလိမ့်မည်ဟု မိမိယူဆမိကြောင်း ကာကွယ်ရေးဝန်ကြီးက ထပ်လောင်းပြောကြားသည်။ ယခုနှစ်ကုန်ပိုင်းတွင် အီရတ်ရှိ မိုလ်ဆူးလ်၊ ဆီးရီးယားရှိရက်ကွာတို့ကို အိုင်အက်စ်တို့ လက်တွင်းမှ လွတ်မြောက်စေရန် ညွန့်ပေါင်းအဖွဲ့က ကာဒစ်နှင့်အီရတ်တပ်များကို လေကြောင်းမှ ထောက်ပံ့ကူညီပေးနေကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။

(ရိုက်တာ)

# မြောက်ကိုရီးယားအနေဖြင့် မြေအောက်နျူကလီးယားစမ်းသပ်မှု ပြုလုပ်လာနိုင်ကြောင်း အမေရိကန်ပြောဆို

**ပြုံယမ်း ဧပြီ ၂၁**

မြောက်ကိုရီးယားအနေဖြင့် ၎င်း၏အဓိက နျူကလီးယားစမ်းသပ်နေရာတွင် ဥမင်လိုဏ်ခေါင်းတူးဖော်၍ နျူကလီးယားစမ်းသပ်မှုပြုလုပ်ဖွယ်ရှိကြောင်း မြောက်ကိုရီးယားဆိုင်ရာ အမေရိကန် ဝက်ဘ်ဆိုက်တွင်ဗုဒ္ဓဟူးနေ့က ဖော်ပြသည်။ ဇန်နဝါရီလအတွင်း နျူကလီးယား စမ်းသပ်မှုပြုလုပ်ရာနေရာ၌ နျူကလီးယား စမ်းသပ်ရန် ပြင်ဆင်မှုများ ပြုလုပ်ကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်နိုင်ငံတကာ လေ့လာရေးဌာနမှ ဆောင်ရွက်လျက်ရှိသော အမှတ် ၃၈ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ အင်္ဂါနေ့က ရိုက်ကူးခဲ့သော အဆိုပါနျူကလီးယား စမ်းသပ်နေရာ၌ ဂြိုဟ်တုပုံများအရ မြေအောက်နျူကလီးယား စမ်းသပ်မှုပြုလုပ်ဖွယ်ရှိသည့်အနေအထားကို တွေ့ရသည်ဟုဆိုသည်။

ယခင်မြောက်ကိုရီးယား နျူကလီးယား စမ်းသပ်မှု သုံးကြိမ်ပြုလုပ်ခဲ့သောနေရာ၌ ရွေ့ပြောင်းယာဉ်များနှင့် တပ်ဆင်ရေးကိရိယာများ တွေ့ရကြောင်း အဆိုပါဂြိုဟ်တုဓာတ်ပုံများတွင် ဖော်ပြထားသည်ဟု ဝက်ဘ်ဆိုက်တွင်ရေးသားဖော်ပြထားသည်။ မြောက်ကိုရီးယားအနေဖြင့် ဇန်နဝါရီလအတွင်းက စတုတ္ထအကြိမ်မြောက် နျူကလီးယားစမ်းသပ်မှုကိုပြုလုပ်ခဲ့သည်ဟုဆိုသည်။

(ရိုက်တာ)



# ကဘူးလ်၌ဖြစ်ပွားခဲ့သည့်အကြမ်းဖက်တိုက်ခိုက်မှု ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပြစ်တင်ရှုတ်ချ

**ဂျီနီဗာ ဧပြီ ၂၁**

ကဘူးလ်မြို့၌ အင်္ဂါနေ့နံနက်ပိုင်းက ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူ ၂၈ ဦးသေဆုံးခဲ့ပြီး ၃၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံမြို့တော် ကဘူးလ်၌ဖြစ်ပွားခဲ့သော ပြင်းထန်လှသည့် အကြမ်းဖက်တိုက်ခိုက်မှုကို တာလီဘန်တို့က ၎င်းတို့၏လက်ချက်ဖြစ်သည်ဟု ဝန်ခံခဲ့သည်။ အဆိုပါအကြမ်းဖက်တိုက်ခိုက်မှုနှင့်ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီက အင်္ဂါနေ့၌ပြစ်တင်ရှုတ်ချသည့် ဖော်ပြချက်တစ်ခုထုတ်ပြန်ခဲ့သည်။

အဆိုပါဖော်ပြချက်၌ ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများက အကြမ်းဖက် ရာဇဝတ်မှုကျူးလွန်သူများ၊ ထိုသို့ကျူးလွန်ရန်ဘဏ္ဍာရေး ထောက်ပံ့ပေးသူများ၊ အဖွဲ့အစည်းများအားလုံးတရားဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရေး အထူးအလေးပေးဖော်ပြထားသည်။

တာလီဘန်၊ အယ်ခိုင်ဒါနှင့်အိုင်အက်စ်အဖွဲ့တို့ကဲ့သို့သော အကြမ်းဖက်အဖွဲ့များနှင့်ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် အထူးအလေးပေးဆောင်ရွက်လျက်ရှိကြောင်း ပြောသည်။

(ဆင်ဟွာ)

# ကျေးလက်ထက် မြို့ပြနေထိုင်သူ တရုတ်ပြည်မကြီး၌ များပြား

**ပေကျင်း ဧပြီ ၂၁**

တရုတ်ပြည်မကြီးလူဦးရေသည် ၂၀၁၅ ခုနှစ်နိုဝင်ဘာ ၁ရက်အထိ သန်းပေါင်း ၁၃၇၃ သန်းအထိ တိုးလာကြောင်း၊ ယခင်မှာ ခြောက်ကြိမ်မြောက်သန်းခေါင်စာရင်းကောက်ယူချိန် ၂၀၁၀ ပြည့်နှစ်ကထက် ၃၃ ဒသမ ၇၇ သန်းတိုးလာခဲ့ကြောင်း အမျိုးသားစာရင်းအင်းဗျူရို(အင်န်ဘီအက်စ်)က ဗုဒ္ဓဟူးနေ့တွင် ဖော်ပြသည်။ အင်န်ဘီအက်စ်က ဆောင်ရွက်သည့်အလားတူ စစ်တမ်းအရ (၂၀၁၀-၂၀၁၅) ငါးနှစ်ကာလအတွင်း နှစ်စဉ် ၀ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ခဲ့သည်ဟု ဆိုသည်။ စုစုပေါင်းလူဦးရေ၏ ၅၁ ဒသမ ၂၂ ရာခိုင်နှုန်းသည် အမျိုးသားများ ဖြစ်ကြပြီး ၄၈ ဒသမ ၇၈ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ကြောင်း အမျိုးသား နှင့်အမျိုးသမီးအချိုးမှာ ၁၀၅ ဒသမ ၀၂ ရှိပြီး ၂၀၁၀ ပြည့်နှစ်က ၁၀၅ ဒသမ၂ အချိုးအောက်လျော့နည်းခဲ့ကြောင်း အဆိုပါအစီရင်ခံစာ၌ ဖော်ပြသည်။

စုစုပေါင်းလူဦးရေ၏၇၆၇ ဒသမ ၅ သန်းသို့မဟုတ် စုစုပေါင်းလူဦးရေ၏ ၅၅ ဒသမ ၈၈ ရာခိုင်နှုန်းမှာ မြို့ပြများတွင်နေထိုင်ကြောင်း၊ ၂၀၁၀ ပြည့်နှစ်ကထက် ၆ ဒသမ ၂၈ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ထိုအတောအတွင်း ကျေးလက်နေထိုင်သူ ဦးရေမှာ ၆၀၅ ဒသမ ၉၉ သန်းသို့ကျဆင်းသွားခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

(ဆင်ဟွာ)

# ဆိုမာလီတွင် လုံခြုံရေးတင်းကျပ်မှုမရှိလျှင် အိန္ဒိယသမုဒ္ဒရာရေလမ်းကြောင်း ပင်လယ်ဓားပြများတိုးလာနိုင်

**ဂျကာတာ ဧပြီ ၂၁**

ဆိုမာလီတွင် လုံခြုံရေးတင်းကျပ်မှုပြုလုပ်နိုင်ခြင်းမရှိလျှင် ဖိလစ်ပိုင်နှင့် ရေလမ်းကြောင်းတစ်လျှောက် ပင်လယ်ဓားပြမှုများမြင့်တက်လာနိုင်ကြောင်း အင်ဒိုနီးရှားလုံခြုံရေး အကြီးအကဲက သတိပေးပြောကြားလိုက်သည်။

အဆိုပါရေလမ်းကြောင်းသည် နှစ်စဉ် ကုန်တင်သင်္ဘောကြီးများ ဝင်ထွက်သွားလာရာ အဓိကလမ်းကြောင်းဖြစ်ပြီး နှစ်စဉ် အမေရိကန်ဒေါ်လာ ဘီလီယံ ၄၀ ခန့် ကူးသန်းရောင်းဝယ်မှုပြုလုပ်နေသော ရေလမ်းကြောင်းဖြစ်သည်။

အိန္ဒိယသမုဒ္ဒရာမှ ဧရာမကုန်သေတ္တာသင်္ဘောကြီးများ ဝင်ရောက်သွားလာသော ရေလမ်းကြောင်းအဖြစ် အသုံးပြုလျက်ရှိသည်။ မလက္ကာရေလက်ကြားအတွင်း သင်္ဘောများ များပြားစွာ ဝင်ရောက်နိုင်ခြင်း မရှိ၍ အိန္ဒိယသမုဒ္ဒရာမှ ရေလမ်းကြောင်းကို အဓိက အသုံးပြုနေကြရသည်ဟုဆိုသည်။ အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံသား ၁၈ ဦးသည် ဖိလစ်ပိုင်ရေလမ်းကြောင်းပေါ်တွင် သုံးကြိမ် အတိုက်ခံရပြီး ဖမ်းဆီးခြင်းခံရကြောင်း၊ ဖိလစ်ပိုင်နိုင်ငံတွင် အဘူဆေယက် စစ်သွေးကြွကွန်ရက်နှင့် ဆက်နွယ်သော အယ်လ်ခိုင်ဒါတို့လက်ချက်ဟု သံသယရှိကြောင်း အင်ဒိုနီးရှား လုံခြုံရေးအကြီးအကဲက ပြောသည်။

(ရိုက်တာ)

# အီးယူကနေ ဗြိတိန်ထွက်ခွာတဲ့အခါ

**သက်မွန်ဦး (မြန်မာ့အလင်း)**



ဥရောပသမဂ္ဂကနေ ဗြိတိန်နိုင်ငံအနေနဲ့ ထွက်ခွာသင့် မသင့်ကို ဇွန် ၂၃ ရက်မှာ စစ်တမ်းကောက်မဲခွဲဆုံးဖြတ်ကြတဲ့အခါ ဖြစ်ပေါ်လာမယ့် ပြဿနာတွေကို သူတို့ တွေအနေနဲ့ တွက်ဆထားဖို့လိုအပ်ပါလိမ့်မယ်။ အဲဒီပြဿနာတွေကတော့ အလုပ်လက်မဲ့ပြဿနာ၊ ကုန်စည်စီးဆင်းမှုနဲ့ ငွေကြေးဈေးကွက်တည်ငြိမ်မှု မှာဖြစ်လာမယ့် ပြဿနာတွေကို စဉ်းစားရမှာဖြစ်ပါတယ်။ မျှခြေထိန်းထားနိုင်မယ့် အနေအထားမျိုးဖြစ်အောင်လည်း ထည့်သွင်းစဉ်းစားသင့်ပါတယ်။ အီးယူကနေ ဗြိတိန်ထွက်ခွာဖို့ကို စီးပွားရေးသမားတွေကတော့ ငြင်းဆိုကြပါတယ်။

ဗြိတိန်သာထွက်ခွာခဲ့မယ်ဆိုရင် ကုန်ထုတ်လုပ်သူတွေအနေနဲ့ အင်္ဂလိပ် ဆက်သွယ်ရေးလမ်းကြောင်းကဖြတ်ပြီး ဥရောပဈေးကွက်ထဲကို ကုန်စည်စီးဆင်း ဝင်ရောက်မှုအတွက် လုံခြုံစိတ်ချမှုရှိရေးကို အကြံပြုထားကြတာကို တွေ့ရပါ တယ်။ အလားတူ အီးယူအဖွဲ့မှ နုတ်ထွက်ခြင်းအတွက် ကမ္ဘာ့ငွေကြေးဗဟိုဌာနမှာ လန်ဒန်ရဲ့ရပ်တည်မှု အနေအထားကမောက်ကမဖြစ်စေနိုင်ပါတယ်။ ဥရောပ ဈေးကွက်ကို ဝင်ရောက်ဖို့ မြို့တော်ရဲ့ပေါင်းစည်းဆက်သွယ်မှုအပေါ် မှီတည် နေရတာဖြစ်လို့ပါ။ ကုန်သွယ်ရေးသဘောတူညီချက်တွေအရလည်း ယင်း ကိစ္စကို ပြန်လည်ဆွေးနွေးညှိနှိုင်းဖို့ လိုအပ်လာပါတယ်။

ဗြိတိန်ရဲ့ အချုပ်အခြာလုပ်ပိုင်ခွင့်အာဏာနဲ့ ဆိုင်တဲ့သတ်မှတ်ချက်တွေမှာ မဲပေးသူတွေအနေနဲ့ တခြားအကြောင်းအရာတွေကို ထည့်သွင်းစဉ်းစားရမယ့် အချက်တွေရှိပါသေးတယ်။ အမှီခိုကင်းတဲ့ တိုင်းပြည်နိုင်ငံတွေအဖြစ်နဲ့တောင်မှ နောက်ဆုံး ဆုံးဖြတ်ချက်ကိုချမှတ်တဲ့နေရာမှာ နီးစပ်ရာနိုင်ငံအချင်းချင်းတွေ အပေါ် မှာကျရောက်လာမယ့် အကျိုးသက်ရောက်မှုတွေကို ထည့်သွင်းစဉ်းစား သင့်ပါတယ်။ အီးယူအဖွဲ့ဝင်တွေဟာ တစ်ခါတစ်ရံမှာရှုပ်ထွေးတဲ့ ထိန်းချုပ်မှု တွေကနေ ဖြေလျှော့ဖို့လိုအပ်ပါတယ်။ (အထူးသဖြင့် မလိုအပ်တဲ့ ဌာနတွင်း ဆိုင်ရာကိစ္စရပ်တွေမှာဖြစ်ပါတယ်။)

ဒီဆုံးဖြတ်ချက်ကြောင့် ဗြိတိန်ရဲ့ ကမ္ဘာ့အဆင့်အတန်းမီတည်ရှိမှု ပုံရိပ်ကို ထိခိုက်စေနိုင်မလားဆိုတာကလည်း ပိုပြီးအရေးကြီးပါတယ်။ ဗြိတိန်ဟာ ဂလိုဘယ်စီးပွားရေးနဲ့ ပထဝီဝင်နိုင်ငံရေးအရလွှမ်းမိုးနိုင်မှုရှိတဲ့အတွက် သေသေ ချာချာစဉ်းစားသင့်တယ်လို့ ဥရောပလူမှုအဖွဲ့အစည်းအဖွဲ့ဝင် သန်းပေါင်း၅၀၀ က ထောက်ပြကြပါတယ်။ ယနေ့ကမ္ဘာမြေကြီးဟာပိုပြီး တုန်လှုပ်ချောက်ချား ဖွယ်ရာတွေ၊ ရှုပ်ထွေးမှုတွေ ပိုမိုများပြားလာသလို ကိုယ့်နိုင်ငံအကျိုးစီးပွားကို ကိုယ်တိုင်ထိန်းသိမ်းဖို့ဟာ အသေအချာ လိုအပ်လာပါတယ်။

ဗြိတိန်ဟာ ကမ္ဘာ့စီးပွားရေးနဲ့ နိုင်ငံရေးနောက်ခံဖြစ်ရပ်တွေကို ဆန့်ကျင်ပြီး တော့ ဆန္ဒခံယူပွဲတွေနဲ့ ကစားကွက်တွေ ရွှေ့နေတာကို တွေ့နေရပါတယ်။ နောက်ပြီးကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဟာ ၂၀၀၈ ခုနှစ်မတိုင်မီကငွေကြေး အခက်အခဲဆိုင်ရာပြဿနာတွေဆီကို တစ်ကျော့ပြန်မရောက်စေဖို့ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ကြီးကလည်းသတိပေးထားပြန်ပါတယ်။ အမှန်စင်စစ် အကြံပေးပုဂ္ဂိုလ်တစ်ဦးဖြစ်သူ မစ်ကင်စီကတော့ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုး တိုးတက်မှုနှုန်းဟာ လာမယ့်နှစ်ပေါင်း ၅၀ အတွင်းမှာ ပြီးခဲ့တဲ့ ဆယ်စုနှစ် ငါးခုစာကျော်ရဲ့ ထက်ဝက်ခန့်လောက် နိမ့်ကျသွားမယ်လို့ ကြိုတင်ခန့်မှန်းထား တာကို တွေ့ရပါတယ်။

တစ်ပြိုင်တည်းမှာပဲအမေရိကန်စစ်တပ် ဗိုလ်ချုပ်ကြီးဟောင်းတစ်ဦးဖြစ် သူ မစ္စတာမာတင်ဒမ့်ဆေးကလည်း ၄င်းအမြဲသံသယနဲ့ စောင့်ကြည့်ခဲ့သလို ကမ္ဘာကြီးဟာအန္တရာယ်အကြီးမားဆုံး ခေတ်ကာလအချိန်အခါကို ရောက် နေပြီလို့ဆိုပါတယ်။ ကမ္ဘာ့လူဦးရေရဲ့ ၉၀ ရာခိုင်နှုန်းဟာ ဖွံ့ဖြိုးဆဲနိုင်ငံ သားတွေဖြစ်ကြပြီး အဲဒီထဲကမှ သုံးပုံနှစ်ပုံဟာ အသက် ၂၅ နှစ်အောက် ငယ်ရွယ်တဲ့သူတွေဖြစ်ကြပါတယ်။ ဖွံ့ဖြိုးတိုးတက်မှု နှုန်းပိတ်ဆို့မှု သို့မဟုတ် ဖွံ့ဖြိုးမှုနှုန်းကျဆင်းသွားခြင်းဟာ ပေါ်ထွက်လာတဲ့ စီးပွားရေးကိစ္စတွေမှာ ဆိုးရွားတဲ့ နောက်ဆက်တွဲ အကျိုးဆက်တွေ ဖြစ်စေပါတယ်။ဗြိတိန်ရဲ့ ပင်လယ်ရပ်ခြား ဖွံ့ဖြိုးတိုးတက်မှုဌာနက ၂၀၂၅ ခုနှစ်မှာ အကြမ်းဖျင်းအားဖြင့် ကမ္ဘာ့လူဦးရေရဲ့ ၈၀ ရာခိုင်နှုန်းဟာ ကွဲအက်ထိရှလွယ်တဲ့အနေအထားနဲ့ ရင်ဆိုင်ရလိမ့်မယ်လို့ ဟောကိန်းထုတ်ထားပါတယ်။

အကျိုးဆက်အရနည်းပညာအဆင့်မြင့်လာခြင်းကြောင့် အလုပ်အကိုင်တွေ တစ်စတစ်စယုတ်လျော့လာမယ်။ ဝင်ငွေမညီမျှတဲ့ ပြဿနာတွေပိုပြီးဆိုးလာမယ်။ မွေးဖွားသေဆုံးမှုနှုန်းတွေ ပြောင်းလဲလာမယ်။ သဘာဝသယံဇာတတွေ တဖြည်း ဖြည်းလျော့နည်းလာပြီး သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးလာမယ် စတာတွေ ဟာ မီးခိုးကြွက်လျှောက်ဖြစ်ပေါ်လာမယ့် ပြဿနာတွေပဲဖြစ်ပါတယ်။

ဒုတိယကမ္ဘာစစ်ပြီးကတည်းက ကမ္ဘာကြီးဟာ အဆိုးရွားဆုံးဒုက္ခသည် ပြဿနာတွေနဲ့ ရင်ဆိုင်ခဲ့ရပြီးပါပြီ။ လူသန်းပေါင်း ၆၀ ခန့်ဟာအိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ကြရပါတယ်။ မတည်ငြိမ်မှုတွေဟာ တိုးသထက်တိုးပွားလာပြီး ပြဿနာတွေသာ ပိုမိုဆိုးဆိုးရွားရွားဖြစ်လာခဲ့တယ်။

အီးယူကထွက်ခွာခြင်းဟာ ဗြိတိန်အဖို့ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအပြောင်း အလဲတစ်ရပ်ကို ပေးမှာမဟုတ်ပါဘူး။ တိုင်းပြည်အနေနဲ့ ခံစားခွင့်များ ပိတ်ပင် ခံရပြီး စိန်ခေါ်မှုအသစ်တွေနဲ့ရင်ဆိုင်ရမှုကိုသာ ပေးပါလိမ့်မယ်။ အီးယူက ထွက်ခွာခြင်းထက် ဗြိတိန်အဖို့ ကမ္ဘာလုံးဆိုင်ရာ မူဝါဒရေးရာတွေကို ဩဇာ လွှမ်းမိုးဖို့အတွက် အီးယူမှာဆက်ရှိနေခြင်းကသာ သာလွန်ကောင်းမွန်တဲ့ နေရာတစ်ခုဖြစ်စေပါတယ်။

အထင်ရှားဆုံးပြောရရင် ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ အမြဲတမ်းအဖွဲ့ဝင် ဖြစ်နေသေးသရွေ့ အီးယူကထွက်ခွာခြင်းဟာ ဗြိတိန်ကို နိုင်ငံတကာအဖွဲ့ အစည်းများအကြားမှာနိုင်ငံရဲ့ သမိုင်းကြောင်းပုံရိပ်ကို မှေးမှိန်သွားစေမှာမဟုတ် ဘူးဆိုတာ သေချာပါတယ်။

သို့သော်လည်း အီးယူအဖွဲ့ဝင်မဟုတ်တဲ့ ဗြိတိန်အနေနဲ့ဆိုရင် ရှေးနှစ်တွေ ကထက် အဖွဲ့အစည်းတော်တော်များများမှာ ဦးဆောင်ဦးရွက်ပြုနေတဲ့ ကဏ္ဍ ကနေသူ့ရဲ့ရပ်တည်မှုနေရာနဲ့ ဩဇာလွှမ်းမိုးနိုင်မှု အနည်းငယ်လျော့နည်း သွားစေမှာဖြစ်ပါတယ်။ အီးယူအဖွဲ့ဝင်အတိုင်းပဲဆိုရင် ဗြိတိန်ဟာ နိုင်ငံရေး အင်အားစုတွေနဲ့ စီးပွားရေးအရလွှမ်းမိုးတဲ့ နေရာမှာအရေးပါတဲ့ အစိတ် အပိုင်းတစ်ခုဖြစ်တယ်ဆိုတာ ငြင်းမရတဲ့အချက်ပဲဖြစ်ပါတယ်။အီးယူကပံ့ပိုးခဲ့ ပေးတဲ့အတွက် ကမ္ဘာ့အဖြစ်အပျက်ရေးရာတော်တော်များများမှာ ဗြိတိန်အနေနဲ့ အသံကျယ်ကျယ်ထွက်နိုင်ခဲ့တာ ဖြစ်ပါတယ်။

သူ့ရဲ့ ဩဇာလွှမ်းမိုးနိုင်မှုကို အကန့်အသတ်ခံပြီး ကမ္ဘာ့အဆင့်အတန်းနေရာ တွေမှာပုံမှန်နေရာကပဲ ရပ်တည်ပြီး ဗြိတိန်အီးယူကနေ ထွက်ခွာသင့်သလား ဆိုတာ ဗြိတိန်မဲဆန္ဒရှင်တွေဟာသူတို့ရဲ့မဲလက်မှတ်တွေနဲ့ အဆုံးအဖြတ်ပေးဖို့ ပြင်ဆင်နေပါတယ်။ နိုင်ငံတကာရေးရာနဲ့ပတ်သက်တဲ့ နောက်ဆက်တွဲ ကိစ္စ ရပ်တွေကို သူတို့တွေအနေနဲ့ သေသေချာချာ နှိုင်းချိန်စဉ်းစားသင့်ပါကြောင်း။

**အထင်ရှားဆုံးပြောရရင် ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ အမြဲတမ်းအဖွဲ့ဝင် ဖြစ်နေသေးသရွေ့ အီးယူကထွက်ခွာခြင်းဟာ ဗြိတိန်ကို နိုင်ငံတကာအဖွဲ့အစည်းများအကြားမှာ နိုင်ငံရဲ့သမိုင်းကြောင်းပုံရိပ်ကို မှေးမှိန်သွားစေမှာမဟုတ်ဘူးဆိုတာ သေချာပါတယ်။ သို့သော်လည်း အီးယူအဖွဲ့ဝင်မဟုတ်တဲ့ ဗြိတိန်အနေနဲ့ဆိုရင် ရှေးနှစ်တွေကထက် အဖွဲ့အစည်းတော်တော်များများမှာ ဦးဆောင်ဦးရွက်ပြုနေတဲ့ ကဏ္ဍကနေ သူ့ရဲ့ရပ်တည်မှုနေရာနဲ့ ဩဇာလွှမ်းမိုးနိုင်မှု အနည်းငယ်လျော့နည်းသွားစေမှာဖြစ် . . .**

---

# ဗြိတိန်ဘုရင်မကြီး သက်တော် ၉၀ ပြည့် မွေးနေ့ကျင်းပ

**လန်ဒန် မေ ၂၁**

ဗြိတိန်ဘုရင်မကြီးသည် ဗြိတိန်နိုင်ငံအတွက် ခိုင်မာသည့် အင်အားများ ပေးစွမ်းခဲ့သည်ဟု ဝန်ကြီးချုပ် ဒေးဗစ် ကင်မရွန်းက ဘုရင်မကြီး၏ သက်တော် ၉၀ ပြည့် အခမ်းအနား၌ ဂုဏ်ပြုချီးမွမ်းခဲ့သည်။ ဝေလမင်းသားကလည်း ယင်းနေ့၌ ရေဒီယိုမှတစ်ဆင့် အထူးမိန့်ခွန်းပြောကြားခဲ့သည်။ အခမ်းအနားကျင်းပပြီးနောက် ဘုရင်မကြီးသည် ဝင်ဆာရှိ လူအုပ်အကြားတွင် လှည့်လည်ခဲ့သည်။

ထို့အပြင် တော်ဝင်မိသားစုမှ ကလေးငယ်များနှင့်အတူ ရိုက်ကူးထားသည့် ဓာတ်ပုံကို တော်ဝင်မိသားစု ဓာတ်ပုံ ဆရာမှ ရိုက်ကူးပေးခဲ့ပြီး အများပြည်သူများကို ပြသခဲ့သည်။ အဆိုပါ ဓာတ်ပုံ၌ ဘုရင်မကြီးသည် အငယ်ဆုံးမြစ် နှစ်ဦးနှင့်အတူ အခြား ကလေးငါးဦးခြံရံလျက် ဓာတ်ပုံရိုက်ခဲ့သည်။

ညနေပိုင်းတွင် ဗြိတိန်နိုင်ငံတစ်ဝန်း အမြောက်ပစ်ဖောက် ဂုဏ်ပြုခဲ့သည်။

**(ဘီဘီစီ)**



# တောမီးကူးစက်လောင်သည့် ပုပ္ပားရုပ်သံစက်ရုံမှ ဒေသခံများ ရုပ်/သံ အစီအစဉ်လှိုင်းနှုန်း ပြောင်းလဲဖမ်းယူကြည့်နိုင်

**နေပြည်တော် ဧပြီ ၂၁**

ပုပ္ပားတောင်မကြီး၌ ဧပြီ ၂၀ ရက် ညနေ ၄ နာရီ ၄၅ မိနစ်က တောမီးလောင်ကျွမ်းမှုမှတစ်ဆင့် လေပြင်းတိုက်ခတ်မှုကြောင့် ပုပ္ပားရုပ်သံစက်ရုံ၏ အဆောက်အအုံနှင့် စက်ပစ္စည်းအချို့အား မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။ မီးလောင်ကျွမ်းမှုအား စက်ရုံရှိ တာဝန်ကျဝန်ထမ်းများ၊ သက်ဆိုင်ရာမြို့နယ် မီးသတ်တပ်ဖွဲ့နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ပူးပေါင်းငြိမ်းသတ်ခဲ့ကြသည်။

အဆိုပါတောမီးလောင်ကျွမ်းမှုကြောင့် စက်ရုံတွင် တပ်ဆင်ထားသည့် စက်ပစ္စည်းအချို့မီးသင့်ခဲ့သဖြင့် မိုင် ၃၀ ဧရိယာအတွင်း မြန်မာ့ရုပ်မြင်သံကြား၏ ရုပ်သံထုတ်လွှင့်မှုများနှင့် မြန်မာ့အသံ၊ ချယ်ရီ FM၊ ပတ္တမြား FM၊ ရွှေ FM၊ ပုဂံ FMတို့၏ ထုတ်လွှင့်မှုများသည် အချို့နေရာများတွင်ပြတ်တောက်လျက်ရှိသည်။ ပရိသတ်များအတွက် အမြန်ဆုံး ၁၀ ရက်ခန့်ကာလအတွင်း ဝန်ဆောင်မှု ပြန်လည်ပေးအပ်နိုင်ရန် စက်ပစ္စည်းများအား စစ်ဆေးပြင်ဆင်လျက်ရှိသည်။ သို့ဖြစ်ပါ၍ အဆိုပါဒေသများရှိ ပြည်သူများအနေဖြင့် ရုပ်မြင်သံကြားအစီအစဉ်များကို မိတ္ထီလာ၊ မင်းဘူး၊ ပခုက္ကူ၊ စစ်ကိုင်းနှင့် ချောက်တို့မှ ထုတ်လွှင့်လျက်ရှိသည့် လှိုင်းနှုန်းများကို ပြောင်းလဲ၍ ဖမ်းယူကြည့်ရှုနိုင်ကြောင်း သိရသည်။

ဖမ်းယူရမည့်လှိုင်းနှုန်းများမှာ မိတ္ထီလာစက်ရုံမှ Analogue စနစ်ဖြင့် လှိုင်းနှုန်း Channel J-17၊ DVB-T 2 စနစ်ဖြင့်လှိုင်းနှုန်း Channel E-30 ဖြင့်လည်းကောင်း၊ FM Radio စနစ်ကို လှိုင်းနှုန်း (88.0 မီဂါဟတ်စ်) ဖြင့်လည်းကောင်း၊ မင်းဘူးစက်ရုံမှ Analogue စနစ်ဖြင့် လှိုင်းနှုန်း Channel J-8၊ DVB-T 2 စနစ်ကို လှိုင်းနှုန်း Channel E-27 ဖြင့်လည်းကောင်း၊ FM Radio စနစ်ကို လှိုင်းနှုန်း 92.5 မီဂါဟတ်စ်ဖြင့် လည်းကောင်း၊ ပခုက္ကူစက်ရုံမှ Analogue စနစ်ဖြင့် လှိုင်းနှုန်း Channel J-26၊ DVB-T 2 စနစ်ကို လှိုင်းနှုန်း Channel E-32 ဖြင့်လည်းကောင်း၊ FM Radio စနစ်ကို လှိုင်းနှုန်း 89.2 မီဂါဟတ်စ်ဖြင့် လည်းကောင်း၊ စစ်ကိုင်းစက်ရုံမှ Analogue စနစ်ဖြင့် လှိုင်းနှုန်း Channel G-6၊ DVB-T 2 စနစ်ကို လှိုင်းနှုန်း Channel E-31 ဖြင့် လည်းကောင်း၊ FM Radio စနစ်ကို လှိုင်းနှုန်း (94.6 မီဂါဟတ်စ်)ဖြင့်လည်းကောင်း၊ ချောက်မြို့နယ်တွင် DVB-T 2 စနစ်ဖြင့် လှိုင်းနှုန်း Channel E-37 ဖြင့်လည်းကောင်း ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်သည်။ မင်းဘူးနှင့် စစ်ကိုင်းစက်ရုံတို့မှာ Analogue စနစ်ဖြင့် MRTV NEWS Channel ကို VHF Antenna ဖြင့် ဖမ်းယူရမည်ဖြစ်ပြီး မိတ္ထီလာ၊ ပခုက္ကူစက်ရုံများမှာ UHF Antenna ဖြင့်လည်းကောင်း ဖမ်းယူရမည်ဖြစ်သည်။ အလားတူ မိတ္ထီလာ၊ မင်းဘူး၊ ပခုက္ကူ၊ စစ်ကိုင်းနှင့် ချောက်စက်ရုံတို့မှ Digital DVB-T 2 စနစ်ဖြင့် ဖမ်းယူမည်ဆိုပါက UHF Antenna ဖြင့် ဖမ်းယူရရှိနိုင်ပါကြောင်း သိရသည်။

**(သတင်းစဉ်)**

# မွေးမြူရေးငါးကြင်း တစ်ပိဿာ ငွေကျပ် ၁၀၀၀၀ အထိ ဈေးမြင့်တက်

**ရန်ကုန် ဧပြီ ၂၁**

ရန်ကုန်မြို့ရှိ စည်ပင်ဈေးများ သင်္ကြန်ရက်အပြီး ဧပြီ ၁၈ ရက်(နှစ်ဆန်း ၂ ရက်)မှ စတင်ကာ ပြန်လည်၍ တဖြည်းဖြည်း စည်ကားစပြုလာသည်ကို တွေ့ရသည်။ သင်္ကြန်ပြီးသော်လည်း ငါးဈေးများ ပြန်လည်ကျဆင်းလာခြင်း မရှိသည့်အတွက် အိမ်ရှင်မများက ညည်းညူနေကြသည်။



"သင်္ကြန်မတိုင်မီနဲ့ သင်္ကြန်တွင်းကတော့ ထားပါတော့။ ထုံးစံအတိုင်း ငါးဈေးမှ မဟုတ်ဘူး၊ အခြားသားဈေးနဲ့ မီးဖိုချောင်သုံးပစ္စည်းအချို့ ဈေးတက်တယ်။ သင်္ကြန်တွင်းမှာတော့ ဈေးသည်တွေ မထွက်တဲ့အတွက် ပစ္စည်းရှားပြီး ဈေးကြီးတယ်။ အခုသင်္ကြန်ပြီး ဈေးတွေ ပြန်စည်လာတာတောင်ငါးဈေးက ပြန်မကျတဲ့အပြင် ပိုတောင် တက်လာသေးတယ်"ဟု အိမ်ရှင်မတစ်ဦးက ပြောသည်။

ဧပြီ ၂၀ ရက်က မွေးမြူရေးငါးတစ်မျိုးဖြစ်သည့် ငါးကြင်း(အဖြူ) အကောင်ကြီး တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၀ အထိ မြင့်တက်သွားခဲ့သည့်အတွက် ငါးကြိုက်သူအိမ်ရှင်မများ ငါးဈေးမေးပြီး ရင်ဘတ်လေးဖိကာ ဘုရားဘုရားဟု ရေရွတ်၍နောက်ပြန်ဆုတ်ခဲ့ကြရသည်။ သင်္ကြန်ခြောက်ရက်အတွင်း ငါးကြင်းဈေးနှုန်းအမြင့်ဆုံး တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀ အထိသာ ရှိခဲ့ဖူးသည်။

သင်္ကြန်မတိုင်မီက ငါးဈေးအခြေအနေမှာ အခြေခံလူတန်းစားအများစားသုံးကြသည့် ငါးခူ၊ ငါးကျည်းတစ်ပိဿာငွေကျပ် ၇၀၀၀ မှ ၉၀၀၀၊ ငါးကြင်းတစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ မှ ၆၅၀၀၊ ငါးမြစ်ချင်းတစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ မှ ၅၀၀၀ အထိသာ ဈေးရှိခဲ့သည်။

သင်္ကြန်ရက်အတွင်း၌ ဈေးသည်ထွက်ရှိမှုနည်းပါးခဲ့ပြီး ငါးခူ၊ ငါးကျည်း တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၀မှ ၁၁၀၀၀ ဈေးရှိပြီး ငါးကြင်းတစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ မှ ၈၅၀၀ အထိ ဈေးရှိသည်။ ငါးမြစ်ချင်းတစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ မှ ၇၀၀၀ ဈေးအထိရှိကြောင်း ကြည့်မြင်တိုင်ထီးတန်းဈေးမှ ငါးရောင်းသည့် အမျိုးသမီးတစ်ဦးက ပြောသည်။

ယခုသင်္ကြန်ရက်အပြီး တစ်ရက်နှစ်ရက်အတွင်း ငါးခူ၊ ငါးကျည်းဈေးအနည်းငယ် ပြန်ကျလာသည်။ ဧပြီ ၂၀ ရက်က ငါးကြင်းဈေးအမြင့်ဆုံး ခုန်တက်သွားသော်လည်း နောက်ရက်၌ တစ်ပိဿာငွေကျပ် ၇၀၀၀ မှ ၈၀၀၀ တွင် တန့်နေကြောင်း လက်လီရောင်းသည့် ဈေးသည်များထံမှ သိရသည်။

ဗဟိုစံပြငါးဈေးအတွင်း လေ့လာကြည့်ရာ၌ နံနက်ဝေလီဝေလင်းငါးများဝင်လာသော်လည်း အချို့ဒိုင်များက ဈေးမဖြတ်ဘဲ ငါးအနည်းအများအဝင်ပေါ်ကြည့်၍ ဈေးသတ်မှတ်ခြင်း ပြုနေကြသည်ကို တွေ့ရသည်။

ဗဟိုစံပြငါးဈေးမှ ငါးဒိုင်ကိုယ်စားလှယ်များ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးမြမောင်က "အခုလိုသင်္ကြန်ပတ်ဝန်းကျင် ရက်တွေမှာ ငါးဈေးတက်တာကတော့ ထုံးစံအတိုင်းပါပဲ။ ငါးဈေးတက်ရတဲ့အကြောင်းကတော့ သင်္ကြန်ကာလမှာ ငါးကန်ပိုင်ရှင်တွေ၊ ငါးဒိုင်တွေက ဗုဒ္ဓဘာသာဝင်တွေများတယ်။ အဲဒီတော့ သူ့အသက်သတ်ချင်းကို ရှောင်ကြဉ်ကြတယ်။ နောက်သင်္ကြန်မတိုင်မီ သင်္ကြန်အတွင်းနဲ့ဆက်ရက် ရက်တွေမှာ လုပ်သားတွေရှားတယ်။ နောက်သယ်ယူပို့ဆောင်စရိတ်တွေမြင့်တယ်။ အခုဒီရက်အတွင်းမှာ ဈေးပြန်မကျသေးတဲ့အကြောင်း တစ်ချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကြက်ငှက်တုပ်ကွေးကြောင့် ကြက်သားရှောင်ကြတယ်။ ငါးအဓိကစားကြတယ်။ အဲဒီဘက်က ငါးအဆွဲများနေတယ်။ နောက်တစ်ပတ်လောက်ဆိုရင်တော့ ငါးဈေးပြန်ကျလာနိုင်စရာအကြောင်းရှိပါတယ်"ဟု ပြောကြားသည်။

ဧပြီ ၂၁ ရက်နံနက်က ငါးဈေးကြီးအတွင်းရှိ ဗောတံတားဆိပ်များ၌ နယ်စုံမှ ငါးပို့စက်လှေကြီးများ အစင်း ၃၀ ခန့် ဝင်ရောက်လျက်ရှိသည်ကို တွေ့ရသည်။ စက်လှေတစ်စင်းလျှင် ငါးပိဿာချိန် ၈၀၀၀ ကျော်ပါရှိသည်ဟု သိရသည်။

ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးကြီးအတွင်းသို့ ဧပြီ ၁ ရက်မှ ၁၀ ရက်အတွင်း ငါးကုန်စည်ဝင်ရောက်မှုမှာ တစ်ရက်လျှင် ပျမ်းမျှပိဿာချိန် ၁၃၀၀၀၀ ကျော် ဝင်ရောက်ခဲ့ပြီး သင်္ကြန်ကာလအတွင်း၌ တစ်ရက်လျှင် ပျမ်းမျှပိဿာချိန် ၇၀၀၀၀ ကျော်အဝင်ရှိ၍ သင်္ကြန်အပြီးနောက်ရက် ဧပြီ ၁၈ ရက်မှ ၂၀ ရက်အထိ တစ်ရက်လျှင် ပျမ်းမျှပိဿာချိန် ၁၅၀၀၀၀ မျှသာ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

**သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)**
**ဓာတ်ပုံ-ကိုကြီးတင်**

# မြစ်ကြီးနားတွင် ရာသီပေါ် ဖရဲသီးရောင်းဝယ်မှုများ အရှုံးပေါ်

**မြစ်ကြီးနား ဧပြီ ၂၁**

ကချင်ပြည်နယ်အတွင်းရှိ မြစ်ကြီးနားမြို့နယ်နှင့် အခြားသော မြို့နယ်များအပါအဝင် သင်္ကြန်ကာလ မရောက်မီမှစ၍ ရာသီဥတုဖောက်ပြန်ပြီး မိုးများရွာသွန်းမှုကြောင့် ရာသီသီးနှံဖြစ်သော ဖရဲသီးလက်လီလက်ကားရောင်းဝယ်သူများမှာ ရာသီဥတုအေးလာသောကြောင့် ဖရဲသီးဝယ်ယူစားသုံးသူမရှိ၍ ရောင်းအားကျပြီး အရှုံးနှင့်ကြုံတွေ့နေရကြောင်း မြစ်ကြီးနားမြို့ မြို့သစ်ကြီးရပ်ကွက်ဈေး(၂) ကမ်းနားလမ်းတွင် ဖရဲသီးလက်လီလက်ကားရောင်းဝယ်နေသူ ကိုကျော်ဌေးက ပြောသည်။

"ကျွန်တော်ဖရဲသီးကို မိုးကောင်းကနေပြီး တုန်ဖုန်းကားနဲ့တစ်စီးကို ၄၅၀၀၀၊ ၅၀၀၀၀ နဲ့ဝယ်ရတယ်။ အခုတစ်လုံးကိုငွေကျပ် ၁၀၀၀ မှ ၁၅၀၀နဲ့ရောင်းနေရတယ်။ ဝယ်စားတဲ့သူမရှိဘူး။ အရင်နှစ်ကဆို ယခုလိုအချိန်မြစ်ကြီးနားမှာ အလွန်ပူတယ်။ ဒါကြောင့် ဖရဲသီးရောင်းအားကောင်းတယ်။ မနှစ်ကဆို တုန်ဖုန်းကားတစ်စီးကို ငွေကျပ် ၇၀၀၀၀ အထိ ပေးဝယ်ရတယ်။ တစ်လုံးကို အနိမ့်ဆုံး ငွေကျပ် ၃၀၀၀ ရောင်းရတယ်။ ဒီနှစ်မှာ ရာသီဥတုဖောက်ပြန်ပြီး မိုးရွာသွန်းမှုများလာတဲ့အတွက်ကြောင့် လာရောက်ဝယ်စားသူနည်းပါးပြီး ဒီနားမှာရှိတဲ့ ဖရဲသီးအရောင်းဆိုင်အကုန်လုံး နှစ်သိန်း၊ သုံးသိန်းလောက်ယနေ့ထိအရှုံးပေါ်ပါတယ်"ဟု ပြောသည်။



"အဒေါ်က ဒီမှာရာသီသီးနှံပေါ်ချိန်တွင် ဝယ်ပြီးတော့ အရောင်းအဝယ်လုပ်နေတာ နှစ်တွေ အတော်ကြာပါပြီ။ ဒီနှစ်နှစ်၊ သုံးနှစ်အတွင်း ရာသီပေါ်သီးနှံရောင်းတာ ဘယ်လိုမှ ရောင်းမကောင်းဘူး။ အဒေါ့်အမြင်ကတော့ ရာသီဥတုဖောက်ပြန်တာရယ်၊ လက်နက်ကိုင်ပဋိပက္ခနဲ့ နိုင်ငံရေးမတည်ငြိမ်မှုကြောင့်လို့ထင်တယ်။ ဒါတွေဖြစ်တဲ့အတွက်ကြောင့် ဒေသခံပြည်သူတွေကလည်း စီးပွားရေးအဆင်မပြေဘူး။ အရောင်းအဝယ်တွေကျတယ်။ ရာသီသီးနှံဖြစ်တဲ့ ဖရဲသီးကိုလည်း စိုက်ပျိုးသူတွေအလွန်များတယ်။ မိုးကလည်း အေးတော့ ဖရဲသီးကလည်းပေါတော့ ဝယ်စားတဲ့သူတွေမရှိတဲ့အတွက်ကြောင့် အရင်နှစ်ထက် ဒီနှစ်ကပိုပြီး အရောင်းအဝယ်ကျတာပါ"ဟု ခေမာသီရိရပ်ကွက်နေ ရာသီ သီးနှံရောင်းဝယ်သူ ဒေါ်သန်းမြင့်က ပြောသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

## ဧပြီ ၂၁ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၆ ခုနှစ် ဧပြီ ၂၁ ရက် (ကြာသပတေးနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်)ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၀၀၀၀ မှ ၄၃၀၀၀ |
| ၂။ | ဧရာ/ညှော့မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၀၀၀ မှ ၂၃၀၀၀ |
| ၃။ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၈၀၀ မှ ၂၁၀၀၀ |
| ၄။ | မြီးတိုး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၅၀၀၀ မှ ၂၆၀၀၀ |
| ၅။ | သုခ(ဆန်) | နယ်စုံ | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၃၅၀၀ မှ ၂၄၀၀၀ |
| ၆။ | ပဲစဉ်းငုံနီ RC | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၄၉၇၅၀၀ |
| ၇။ | မတ်ပဲ FAQ/RC | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၆၅၁၀၀၀ |
| ၈။ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၅၃၀ မှ ၁၇၇၀ |
| ၉။ | ကြက်သွန်နီ | ဆိပ်ဖြူ၊ တောင်တွင်း၊ မြစ်သား၊ အောင်လံ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၂၅ မှ ၆၅၀ |
| ၁၀။ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၂၀၀ မှ ၄၃၀၀ |
| ၁၁။ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၈၀၀ မှ ၂၅၀၀ |
| ၁၂။ | ငရုတ်(ရှည်) | ကျောက်ရဲ၊ဝါးခယ်မ၊ရွှေလောင်း၊ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၆၀၀ မှ ၃၄၀၀ |
| | | ပန်းတနော်၊ဟင်္သာတ၊ဇီယက်နမ် | | | |
| ၁၃။ | ငရုတ်(မိုးထောင်) | ညောင်ရမ်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၈၀၀ မှ ၃၀၀၀ |
| ၁၄။ | အာလူး | ဟဲဟိုး | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၀ မှ ၈၀၀ |
| ၁၅။ | နာနတ်သီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၀၀၀ မှ ၁၆၀၀ |
| ၁၆။ | ဖရဲသီး | ၈၅၅ | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၈၀၀ မှ ၂၅၀၀ |
| ၁၇။ | သံပုရာသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၆၀ |
| ၁၈။ | သရက်သီး(စိန်တစ်လုံး) | | တစ်ဖာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၀၀၀၀ မှ ၁၅၀၀၀ |
| ၁၉။ | သရက်သီး(မချစ်စု) | | တစ်တောင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၂၁၀၀၀ မှ ၃၁၀၀၀ |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အေဂျင်စီ (AMIA) မှ ပေးပို့သည်။

# သင်္ကြန်ကာလအတွင်း ဖမ်းဆီးထားသည့် စည်းကမ်းမဲ့မော်တော်ဆိုင်ကယ်များအား မော်တော်ယာဉ်ဥပဒေနှင့် အရေးယူမည်



**မုံရွာ ဧပြီ ၂၁**

မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန်ကာလ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့အတွင်း စည်းကမ်းချိုးဖောက်သည့် မော်တော်ဆိုင်ကယ် ၁၂၈ စီးအား မော်တော်ယာဉ်ဥပဒေများဖြင့် အရေးယူသွားမည်ဖြစ်ကြောင်း မုံရွာမြို့ အမှတ်(၁၇) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲရုံးမှ သိရသည်။

"သင်္ကြန်ကာလအတွင်းမှာ ဖမ်းဆီးထားတဲ့ မော်တော်ဆိုင်ကယ်တွေကို မြို့မရဲစခန်းမှာ အမှုဖွင့်မယ်။ တရားရုံးမှာ ဆိုင်ကယ်ပိုင်ရှင်တွေအနေနဲ့ အမှုရင်ဆိုင်ပြီး မြို့နယ်တရားရုံးကချမှတ်တဲ့ ဥပဒေအတိုင်းခံယူရမှာပါ။ အမှုပြီးပြတ်သွားရင်တော့ သူတို့ဆိုင်ကယ်တွေကို ပိုင်ရှင်တွေထံ ပြန်လည်ပေးအပ်သွားမှာပါ" ဟု မုံရွာမြို့ အမှတ်(၁၇) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ စည်းကမ်းပျက် မော်တော်ဆိုင်ကယ်များကို (၂၀၁၅)မော်တော်ယာဉ်ဥပဒေများဖြစ်သော ပုဒ်မ ၄၅(က) ယာဉ်လိုင်စင်မပါဘဲ မောင်းနှင်ခြင်း၊ ပုဒ်မ ၄၇(က) ယာဉ်မောင်းလိုင်စင်မပါဘဲ မောင်းနှင်ခြင်းနှင့် ၅၄(ဇ) အိတ်ဇောစက်သံဆူညံစွာမောင်းနှင်ခြင်း စသည့်ပုဒ်မများဖြင့် အရေးယူသွားမည်ဖြစ်ပြီး ၁၃၇၇ ခုနှစ် မြန်မာရိုးရာမဟာသင်္ကြန်ကာလအတွင်း မုံရွာမြို့နယ်အတွင်း ယာဉ်မတော်တဆမှု ငါးကြိမ်ဖြစ်ပွားခဲ့ပြီး မော်တော်ယာဉ်မတော်တဆမှုဖြင့် တစ်ဦး၊ မော်တော်ဆိုင်ကယ် မတော်တဆမှုဖြင့် တစ်ဦး စုစုပေါင်း နှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# ရခိုင်ပြည်နယ် စစ်တွေမြို့ သဲချောင်းအဝ ပင်လယ်ပြင်တွင် စက်လှေနစ်မြုပ်၍ ၁၈ ဦးသေဆုံးပြီး ၂၀ ပျောက်ဆုံး

**စစ်တွေ ဧပြီ ၂၁**

ရခိုင်ပြည်နယ် စစ်တွေမြို့ သဲချောင်း(ဗေဒါမော်ကျွန်း)နှင့် လုံခြုံရေးကင်းစခန်းအနီး တစ်မိုင်ခန့်အကွာ ပင်လယ်ပြင်တွင် ဧပြီ ၁၉ ရက် နံနက် ၁၀ နာရီခန့်က စက်လှေတစ်စင်း နစ်မြုပ်ခဲ့ရာ စက်လှေပေါ်ပါ ၄၉ ဦးအနက် ၁၁ ဦးကို ကယ်ဆယ်နိုင်ခဲ့ပြီး ၁၈ ဦး၏ ရုပ်အလောင်းများ ဆယ်ယူနိုင်ခဲ့သော်လည်း ၂၀ မှာ ပျောက်ဆုံးလျက်ရှိသည်။

အဆိုပါစက်လှေသည် ပေါက်တောမြို့နယ် ဆင်တက်မော် ကယ်ဆယ်ရေးစခန်းမှ မောင်းနှင်လာခြင်းဖြစ်ပြီး စက်လှေအမျိုးအစားမှာ အလျား ၁၅ ပေ၊ အနံ ၁၂ ပေ၊ ရေစူး ခြောက်ပေ၊ ဂျင်ဒေါင်း ၂၅ ကောင် သစ်သားကိုယ်ထည်စက်လှေဖြစ်ကာ စက်လှေပေါ်တွင် ဘင်္ဂါလီလူမျိုး အမျိုးသား ၂၂ ဦးနှင့် အမျိုးသမီး ၂၇ ဦး စုစုပေါင်း ၄၉ ဦး လိုက်ပါခဲ့ပြီး သဲချောင်းကျေးရွာတွင် ဈေးဝယ်ရန်လိုက်ပါလာကြခြင်းဖြစ်သည်။

စက်လှေနစ်မြုပ်ရာမှ အမျိုးသား ရှစ်ဦး၊ အမျိုးသမီး ၁၁ ဦးတို့ကို အသက်ရှင်လျက်ကယ်ဆယ်နိုင်ခဲ့ပြီး ပဲ့နင်းမောင်းကြီးအပါအဝင် အမျိုးသားလူကြီး တစ်ဦး၊ အမျိုးသမီး လူကြီး ခုနစ်ဦး၊ အမျိုးသား လူငယ် လေးဦး၊ အမျိုးသမီးငယ် ခြောက်ဦး စုစုပေါင်း ၁၈ ဦး၏ ရုပ်အလောင်းများအား ဆယ်ယူရရှိခဲ့သော်လည်း ကျန် ၂၀ မှာ ပျောက်ဆုံးလျက်ရှိသဖြင့် ဆက်လက်ရှာဖွေလျက်ရှိသည်။

အဆိုပါ အသက်ရှင်ကျန်ရစ်သူများအနက် ဒဏ်ရာအနည်းငယ်ရရှိသည့် အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့မှာ သင်္ဘောပြင်ဆေးရုံတွင်လည်းကောင်း၊ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး နှစ်ဦးတို့မှာ စစ်တွေဆေးရုံကြီးတွင်လည်းကောင်း ဆေးကုသမှုခံယူလျက်ရှိပြီး သေဆုံးခဲ့သူ ၁၈ ဦးနှင့်ပတ်သက်၍ စစ်တွေရဲစခန်းမှ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ဟဲဟိုးမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အိုက်စ်များ ဖမ်းဆီးရမိ


**နေပြည်တော် ဧပြီ ၂၁**

မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၁ ရက်က တောင်ကြီး-ဟဲဟိုးကားလမ်း မိုင်တိုင်အမှတ် ၉၈ အနီးတွင် ရဲမင်းထွန်း မောင်းနှင်ပြီး မတင်နွယ်လင်း၊ ဖြိုးဝဏ္ဏကျော်နှင့် လှိုင်ဆွေဦးတို့ လိုက်ပါလာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၅၈၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဧပြီ ၂၀ ရက်က နမ့်ခမ်းမြို့ ရပ်ကွက်(၁) မန့်ခမ်း အိမ်အမှတ်(မခ/၁၈၄)နေ ထွန်းမြတ်၏ နေအိမ်ကို ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၁၀ ခွက် (အလေးချိန် ၁၃၀ ဂရမ်)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၆၈၂ ပြား တို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ပုပ္ပားတောင်မကြီး၌ လောင်ကျွမ်းလျက်ရှိသည့်တောမီး ဆေးမွှန်းတောင်ဝန်းကျင်အထိ ဆက်လက်လောင်ကျွမ်း



**ကျောက်ပန်းတောင်း ဧပြီ ၂၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်ရှိ အမြင့် ၄၉၈၁ ပေမြင့်သော ပုပ္ပားတောင်မကြီးထိပ်တွင် ဧပြီ ၂၀ ရက် ညနေ ၄ နာရီခွဲက တောမီး စတင်လောင်ကျွမ်းခဲ့ရာ၊ လေပြင်းများ တိုက်ခတ်မှုကြောင့် တောမီးမှာ လျင်မြန်စွာပျံ့နှံ့ပြီး ညနေ ၄ နာရီ ၄၅ မိနစ်ခန့်က တောင်ထိပ်ရှိ MRTV ရုပ်သံထပ်ဆင့်လွှင့်စက်ရုံကို မီးစွဲလောင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ထပ်ဆင့်လွှင့်စက်ရုံ မီးကူးဆက်လောင်ကျွမ်းမှုဖြစ်စဉ်အား ရုပ်/သံထပ်ဆင့်လွှင့်စက်ရုံမှ တာဝန်ကျဝန်ထမ်း၏ ဆက်သွယ်သတင်းပေးမှုဖြင့် MRTV ၊ Micro နှင့် MEC စက်ရုံဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ပုပ္ပားရဲစခန်းစခန်းမှူးနှင့် တပ်ဖွဲ့ဝင်များ၊ အမှတ်(၇၈) ခြေလျင်တပ်ရင်းမှ တပ်မတော်သားများ၊ ပုပ္ပားကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသားများ၊ ကျောက်ပန်းတောင်း မြို့ပေါ်မှ တာဝန်သိ လုပ်သားပြည်သူများ ဝိုင်းဝန်းစုပေါင်း ငြိမ်းသတ်ခဲ့ကြရာ ည ၈ နာရီခွဲတွင် စက်ရုံမှ လောင်ကျွမ်းနေသော မီးကို ထိန်းသိမ်းနိုင်ခဲ့ပြီး ပစ္စည်းများနေရာ ရွှေ့ပြောင်းနိုင်ခဲ့ကြောင်းသိရသည်။

အဆိုပါတောမီးမှာ တောင်ထိပ်မှတစ်ဆင့် တောင်အောက်ဘက်သို့ ဆက်လက် လောင်ကျွမ်းနေရာမှ ဧပြီ ၂၁ ရက် မွန်းတည့် ၁၂ နာရီအချိန် ရဟတ်ယာဉ်ကွင်း(ဦးနုတိုက်ဟောင်း)အထက်ဘက် ဆေးမွှန်းတောင်ကုန်းဝန်းကျင်ရှိ ထင်းရှူးတောနှင့် မြက်ခြောက်တောများကို ဆက်လက် လောင်ကျွမ်းလျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါတောမီး ကူးစက်လောင်ကျွမ်းမှုကြောင့် မျက်မြင်အခြေအနေအရ (၁၀ × ၂၅) ပေ ထပ်ဆင့်လွှင့်စက်ရုံအဆောက်အအုံတစ်ခု၊ 60 KVA မီးစက်တစ်လုံး၊ 12 V ဘက်ထရီ ၃၂ လုံး၊ Outdoor Unit နှစ်လုံးနှင့် လေအေးပေးစက်များ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

# လေပြင်းတိုက်ခတ်သဖြင့် မုံရွာ-ဘုတလင်လမ်းပေါ်၌ လိုက်ထရပ်ယာဉ်တစ်စီး ထနောင်းကိုင်းပိ

**ဘုတလင် ဧပြီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်အတွင်း ဧပြီ ၂၁ ရက် ညနေ ၆ နာရီခန့်က လေပြင်းများ ရုတ်တရက်တိုက်ခတ်ခဲ့ပြီး မိုးနှင့်အတူ ဆီးဖြူသီးခန့်ရှိ မိုးသီးများပါ ရွာသွန်းခဲ့ကာ မုံရွာ-ဘုတလင်လမ်းပေါ်တွင် မောင်းနှင်နေသည့် မော်တော်ယာဉ်တစ်စီး သစ်ကိုင်းပိပျက်စီးခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်ကြောင့် အဆိုပါ လိုက်ထရပ်ယာဉ်မှာ ကားနောက်ပိုင်း ဘော်ဒီပျက်စီးပြီး ကားခေါင်းပိုင်းရှို့ကာ ရှေ့ဘီးပေါက်ထွက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်ကြောင့် လူအသေအပျောက်၊ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် ဖြစ်ပွားရာသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက ကားပေါ်တွင် ပိနေသည့် သစ်ကိုင်းကို ဖယ်ရှားရေး ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့ကြရာ ည ၇ နာရီခန့်တွင် မုံရွာ-ဘုတလင်လမ်းတွင် မော်တော်ယာဉ်များ ပုံမှန် သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**


တက္ကသိုလ်ဝင်တန်း ဖြေဆိုပြီးသူများ
ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့်
အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်
ဆရာအာသာ SUCCESS Language Academy
လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453, 09 30775232
(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048, 256954

BASIC ENGLISH SPEAKING
9 - 12:00 (Sat + Sun) 23 Apr
3:30 - 5 (Mon~Thurs) 25 Apr
6 - 7:30 (Mon~Thurs) 25 Apr
7:30 - 9 (Mon~Thurs) 11 May

BASIC FOUR SKILLS ENGLISH
9 - 12:00 (Sat + Sun) 23 Apr
7:30 - 9 (Mon~Thurs) 25 Apr
10-11:30 (Mon~Thurs) 25 Apr
1 - 2:30 (Mon~Thurs) 25 Apr
3:30 - 5 (Mon~Thurs) 25 Apr
1 - 4:00 (Sat + Sun) 30 Apr
1 - 2:30 (Mon~Thurs) 2 May
7:30-10:30 (Sat + Sun) 14 May

PRE-INTERMEDIATE (4-SKILL ENGLISH)
1 - 2:30 (Mon~Thurs) 25 Apr
3:30 - 5 (Mon~Thurs) 25 Apr
10-11:30 (Mon~Thurs) 23 May
12 - 3:00 (Sat + Sun) 29 May

INTERMEDIATE (ACADEMIC ENGLISH)
3:30-5:30 (Mon~Thurs) 25 Apr
7:30 - 9 (Mon~Thurs) 30 May

VOCAB ENRICHMENT
9 - 12:00 (Sat + Sun) 23 Apr
10-11:30 (Mon~Thurs) 23 May

BASIC GRAMMAR
3:30 - 5 (Mon~Thurs) 9 May

BASIC WRITING
10-11:30 (Mon~Thurs) 25 Apr

BASIC ENGLISH SPEAKING
7:30 - 9 (Mon~Thurs) 25 Apr
1 - 2:30 (Mon~Thurs) 4 May

BASIC GRAMMAR
9 - 12:00 (Sat + Sun) 22 May

PRE-INTERMEDIATE (4-SKILL ENGLISH)
7:30-10:30 (Sat + Sun) 23 Apr
10-11:30 (Mon~Thurs) 25 Apr
1 - 4:00 (Sat + Sun) 22 May

BASIC FOUR SKILLS ENGLISH
12:30-3:30 (Sat + Sun) 23 Apr
7:30 - 9 (Mon~Thurs) 25 Apr
1 - 2:30 (Mon~Thurs) 25 Apr
3:30 - 5 (Mon~Thurs) 25 Apr

INTERMEDIATE (ACADEMIC ENGLISH)
4:30-7:30 (Sat + Sun) 29 May

IELTS (Writing)
12:30-3:30 (Sat+Sun) 28 May

IELTS (Preparation)
7:30-9:30 (Mon~Thurs) 9 May
1 - 4:30 (Sat + Sun) 12 Jun

IELTS (Writing)
7:30 - 9 (Mon~Thurs) 9 May

IELTS (Speaking)
7:30-9 (Mon~Thurs) 25 Apr

IELTS (Reading)
1-3:00 (Mon~Thurs) 25 Apr

IELTS (Grammar)
10-11:30 (Mon~Thurs) 25 Apr



# စလင်းရှေးဟောင်းမြို့ဝက်သည်းကန်ကြီး ပျက်စီးလာနေ၍ အကြီးစားပြုပြင်ပေးစေချင်

ထင်သာမြင်သာပြုပြင်စရာ

မကွေးတိုင်းဒေသကြီး စလင်းမြို့ရှိ ရှေးဟောင်းသမိုင်းဝင်ဝက်သည်းကန်ကြီးကို ပုဂံပြည့်ရှင်နရပတိစည်သူမင်းကြီး စလင်းမြို့သို့ တိုင်းခန်းလှည့်လည်ခဲ့စဉ်က မင်းကြီး၏ မိဖုရားငယ်ရှင်စောဝက ခရစ်သက္ကရာဇ် ၁၁၉၄ ခု၊ ကောဇာသက္ကရာဇ် ၅၅၆ ခုနှစ်တွင် ကုသိုလ်ပြုတူးဖော်ပေးခဲ့သည်။ ကန်ကြီး၏သက်တမ်းမှာနှစ်ပေါင်း ၈၂၂ ရှိပြီဖြစ်သည်။ ကန်ကြီး၏မူလအကျယ်အဝန်းမှာ ဧက ၁၀၈၈ ရှိပြီး ယခုလက်ရှိ ကန်ရေပြင်အကျယ် ၅၃၀ ဧကသာရှိတော့သည်။

အဆိုပါကန်ကြီးကို ၁၉၅၃ခုနှစ်တွင် နိုင်ငံတော်အစိုးရက ဘေးမဲ့ကန်အဖြစ် သတ်မှတ်ပေးခဲ့သည်။

အဆိုပါကန်ကြီးမှာ သက်တမ်းကာလကြာပြီဖြစ်သော်လည်း ပြုပြင်ထိန်းသိမ်းခြင်းမရှိ၍ ကန်ကြီးအတွင်း နုန်းထူရွံ့ထုများကြောင့် ရေလှောင်နိုင်မှုကျဆင်းကာ နွေရာသီကာလများတွင် ရေခန်းခြင်း၊ ကျူပင်ပိတ်စွယ်ရိုင်းများ တောထနေခြင်း၊ အမြင်မတင့်တယ်ခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။ မိုးကောင်းသောနှစ်များတွင် ကန်ကြီး၏ ပိုလျှံရေများဖြင့် စပါးဧက ၂၀၀၀ကျော် စိုက်ပျိုးနိုင်သည်ဟု သိရသည်။

ယခုအခါ ကန်ကြီးမှာ အဘက်ဘက်က ယိုယွင်းပျက်စီးလျက်ရှိရာ ဒေသခံအလှူရှင်များက ကန်ကြီးကို တတ်စွမ်းသမျှ သန့်ရှင်းအောင်ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ သို့သော် လုပ်ငန်းပမာဏမှာ ကျယ်ပြန့်သဖြင့် နိုင်ငံတော်အကူအညီဖြင့် အကြီးစားပြုပြင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ဒေသခံများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**



**စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးစံပြကျေးရွာ ရပ်ကွက်(၆)နေ ထူးခြားသော အရေပြားရောဂါဝေဒနာရှင် မအေးဆန်းပိုင်၏ ကျန်းမာရေးအတွက် ကိုနိုင်နိုင်ထွေး-မစီစီသင်း (ခေတ္တစင်ကာပူ)မှ ထောက်ပံ့အလှူငွေ ကျပ်တစ်သိန်းကို အင်းတော်မြို့ မြန်မာ့စီးပွားရေးဘဏ်သို့ ဧပြီလတွင် ပေးပို့ခဲ့ရာ မော်လူးစံပြကျေးရွာနေ မြန်မာ့အလင်းသတင်းထောက် ကိုခင်မောင်ဆွေထံ ငွေလွှဲပို့ခဲ့သဖြင့် ထုတ်ယူပြီး မအေးဆန်းပိုင်နှင့်မိဘများထံသို့ အပ်နှင်းခဲ့စဉ်။**
ခင်မောင်ဆွေ(မော်လူး)

စာပေ
မြင့်မှ
လူမျိုး
တင့်မည်

# သဘာဝရေအရင်းအမြစ်များ ရေရှည်တည်တံ့ရန် နမ့်လန်ရေထွက်စမ်းအား ထိန်းသိမ်းထား

**သီပေါ ဧပြီ ၂၁**

နမ့်လန်ဒေသသည် စီးပွားရေး၊ လူမှုရေးများ ဖွံ့ဖြိုးတိုးတက်လာသကဲ့သို့ ဘာသာ၊ သာသနာရေးမှာလည်းစည်ပင်ဖွံ့ဖြိုးလာရာ လူဦးရေမှာလည်း တိုးတက်များပြားလာသဖြင့် သောက်သုံးရေ ယခင်ကထက် ခန်းခြောက်မှုနှုန်းမြန်ဆန်လာခဲ့ကြောင်း သိရသည်။

ယခင် ဘုန်းကြီးကျောင်းဝင်းအတွင်းက ရေထွက်စမ်းရေနှင့်ပင် သောက်သုံးရေ ဖူလုံခဲ့သော်လည်း ယခုနှစ် ရေထွက်နည်းပါးလာသည်။ ဤရေထွက်စမ်းကိုအစွဲပြု၍ နမ့်လန်မြို့ဟု ခေါ်တွင်သမုတ်ခဲ့သည်။ စိမ့်စမ်းရေမှသည် ချောင်းအသွင်စီးဆင်းကာ နမ့်လန်နယ်သူနယ်သားများ အားလုံး အသက်ရှင်ရပ်တည်နိုင်ရေးအတွက် အားထားသောက်သုံးရသော သဘာဝစိမ့်စမ်းရေထွက်တစ်ခုပင်ဖြစ်သည်။ အယ်နီညိုရာသီဥတုကြောင့် သဘာဝရေအရင်းအမြစ်များ မပျက်စီးစေရန်အတွက် သစ်တောသစ်ပင်များကို ပြန်လည်စိုက်ပျိုးပြုစုလျက်ရှိကြောင်း နမ့်လန်မူလရှမ်းကျောင်းကြီး၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသစ္စာနန္ဒထံမှ သိရသည်။

**စိုင်း(သီပေါ)**



## ငလျင်အန္တရာယ်လျှော့နည်း သက်သာရေး

**ကြိုတင်ကာကွယ်ခြင်း**

- ငလျင်မည်သည့်အချိန်ဖြစ်မည်ကို ကြိုတင်သိနိုင်စွမ်းမရှိသဖြင့် ဒေသအလိုက်ငလျင်ဒဏ်ခံနိုင်ရည်ရှိမည့် အဆောက်အအုံများ တည်ဆောက်ပါ။
- ပင်လယ်ဒီလှိုင်း(ဆူနာမီ) ကျရောက်တတ်သည့်နေရာများနှင့် မြေသားမခိုင်မာသည့်နေရာများတွင် အဆောက်အအုံများ ဆောက်လုပ်ခြင်းမပြုရန်။
- ရှေးဦးသူနာပြုသေတ္တာများ ထားရှိပါ။
- ပြိုကျနိုင်သော သက်တမ်းလွန်အဆောက်အအုံများကို ဖယ်ရှားပါ (သို့)ခိုင်ခံ့အောင်ပြင်ဆင်ပါ။




**ငလျင်လှုပ်စဉ်ဆောင်ရွက်ရန်**

- ငလျင်လှုပ်စဉ် စိတ်ကိုတည်ငြိမ်စွာထားပြီး ပြိုကျနိုင်သည့် အရာဝတ္ထုများ၊ အဆောက်အအုံများအနီးမှ အမြန်ဆုံးရှောင်ရှားပါ။
- အိမ်ထဲတွင်ရှိနေပါက ခုတင်၊ စားပွဲခုံအောက်ဝင်နေပါ။ ခုတင်၊ စားပွဲများမရှိလျှင် အဆောက်အအုံ၏အတွင်း နံရံတစ်လျှောက် (သို့) ထောင့်တစ်ခုခုတွင် အကာအကွယ်ယူပါ။
- ငလျင်လှုပ်နေစဉ် အိမ်အပြင်မထွက်ပါနှင့်။
- အိပ်ရာထဲရောက်နေပါက ခေါင်းကိုခေါင်းအုံးအောက်မှာထားပြီး ကာကွယ်ပါ။
- အထပ်မြင့်တိုက်တွင်ရှိနေပါက ပြတင်းပေါက်၊ ဝရန်တာနှင့် ဝေးဝေးနေပါ။
- မြေညီထပ်တွင်ရှိနေပြီး ဝင်ပေါက်၊ ထွက်ပေါက်နှင့်နီးပါက အဆောက်အအုံအတွင်းမနေဘဲ အပြင်ဘက်သို့ အမြန်ဆုံး ထွက်ခွာရှောင်ရှားပါ။
- အဆောက်အအုံကို စွန့်ခွာရမည်ဆိုလျှင် ဓာတ်လှေကားကို အသုံးပြုပါက မီးပျက်ပြီး ဓာတ်လှေကားအတွင်း ပိတ်မိနိုင်သဖြင့် ရိုးရိုးလှေကားမှသာဆင်းပါ။
- အိမ်အပြင်ရောက်နေပါက အပြင်မှာပဲဆက်နေပါ။ အဆောက်အအုံ၊ သစ်ပင်၊ မီးတိုင်၊ ဓာတ်ကြိုးများနှင့် ကင်းလွတ်ရာတွင်နေပါ။ မြေပြင်မှာဝပ်နေပါ။
- ကားထဲတွင်ရှိနေပါက ကားကိုအရှိန်လျှော့ပြီး ဘေးကင်းမည့်နေရာကို မောင်းသွားပြီးရပ်ထားပါ။ ကားထဲမှာပဲနေပါ။
- ပင်လယ်ကမ်းခြေမြစ်ကမ်းစပ်တွင် နေထိုင်သူများဖြစ်ပါက မြေမြင့်တောင်ကုန်းရှိရာနေရာသို့ အမြန်ဆုံးသွားပါ။
- လျှပ်စစ်ဓာတ်ကြိုးများနှင့် ကွဲရှထိခိုက်နိုင်မည့်အရာများကို သတိထားရှောင်ရှားပါ။
- မီးများငြိမ်းသတ်ထားပါ။
- မိသားစုများ တကွဲတပြားဖြစ်သွားနိုင်ပါက ပြန်ဆုံရမည့်နေရာကို ကြိုတင်သတ်မှတ်ထားပါ။

**ငလျင်လှုပ်ပြီးနောက်ဆောင်ရွက်ရန်**

- အင်အားကြီးသည့်ငလျင်လှုပ်ပြီးတိုင်း နောက်ဆက်တွဲငလျင်များ လှုပ်တတ်သဖြင့် နောက်ထပ်ငလျင်ဆက်မလှုပ်မီ အဆောက်အအုံအပြင်ဘက်သို့ အမြန်ဆုံးပြေးထွက်ပါ။
- ကွင်းပြင်၊ ကွက်လပ်၊ လယ်ကွင်းစသည့်နေရာများတွင် ခေတ္တယာယီနေပါ။
- ငလျင်လှုပ်ပြီးနောက် အချို့ကမ်းခြေဒေသများတွင် ပင်လယ်ဒီလှိုင်းကြီးများတက်လာခြင်း၊ ရေကာတာနှင့် ဆည်များပြိုကျခြင်း၊ တောင်ပြိုကျခြင်းတို့ကြောင့် ရေကြီးရေလျှံခြင်းများ ဖြစ်တတ်သဖြင့် မြေမြင့်ပိုင်းသို့ ကြိုတင်ရှောင်ရှားပါ။
- ဒဏ်ရာရနေသူများ၊ လှောင်ပိတ်မိနေသူများကို ကူညီပြီး ရှေးဦးပြုစုပါ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ မကျန်းမာသူများ၊ ကိုယ်ဝန်ဆောင်များကို ဦးစားပေးကယ်တင်ပါ။ အပျက်အစီးအောက်တွင် ပိတ်မိနေပါက မီးခြစ်ကို မသုံးပါနှင့် မီးလောင်နိုင်ပါသည်။

**နောက်ဆက်တွဲငလျင်**

ငလျင်ကြီးလှုပ်ပြီးနောက် ငလျင်လတ်နှင့် ငလျင်ငယ်များ နောက်ဆက်တွဲလှုပ်တတ်ပါသည်။ ယင်းငလျင်မျိုးများသည် နာရီပိုင်း၊ ရက်ပိုင်း၊ သတင်းပတ်ပိုင်းမှသည် လပိုင်းအထိ ဆက်လက်ဖြစ်ပွားနိုင်ပြီး အက်ကွဲနေသောအဆောက်အအုံများ ပြိုကျတတ်သည်။

# ရေတွင်းအတွင်းသို့ ဘေးကင်းစွာဆင်းသက်နည်း

ပါမောက္ခ ဒေါက်တာထင်ဇော်စိုး

၂၀၁၆ ခုနှစ် မေ ၁၆ ရက် (သင်္ကြန်အတက်နေ့)တွင် ဖေ့စ်ဘွတ်စာမျက်နှာ၌ ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီး (ခုတင် ၅၀၀) ဆေးရုံအုပ်ကြီး ဒေါက်တာရန်နိုင်မောင် (ပြည်နယ်ဆေးကုသရေးဦးစီးဌာနမှူးတွဲဖက်တာဝန်)၏ သတင်းတစ်ပုဒ်ကို ဖတ်လိုက်ရပါတယ်။ ထိုသတင်းမှာ ဖော်ပြပါသင်္ကြန်အတက်နေ့တွင် ကယားပြည်နယ် ဒီမော့ဆိုမြို့နယ် ဒေါသင့ူးရွာဟောင်းနေ ရွာသားလေးဦးရေတွင်းဆယ်ရင်းအသက်ဆုံးရှုံးမှု သတင်းပဲဖြစ်ပါတယ်။ ဤကဲ့သို့ဖြစ်စဉ်များ ကျေးလက်တောရွာများမှာ မကြာခဏဖြစ်လေ့ရှိပါတယ်။ မိတ်ဆွေဆရာဝန်များ၏ အကြံပြုတောင်းဆိုချက်များအရ အများပြည်သူသိရှိစေရန် ဤဆောင်းပါးကို ရေးဖြစ်ခဲ့ပါတယ်။

ကျေးလက်တောရွာများတွင် သောက်သုံးရေကို ရေတွင်း၊ ရေကန်၊ မြစ်ချောင်းများမှ အဓိကရယူပါတယ်။ ရွာများတွင် ကိုယ်ပိုင်ရေတွင်း၊ အများပိုင်ရေတွင်း ဆိုသလို ရှိတတ်ပါတယ်။ ရေတွင်းများမှာ များသောအားဖြင့် တွင်းတိမ် (ပေ ၅၀ ထက်နည်းသော ရေတွင်း) များသာဖြစ်ပါတယ်။ သောက်သုံးရေအတွက် ရေတွင်းမှာ တောရွာနေပြည်သူများ၏ အဆင်သင့်ရနိုင်သော အဓိကအားထားရာ ရေထွက်ပင်ရင်းတစ်ခုဖြစ်ပါတယ်။ အယ်နီညိုရာသီဥတုကြောင့် ရေရှားပါးချိန်တွင် ရေတွင်းများမှာ ပိုလို့တောင်တန်ဖိုးရှိလာပါတယ်။ ရေတွင်းများ ပြုပြင်ထိန်းသိမ်းရေးနဲ့ သန့်ရှင်းရေးဆောင်ရွက်ရာတွင်လည်းကောင်း၊ ရေတွင်းပေါင်း/ပျက်များ ပြန်လည်ဆယ်ယူရာတွင်လည်းကောင်း၊ ရေတွင်းထဲသို့ အဖိုးတန်ပစ္စည်းတစ်ခုခုကျသွား၍ ပြန်လည်ဆယ်ယူရာတွင်လည်းကောင်း ရေတွင်းထဲသို့ မလွဲမသွေဆင်းသက်ရမှာဖြစ်ပါတယ်။ ဤနေရာမှာ ဘေးကင်းစွာဆင်းသက်ရန် လိုပါတယ်။ အခန့်မသင့်လျှင် အသက်ဆုံးရှုံးတတ်ပါတယ်။ ရေတွင်းထဲသို့ အသက်ဆုံးရှုံးတော့မယ့်သူကို ဆင်းကယ်ရင်း ကယ်သူပါ ဆက်တိုက်ဆိုသလို တစ်ဦးပြီးတစ်ဦး သေဆုံးသွားတတ်ပါတယ်။

ဤနေရာတွင်သေဆုံးရခြင်းကို အနည်းငယ်ရှင်းပြလိုပါတယ်။ ရေတွင်းအတွင်း၌ အောက်ခြေရှိရေထွက်ရှိရာ ရေလွှာကြောမှနေ၍ သဘာဝအလျောက်ထွက်သောဓာတ်ငွေ့များဖြစ်သည့် ကာဗွန်ဒိုင်အောက်ဆိုက်၊ ဟိုက်ဒရိုဂျင်ဆာလဖိုက်၊ ကာဗွန်မိုနောက်ဆိုက်၊ မီသိန်းဓာတ်ငွေ့များရှိနေတတ်ပါတယ်။ ကာဗွန်ဒိုင်အောက်ဆိုက်နဲ့ ဟိုက်ဒရိုဂျင်ဆာလဖိုက်မှာ လေထက်လေးသောကြောင့် ရေတွင်းအောက်ခြေတွင်ရှိပြီး ကာဗွန်မိုနောက်ဆိုဒ်မှာ လေအလွှာထုတွင် ရှိပါတယ်။ မီသိန်းဓာတ်ငွေ့သည်လေထက်ပေါ့၍ အပေါ်ဆုံးအလွှာတွင် ရှိပါတယ်။ ၎င်းဓာတ်ငွေ့များကိုရှူရှိုက်မိပါက ခေါင်းမူးခြင်း၊ အော့အန်ခြင်း၊ အသက်ရှူကျပ်ခြင်း၊ သတိလစ်ခြင်းများဖြစ်ပေါ်ပြီးအသက်ဆုံးရှုံးတတ်ပါတယ်။ ထိုဓာတ်ငွေ့များသည် လူနဲ့တိရစ္ဆာန်တို့အတွက် အဆိပ်ဓာတ်ငွေ့များ ဖြစ်ပါတယ်။

စာရေးသူသည် အခြေခံကျန်းမာရေးတက္ကသိုလ် (မကွေး)တွင် ပါမောက္ခချုပ် တာဝန်ထမ်းဆောင်လျက်ရှိပြီး တက္ကသိုလ်၏ သင်တန်းသားများ (အလုပ်သင်ဆရာဝန်အပါအဝင်)ကိုစာသင်ကြားရင်း ဖော်ပြပါ အသက်ဆုံးရှုံးမှုဖြစ်စဉ်ကိုပြောပြလျက်“ မည်ကဲ့သို့ ရေတွင်းအတွင်း ဘေးကင်းစွာဆင်းမည်နည်း”ဟု မေးမြန်းကြည့်ပါတယ်။ သင်တန်းသားအများစုက “ဆရာကြီး အောက်ဆီဂျင်ဘူးတပ်ပြီးတော့ ဆင်းမှာပေါ့”ဟု သူတို့နားလည်သလိုဖြေပါသည်။ မှန်ပါတယ်။ အောက်ဆီဂျင်ဘူးတပ်ပြီး ဆင်းလျှင် အဆင်ပြေပါတယ်။ သို့သော် ကျေးလက်တောရွာများတွင် အောက်ဆီဂျင်ဘူးကို အလွယ်တကူမည်သို့ရမည်နည်း။ စာရေးသူက ကွယ်လွန်သွားပြီဖြစ်သော စာရေးဆရာ ဒေါက်တာတင်ရွှေ ရေးသားခဲ့သည့် စာအုပ်တစ်အုပ်(အမည်မမှတ်မိတော့ပါ) မှ ကျန်းမာရေးဉာဏ်စမ်းမေးခွန်းစာပိုဒ်လေးတစ်ပိုဒ်ကို ဖတ်ရှုဖူးပြီး ယင်းကိုအခြေခံကာသင်တန်းသားများကို ပြန်လည်ရှင်းပြပါတယ်။ သင်တန်းသားများက အတော့်ကို ကျေနပ်သွားကြပါတယ်။ ငွေကုန်ကြေးကျမများဘဲ ဒေသန္တရအတွင်း အလွယ်တကူရနိုင်သောပစ္စည်းများကို အသုံးပြုကာ ရေတွင်းအတွင်း ဘေးကင်းစွာဆင်းသက်နိုင်သော နည်းလမ်းကိုသိသွားကြလို့ ဖြစ်ပါတယ်။

ဖော်ပြပါရေတွင်း(တွင်းတိမ်) အတွင်း ဘေးကင်းစွာဆင်းသက်နည်းမှာ အောက်ပါအတိုင်းဖြစ်ပါတယ်။

(၁) သင့်တော်သောအရွယ်ရှိ ထီးရှည်တစ်ချောင်းကို ဦးစွာယူပါ။ ထီးလက်ကိုင်တွင် နိုင်လွန်ကြိုးကဲ့သို့ ခိုင်ခံ့သောကြိုးရှည်တစ်ချောင်းဖြင့်ချည်နှောင်ပါ။ (ကြိုးသည် ရေတွင်းအနက်ထက် ပိုရှည်ရမည်)။

(၂) ထီးကိုဖွင့်လျက်ပက်လက်အနေအထားဖြင့် ကြိုးကိုကိုင်ကာရေတွင်းအောက်ခြေရေပြင်(သို့မဟုတ်) မြေပြင်အထိချပါ။

(၃) ဖွင့်လျက်ထီးကို ရေတွင်းအပေါ်ဆုံးအထိကြိုးကိုဆွဲကာ ပြန်မတင်ပါ။ ပြီးလျှင် ရေတွင်းအောက်ခြေသို့ ပြန်ချပါ။ ဤသို့ပြန်တင်ပြန်ချခြင်းကို အကြိမ်(၂၀မှ ၃၀) အထိခပ်သွက်သွက်ပြုလုပ်ပါ။ (ရေတွင်းအောက်ခြေမှ အဆိပ်ဓာတ်ငွေ့များကို ရေတွင်းပြင်ပသို့ရောက်အောင် ထီးဖြင့်ဖယ်ထုတ်ပြီး ပြင်ပမှ အောက်ဆီဂျင်ပါသောလေကို ရေတွင်းအတွင်းသို့ ပြန်လည်ဝင်ရောက်စေရန် ဆောင်ရွက်ခြင်းဖြစ်သည်။)

(၄) ထို့နောက် ရေတွင်းအောက်ခြေတွင်အောက်ဆီဂျင်ဓာတ် အလုံအလောက်ရှိမရှိ စမ်းသပ်ရန်လိုပါသည်။ ပထမဦးစွာ စားဆီခြင်တွယ်ရာတွင်အသုံးပြုသော ဆီမှုတ်တစ်ခုကိုယူပါ။ လက်ကိုင်တွင် တုတ်တစ်ချောင်းဖြင့် ချည်နှောင်ပါ။ တုတ်တွင် ကြိုးရှည်တစ်ချောင်းဖြင့် ထပ်မံချည်နှောင်ပါ။ ဆီမှုတ်အလယ်တွင် မီးထွန်းထားသော ဖယောင်းတိုင်တစ်တိုင်ကို သေချာစွာစိုက်ပါ။ ပြီးလျှင် မီးထွန်းထားသော ဖယောင်းတိုင်ကို ရေတွင်းအောက်ခြေသို့ ဖြည်းညင်းစွာချပါ။ (ဖယောင်းတိုင်မီးမငြိမ်းပါက ရေတွင်းအောက်ခြေတွင် အောက်ဆီဂျင်အလုံအလောက်ရှိနိုင်သည်။ ဖယောင်းတိုင်မီးငြိမ်းသွားပါက ဖော်ပြပါအဆင့်(၃)ဆင့်ကို ထပ်မံဆောင်ရွက်ပါ။) (ဆီမှုတ်မရှိပါက ကြေးနန်းကြိုးတပ်ဆင်ထားသော နို့ဆီခွက်အစရှိသည်တို့ကို သုံးနိုင်သည်။)

(၅) **ရေတွင်းအောက်ခြေတွင် အောက်ဆီဂျင် အလုံအလောက်ရှိပြီဟု သေချာပါက** ရေတွင်းအတွင်းသို့ ဖြည်းညင်းစွာဆင်း၍ ဆောင်ရွက်စရာများကို သတိထားလျှင်မြန်စွာဆောင်ရွက်ပါ။ ဆောင်ရွက်နေစဉ် ခေါင်းမူးခြင်း၊ အသက်ရှူကျပ်ခြင်း စတင်ဖြစ်ပေါ်ပါက ရေတွင်းပေါ်သို့ ချက်ချင်းအကြောင်းကြား၍ ပြန်တက်ပါ။ ခေတ္တအနားယူ၍ အဆင့်(၃)နှင့်(၄)ကို သေချာအောင်ပြန်လုပ်ပါ။ ဆင်းမည့်သူကို လူစားလဲဆောင်ရွက်ပါ။

(၆) ဤသို့ ရေတွင်းဆယ်ခြင်းကို တစ်ဦးတည်းမပြုလုပ်ရ။ ကူညီမည့်အဖော် လေးဦး ငါးဦး ရေတွင်းပေါ်တွင် အဆင်သင့်ရှိနေပါစေ။ ဖြစ်နိုင်လျှင် ရေတွင်းအတွင်း ဆင်းမည့်သူ၏ ချိုင်း၊ ခါးတို့တွင် သင့်တော်ရာကြိုးကြိုးတစ်ချောင်း ချည်နှောင်ချိတ်ဆွဲလျက်ဆင်းပါ။ လိုအပ်လျှင် ရေတွင်းပေါ်မှ ကူညီမည့်သူများက အလျင်အမြန် ဆွဲမတင်၍ အချိန်မီ အသက်ကယ်နိုင်မည်။ မီးသတ်၊ ကြက်ခြေနီအဖွဲ့ဝင်များ ပါဝင်ဆောင်ရွက်ပါက ပိုမိုကောင်းမွန်ပါသည်။ ရေတွင်းအတွင်း အလင်းရောင်ရစေရန် နဖူးတွင် တပ်ဆင်၍ရသော ဓာတ်မီးကို အသုံးပြုနိုင်ပါသည်။

ဤဆောင်းပါးကို ဖတ်ရှုသော စာဖတ်ပရိသတ်များသည် ဤဗဟုသုတကို ဖြန့်ဝေပေးခြင်းဖြင့် **“လူ့အသက်ပေါင်းများစွာကို ကယ်တင်နိုင်ကြပါစေ”**ဟု ဆန္ဒပြု ရေးသားလိုက်ရပါသည်။ ။

**ရေတွင်းအောက်ခြေတွင် အောက်ဆီဂျင် အလုံအလောက်ရှိပြီဟု သေချာပါက ရေတွင်းအတွင်းသို့ ဖြည်းညင်းစွာဆင်း၍ ဆောင်ရွက်စရာများကို သတိထား လျှင်မြန်စွာဆောင်ရွက်ပါ။ ဆောင်ရွက်နေစဉ် ခေါင်းမူးခြင်း၊ အသက်ရှူကျပ်ခြင်း စတင်ဖြစ်ပေါ်ပါက ရေတွင်းပေါ်သို့ ချက်ချင်းအကြောင်းကြား၍ ပြန်တက်ပါ။**

## စစ်ကိုင်းမြို့တွင် အသက် ၂၃ နှစ်အောက် အလွတ်တန်းဘောလုံးပြိုင်ပွဲကျင်းပမည်

**မန္တလေး မေ ၂၁**

အသက် ၂၃ နှစ်အောက် အလွတ်တန်းဘောလုံးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးညှိနှိုင်းအစည်းအဝေးကို မေ ၂၀ ရက် နံနက် ၉ နာရီက စစ်ကိုင်းမြို့နှစ် ၇၀၀ ပြည့် ဘောလုံးကွင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ဘောလုံးသမား လူမှုကူညီစောင့်ရှောက်ရေးအသင်း(စစ်ကိုင်း)အဖွဲ့ဝင်များ၊ စစ်ကိုင်းခရိုင်၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဘောလုံးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများတက်ရောက်ကြသည်။

အဆိုပါဘောလုံးပြိုင်ပွဲကို ဇွန်လပထမပတ်တွင် ကျင်းပသွားမည်ဖြစ်ရာ အသက် ၂၃ နှစ်အောက် အလွတ်တန်းဘောလုံးအသင်းများ ပါဝင်ယှဉ်ပြိုင်လိုပါက စစ်ကိုင်းခရိုင် အား/ကာ ရုံး၊ မြို့နယ် အား/ကာရုံးနှင့် ဦးချစ်ဖူး (လက်ရွေးစင်ဟောင်း) ရွှေနှင်းဆီစာပေ စစ်ကိုင်းမြို့တို့တွင် ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ဆုများကို ထိုက်ထိုက်တန်တန်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## နောင်ချိုမြို့ရပ်ကွက်အတွင်း ရောက်ရှိလာသော ချေတစ်ကောင် ထိန်းသိမ်းစောင့်ရှောက်ထား

**နောင်ချို မေ ၂၁**

နောင်ချိုမြို့၌ မေ ၂၀ ရက် နံနက် ၁၀ နာရီက ပိသာချိန် ရှစ်ပိဿာခန့်ရှိသော ချေတစ်ကောင်သည် တောထဲမှ မျက်စိလည်လမ်းမှားကာ မြို့မရပ်ကွက်အတွင်းသို့ ရောက်ရှိလာသည်။ အဆိုပါ ချေသည် တောင်ရပ်ကွက်ဘူတာရပ်ကွက်များအတွင်းသို့ ရောက်ရှိသွားလာနေရာစေတနာမွန်လူမှုကူညီရေးအသင်းမှ ကိုထွန်းနိုင်က ဖမ်းယူပြီး အသင်းရုံး၌ စောင့်ရှောက်ထားကာ မြို့နယ်စေတနာ မွန်လူမှုကူညီရေးအသင်းမှ တိရစ္ဆာန်ရုံသို့ မကြာမီ ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**



## နို့သာရည်ဖြင့် လှူဒါန်းပူဇော်

**ရန်ကုန် မေ ၂၁**

မြန်မာနှစ်ဆန်း ၁ ရက်က စမ်းချောင်းမြို့နယ်ရှိ အတုလာဓိပတိ မဟာမုနိသကျ ကိုးထပ်ကြီးဘုရား ပရိဝုဏ်အတွင်းမှ ဘုရားအဆူတို့အား နို့သာရည်များဖြင့် လှူဒါန်းပူဇော်နိုင်ရန် ဘုရားဝန်ထမ်းများနှင့် အသင်းအဖွဲ့များက နို့သာတုံးများသွေးကာပူဇော်ခဲ့ကြကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

## ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် သက်ကြီးပူဇော်ပွဲကျင်းပ

**နတ်မောက် မေ ၂၁**

(၁၅)ကြိမ်မြောက် အန္တရာယ်ကင်းပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် သက်ကြီးရွယ်အိုများ ပူဇော်ကန်တော့ပွဲကို မေ ၁၉ ရက်က မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ ရန်အောင်မြင်ရပ်ကွက် ကျားမင်းလမ်း၌ ပြုလုပ်ခဲ့သည်။

အဆိုပါပဋ္ဌာန်းပွဲကို နှစ်စဉ် (မြန်မာနှစ်ဆန်း ၃ ရက်) မေ ၁၉ ရက်တွင် ရပ်ကွက်သူရပ်ကွက်သားများစုပေါင်း၍ ကျင်းပခြင်းဖြစ်ပြီး အန္တရာယ်ကင်းပဋ္ဌာန်းတရားများကို ဆရာတော် သံဃာတော်များက ၂၄ နာရီ ရွတ်ဖတ်ပူဇော်ကြသည်။ ထို့နောက် ရပ်ကွက်အတွင်းရှိ သက်ကြီးရွယ်အိုများအား ပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။

**သိခ်**

# မြဝတီမြို့ ဓိဌာန်အောင် ဘုရားပရိဝုဏ်အတွင်း အများပြည်သူများ အပန်းဖြေအနားယူနိုင်ရန် ပန်းခြံတည်ဆောက်မည်

**မြဝတီ မေ ၂၁**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ သန့်ရှင်းသာယာလှပရေး၊ ကွန်ကရစ်လမ်းသစ်များခင်းခြင်း၊ အများပြည်သူများ အပန်းဖြေအနားယူနိုင်ရေး ပန်းခြံများအဆင့်မြှင့်တင်ရေးနှင့် အခြားဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကို မြို့နယ်စည်ပင်သာယာရေးကော်မတီက ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူများပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ယခုအခါ မြဝတီမြို့ ဓိဌာန်အောင် ဘုရားပရိဝုဏ်အတွင်း စိမ်းလန်းစိုပြည် သန့်ရှင်းသာယာလှပရေးနှင့် အများပြည်သူ ဘုရား ဖူးလာကြသူများ အပန်းဖြေအနားယူရန် ပန်းခြံတည်ဆောက်နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို မေ ၁၉ ရက်က မြို့နယ်စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးသန်းရွှေနှင့်အဖွဲ့ဝင် များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးမြင့်ကျော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေး ခဲ့ပြီး ဘုရားဝင်းအတွင်း ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့ရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက လိုအပ်သည့် အကြံဉာဏ်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



# ရှိတ်စပီးယားကွယ်လွန်ခြင်း နှစ် (၄၀၀) ပြည့်အခမ်းအနားကျင်းပမည်

**ရန်ကုန် မေ ၂၁**

ကမ္ဘာကျော်ပြဇာတ်ဆရာကြီး ဝီလီယံရှိတ်စပီးယား ကွယ်လွန်ခြင်း နှစ် (၄၀၀) ပြည့်အခမ်းအနားကို မေ ၂၃ ရက်တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ အမှတ် ၁၂ (က) အေဒီလမ်း၌ ညနေ ၅ နာရီမှ ည ၉ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် ရွှေအမြုတေ မဂ္ဂဇင်းမှ အယ်ဒီတာချုပ် ဦးဝင်းငြိမ်း၊ ဗြိတိသျှကောင်စီမြန်မာမှ ဒေါ်ခိုင်ခိုင်တင်နှင့် ဒေါ်မေမေဝင်းတို့က ရှိတ်စပီးယားနှင့် ပတ်သက်သည့် အကြောင်းအရာများ ဟောပြောခြင်း၊ သုခုမခရီးသည် ပြဇာတ်အဖွဲ့မှ ဘုရင်ကြီးလီယာ အကြောင်းနှင့် ဂျူးလီးယက်ဆီဇာအကြောင်းပြဇာတ်များကိုတင်ဆက်ကပြခြင်းနှင့် The Royal Exchange Theatre မှ Maxine Peakeyg Oifaom Hamlet ပြဇာတ်အားရုပ်ရှင်အဖြစ် ဖန်တီးထားသည်ကို ပြသခြင်းများ ဖျော်ဖြေတင်ဆက်မည်ဖြစ်ကြောင်း သိရသည်။ အခမ်းအနားကို စိတ်ပါဝင်စားသူမည်သူမဆို အခမဲ့ တက်ရောက်နိုင်ကြောင်း သိရသည်။

**မွန်းဦးနဒီ**

# တနင်္သာရီကမ်းလွန်လုပ်ကွက် လုပ်ငန်းဆောင်ရွက်မည့် ဧရိယာအတွင်း ရေယာဉ်ဖြတ်သန်းသွားလာခြင်းနှင့် ငါးဖမ်းခြင်းမပြုရန် အသိပေးကြေညာ

**နေပြည်တော် မေ ၂၁**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက် လျက်ရှိသော Total E&P Myanmar ကုမ္ပဏီသည် တနင်္သာရီကမ်းလွန်လုပ်ကွက်အမှတ် Yetagun West Block (YWB) တွင် 2D Seismic Survey လုပ်ငန်းများကို MV POLARCUS ASIMA ဖြင့် ၂၀၁၆ ခုနှစ် မေ ၂၂ ရက်မှ မေ ၂၃ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

2D Seismic Survey လုပ်ငန်းများဆောင်ရွက်သွားမည့် ဧရိယာတည်နေရာများမှာ Point B1 မြောက်လတ္တီ တွဒ် ၁၃ ဒီဂရီ ၄၀ မိနစ် ၃၇ ဒသမ ၈၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၁ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်၊ Point B2 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၀ မိနစ် ၃၇ ဒသမ ၈၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၀ မိနစ် ၂၄ ဒသမ ၉၇ စက္ကန့်၊ Point B3 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၃၀ မိနစ် ၂၂ ဒသမ ၁၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၀ မိနစ် ၂၄ ဒသမ ၉၇ စက္ကန့်၊ Point B4 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၃၀ မိနစ် ၂၂ ဒသမ ၁၇စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၅ မိနစ် ၅၉ ဒသမ ၁၄ စက္ကန့်၊ Point B5 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၀၀ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၅ မိနစ် ၅၉ ဒသမ ၁၄ စက္ကန့်၊ Point B6 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၀၀ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၈ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်၊ Point B7 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၂၀ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၃ မိနစ် ၃၃ ဒသမ ၀၀ စက္ကန့်နှင့် Point B8 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၂၀ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၁ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်တို့အတွင်း၌ ဖြစ်သည်။

သို့ဖြစ်၍ တနင်္သာရီကမ်းလွန်လုပ်ကွက်အမှတ် Yetagun West Block (YWB) တွင် 2D Seismic Survey လုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV POLARCUS ASIMA ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ လေးကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင် စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်း ဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## လူမှုရေး၊ စီးပွားရေးကြော်ငြာများကို မြန်မာ့အလင်းသတင်းစာ၌ထည့်သွင်းရန် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း

| | |
|---|---|
| နေပြည်တော် | **ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇) နေပြည်တော်** သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ စီမံရေးရာဌာန၊ ဖုန်း-၀၆၇-၄၁၂၁၁၈ |
| နေပြည်တော် | **နေပြည်တော်သတင်းစာတိုက်(တပ်ကုန်း)** ဇေယျာသီရိမြို့နယ်၊ ခရေပင်လမ်းခွဲ၊ နေပြည်တော်။ ဖုန်း-၀၆၇-၃၆၁၄၈၊ ၀၆၇-၃၆၁၂၉ |
| ရန်ကုန် | **မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၄၅၈၃၄၊ ၀၁-၅၅၉၁၁၈ |
| ရန်ကုန် | **ကြေးမုံသတင်းစာတိုက်(ရန်ကုန်)** အမှတ်(၇၇)၊ ၅၂ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၉၉၄၂၇၊ ၀၁-၃၉၇၃၃၀ |
| ရန်ကုန် | **သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်** အမှတ်(၁၇၃/၁၇၅)၊ ပန်းဆိုးတန်းလမ်း၊ အလယ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၄၈၁၀၀၊ ၀၁-၂၄၈၁၀၂ |
| ရန်ကုန် | **မြန်မာ့အလင်းပုံနှိပ်တိုက်(ရန်ကုန်)** အမှတ်(၅၈)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၅၈၃၂၉ |
| မန္တလေး | **ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)** လမ်း(၂၀×၂၁)ကြား၊ (၈၂×၈၃)လမ်းကြား၊ ပုလဲငွေရောင်ရပ်၊ မန္တလေးမြို့။ ဖုန်း-၀၂-၃၂၇၂၉၊ ၀၂-၃၂၅၅၀ |
| တောင်ကြီး | **ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)** ရုံးကြီးလမ်း၊ သစ်တောရပ်ကွက်၊ တောင်ကြီးမြို့။ ဖုန်း-၀၈၁-၂၁၂၁၁၆၄၊ ၀၉-၅၂၁၄၃၅၇ |
| မကွေး | **ကိုယ်ပွားသတင်းစာတိုက်(မကွေး)** နတ်မောက်လမ်း၊ တပ်မ(၈၈) တပ်နယ်ဈေးအနီး၊ မကွေးမြို့။ ဖုန်း-၀၆၃-၂၃၇၁၂။ |
| ကျိုင်းတုံ | **ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)** မြို့သစ်(၃-ခ)၊ အမှတ် (၁)လမ်းသွယ်၊ မြို့ပတ်လမ်း၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၈၄-၂၂၄၉၂ |
| ကလေး | **ကိုယ်ပွားသတင်းစာတိုက်(ကလေး)** အောင်ဇေယျရပ်ကွက်၊ မြို့နယ်အားကစားကွင်းအနီး၊ ကလေးမြို့။ ဖုန်း-၀၇၃-၂၂၁၃၃ |
| မြစ်ကြီးနား | **ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား)** အမှတ်(၄၁) ဧရာရပ်ကွက်၊ အောင်ဆန်းလမ်း၊ မြစ်ကြီးနားမြို့။ ဖုန်း ၀၇၄-၂၂၄၆၂ |
| စစ်တွေ | **ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)** ရမ္မာဝတီလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်း၊ မိန်းစက်ကြီးအနီး၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့။ ဖုန်း-၀၄၃-၂၃၀၆၈ |
| လားရှိုး | **ကိုယ်ပွားသတင်းစာတိုက်(လားရှိုး)** ဟူးမွန်ကျေးရွာထိပ်၊ ဟူးမွန်ဆည်ဘယ်ဘက်ခြမ်း၊(၁၂)ရပ်ကွက်၊ မန်ဆူဘုရားရှေ့ အဝေရာလမ်းမ၊ လားရှိုးမြို့။ ဖုန်း-၀၈၂-၂၄၀၆၇ |
| မြိတ် | **ကိုယ်ပွားသတင်းစာတိုက်(မြိတ်)** မေတ္တာလမ်း၊ ရှမ်းချောင်းရပ်၊ ကလွင်ကျေးရွာအုပ်စု၊ မြိတ်မြို့။ ဖုန်း-၀၅၉-၄၂၁၈၃ |
| မော်လမြိုင် | **ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)** ကြာအင်းကျေးရွာ၊ မော်လမြိုင်မြို့နယ်။ ဖုန်း-၀၅၇-၂၇၅၂၅၊ ၀၅၇-၂၇၅၂၆ |
| မုံရွာ | **ကိုယ်ပွားသတင်းစာတိုက် (မုံရွာ)** နန္ဒဝန်ရပ်ကွက်၊ ဆက်သွယ်ရေးတာဝါတိုင်အနီး၊ မုံရွာမြို့။ ဖုန်း-၀၇၁-၂၆၅၃၅၊ ၀၇၁-၂၆၅၃၃ |

ဥပဒေအတွေး ရေးပါရစေ အပိုင်း(၁၅)

# အမှုတွေကြာ ဘယ်ခါပြီးမည်လဲ



ဦးဟန်ညွန့်(ဥပဒေ)

**"အမှုတွေစစ်တာ ကြာတယ်ဆရာ။ ဘာကြောင့် ကြာတာလဲ။ ဘယ်သူ့အပြစ်လဲ။ ဘယ်လိုကုစားကြမှာလဲ"** ဟု အမှုသည်တစ်ဦးက ကျွန်တော့်အား မေးသည်။ သူ့မေးခွန်းက လွယ်မယောင်နှင့် ခပ်ခက်ခက်။

**တရားမမှုများကြာသလား**

တရားမမှုများက ပြစ်မှုများထက် ပို၍ကြာသည်။ "ဘာကြောင့်လဲ" ဟု အလုပ်သင်ရှေ့နေတစ်ဦးက မေးပြန်သည်။ ဥပဒေရေးရာအဖြာဖြာစာအုပ်ထဲက အောက်ပါအခန်း (၁) ခန်းကို ထောက်ပြလိုက်သည်။

**ရှေ့နေသားအဖ စကားပြောခန်း**

**သားရှေ့နေ**- အဖေကြီး။ အဖေကြီး ၁၀ နှစ်ကျော် အချိန်ဆွဲပြီး စစ်ခဲ့တဲ့ တရားမမှုကြီးကို ဒီနေ့တစ်ရက်ထဲ အပြီး သားကိုယ်တိုင်စစ်ပေးခဲ့ပြီ။ အဖေ သားကို ကျေးဇူးမတင်ဘူးလား။

**အဖေရှေ့နေ**- ဟေ . . . မိုက်လိုက်တဲ့သားရယ်---။ ကျေးဇူးမတင်ဘူးကွ။ အတော်အသုံးမကျတဲ့ကောင်။

**သားရှေ့နေ** - ဘာဖြစ်တာလဲဗျ၊ အဖေကြီးရ။

**အဖေရှေ့နေ** - မင်းကိုဥပဒေဘွဲ့ရအောင် တရားမမှု (အမှုလိုက်ခ)နဲ့ ကျောင်းထားနိုင်အောင် တမင် အချိန်ဆွဲပြီး ဆယ်နှစ်၊ ဆယ်မိုး အမှုစစ်ပေးခဲ့တာကွ။ အခုတော့ . . . .။

**ယုံချင်မှယုံပါ**

အထက်ပါ ရှေ့နေသားအဖစကားပြောခန်းမှာ တကယ့်အဖြစ်အပျက်လား။ တရားမမှုကြာတာတွေကို ဟာသသဖွယ် ပမာဆောင်ခြင်းလား။ အတိအကျ မသိရသော်လည်း "ယုံချင်မှယုံပါ"ဟု ပြောရမလို ဖြစ်နေသည်။ လက်တွေ့ဘဝမှာတော့ အမှုတွေကြာနေတာ ဘယ်သူမှမငြင်းနိုင်ပါ။ ယနေ့ တရားရုံးအဆင့်ဆင့်ကို လေ့လာကြည့်ပါ။

**တရားမကျင့်ထုံးဥပဒေ**

တရားမကျင့်ထုံးဥပဒေကို ၁၉၀၉ ခုနှစ်တွင် ပြဋ္ဌာန်းသည်။ အခြေခံမူပြဋ္ဌာန်းချက်ပုဒ်မ ၁၅၃ အထိ ရှိသည်။ နောက်ဆက်တွဲ ဇယားသုံးခုပါသည်။ ပထမဇယားတွင် အသေးစိတ်လုပ်ထုံးလုပ်နည်းများကို အမိန့် ၁ မှ ၄၉ အထိ ဖော်ပြသည်။ အမိန့်တစ်ခုစီတွင် နည်းဥပဒေများ ခွဲခြားပြဋ္ဌာန်းသည်။ ၁၉၅၆၊ ၂၀၀၀၊ ၂၀၀၈ ခုနှစ်များတွင် ပြင်ဆင်ချက်များ ပြဋ္ဌာန်းဖူးသည်။

**သက်သာခွင့်တောင်းဆိုခြင်း**

တရားမမှုစွဲလျှင် သက်သာခွင့်တောင်းဆိုတတ်ရမည်။ တရားမကြောင်းဆိုင်ရာ အမှုဖြစ်ရမည်။ စီရင်ပိုင်ခွင့် ရှိ၊ မရှိ စိစစ်ရမည်။စီရင်ပိုင်ခွင့် ရှိသော တရားရုံး၌သာ စွဲခွင့်ရှိသည်။ ဥပမာ- (က) အမှုတန်ဖိုး၊ (ခ) နယ်မြေ၊ (ဂ) အမှုဖြစ်ပစ္စည်း၊ (ဃ) အမှု၏သဘောသဘာဝ (ကန့်သတ်ချက်) တို့ဖြစ်သည်။

**အဆိုလွှာ၊ အချေလွှာ**

တရားမမှုများတွင် အဆိုလွှာအရေးကြီးသည်။ အဆိုလွှာကိုတုံ့ပြန်ရန် အချေလွှာလည်း အရေးကြီးတာပါပဲ။ အဆိုလွှာ၊ အချေလွှာများအပေါ် ရုံးငြင်းချက်က ပို၍ပင်အရေးကြီးလှသည်။ အမှုဖြစ်လာမှတော့ အရေးမကြီးတာဘာမှမရှိ။ ပေါ့ပေါ့ဆဆလုပ်၍မရ။ တရားမမှုလိုက်ပါသောရှေ့နေအိုကြီးများ၏ သွန်သင်ချက်တွေ မှတ်သား၍ မကုန်နိုင်။

**ပြည်သူ့တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ ၊ သူရဦးအောင်ဖေ**

ဥပဒေဝန်ထမ်းဖြစ်ခါစ၊ စာရေးသူတို့၏ ဥပဒေခရီးတွင် ပြည်သူ့တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ ၊ သူရဦးအောင်ဖေ၏ အမှာစကားများနာယူမှတ်သားရဖူးသည်။ တရားမမှုတွေ ဘာ့ကြောင့်ကြာသလဲ။ အမှုများစီရင်ဆုံးဖြတ်ရာတွင် မြန်ဆန်ထိရောက်ရေး အထွေထွေလမ်းညွှန်ချက်(၁၉၈၄) စာအုပ်ထုတ်ပြန်ဝေငှသည်။ ထိုစာအုပ် ၊ စာ-၁၅တွင်-

**တရားမမှုလမှုများစစ်ဆေးရာ၌ ကြန့်ကြာစေသောအဓိက အကြောင်းအချက်များ**

(က) တရားစွဲဆိုရန် အကြောင်းမပေါ်ပေါက်ဘဲ စွဲဆိုသည့်အမှုကို သေချာစွာ မစိစစ်ဘဲ လက်ခံခြင်း

(ခ) တရားပြိုင်အား ရုံးခေါ်စာ ထုတ်ဆင့်ရာ၌ ကြန့်ကြာခြင်း

(ဂ) ချေလွှာတင်သွင်းရာ၌ ကြန့်ကြာခြင်း

(ဃ) ထုတ်သင့်သည့်ငြင်းချက်များမထုတ်နုတ်ခြင်း၊ မထုတ်သင့်သည့် ငြင်းချက်များ ထုတ်နုတ်ခြင်းကြောင့် ကြန့်ကြာခြင်း

(င) ရက်ချိန်းတောင်းသည့်ကိစ္စကို ထိန်းချုပ်ရာ၌ အားနည်းခြင်း

(စ) အမှုကို တစ်ဖက်သတ်စစ်ဆေးရာ၌ ကြန့်ကြာခြင်းစသည်တို့ကို ဖော်ပြထားသည်။ ယနေ့တိုင်ဖတ်မှတ်စရာ၊ သတိပြုစရာတွေ တွေ့ရှိသည်။

**ဒီကရီရေးဆွဲခြင်း**

တရားမမှုလမှုတွင် စီရင်ချက်ချမှတ်ပြီးနောက် ဒီကရီကို ဆောလျင်စွာရေးဆွဲနိုင်ရန် အားထုတ်ဖို့လိုကြောင်း၊ ဒီကရီကို မည်သို့မည်ပုံရေးဆွဲရမည်ကို တရားရုံးများလက်စွဲ၊ အပိုဒ် ၁၇၃မှ ၁၇၈ထိ လမ်းညွှန်ထားကြောင်း၊ မကြန့်ကြာဖို့ သတိထားရကြောင်း၊ ဇာရီမှုတွင် အတည်ပြုပေးစေလိုသည့် ဒီကရီကို တရားမကျင့်ထုံးဥပဒေပုဒ်မ ၅၁နှင့်အညီ ဆောင်ရွက်ရကြောင်း၊ အယူခံ၊ ပြင်ဆင်၊ အထွေထွေမှုများတွင် မည်သို့မြန်ဆန်အောင်ပြုလုပ်သင့်ကြောင်း စသည်ဖြင့် ဆောင်ရွက်တတ်ကြဖို့လိုသည်။ လုပ်ထုံးတွေ၊ ကျင့်စဉ်တွေက အသင့်ရှိပြီးဖြစ်ပါလျက် မကျွမ်းကျင်၍လား။ ကျွမ်းကျင်ပါလျက် စေတနာမမှန်၍လား။ ခွဲခြားရမည်။ အချိန်တွေမကုန်စေချင်ပါ။ ကြာလေ၊ နာလေ မဖြစ်စေချင်ပါ။

**ခေတ်နှင့်မညီပြင်ဆင်မည်**

မလိုလားအပ်သော၊ ခေတ်နှင့်မညီသော ဥပဒေများ ပြင်ဆင်မည်။ လက်တွေ့မဆန်သော၊ လုပ်မရသော လုပ်ထုံးစနစ်များ ပြုပြင်မည်။ ဆွေးနွေးပွဲ၊ ညှိနှိုင်းပွဲများမှ တစ်ဆင့် အမှုမြန်ရေး၊ အမှုမှန်ရေးအတွက် တာဝန်ရှိသူတွေ ညှိနှိုင်းကြသည်။ ပြင်ဆင်ကြသည်။ ကျင့်ထုံး၊ လုပ်ထုံး မှန်ပါလျက် မကျွမ်းကျင်မှု၊ မလေ့လာမှုကြောင့် မြန်ရမည်ကိုမမြန်၊ မနှေးရမည်ကိုနှေးကွေးနေတတ်ခြင်းမျိုးလည်း ရှိနိုင်သည်။ ဥပဒေပညာရှင်များက ထောက်ပြ၊ ဝေဖန်၊ အကြံပြုမှ ရှေ့သို့ခရီးချောမောမည်။ လက်တွေ့ဘဝ သုံးသပ်ကြရမည်။

**ကျင့်ထုံး၊ လုပ်ထုံး မှန်ပါလျက် မကျွမ်းကျင်မှု၊ မလေ့လာမှုကြောင့် မြန်ရမည်ကို မမြန်၊ မနှေးရမည်ကို နှေးကွေးနေတတ်ခြင်းမျိုးလည်း ရှိနိုင်သည်။ ဥပဒေပညာရှင်များက ထောက်ပြ ဝေဖန်၊ အကြံပြုမှ ရှေ့သို့ခရီးချောမောမည်။ လက်တွေ့ဘဝ သုံးသပ်ကြရမည်။**

**ပြစ်မှုများလည်းကြာ**

ရာဇဝတ်မှု၊ ပြစ်မှုများလည်း ကြာတာပါပဲ။ ဘာ့ကြောင့်ကြာသလဲ။ စိစစ်ချက်၏အဖြေမှာ-

(၁) တရားလိုမလာ၍ကြာသည်

(၂) သက်သေမလာ၍ကြာသည်

(၃) တရားခံမလာ၍ကြာသည်စသည်တို့ဖြစ်သည်။

**ကိုယ့်တာဝန်ကိုယ်ကျေဖို့လို**

ပြည်သူ့ဝန်ထမ်းက တရားလိုပြုလုပ်သည့်အမှုများတွင် တရားလိုမအားလပ်၍၊ အစည်းအဝေးရှိ၍ ဘာကြောင့်၊ ညာကြောင့် အကြောင်းပြကာအမှုကြာသည်။ ပြစ်မှုကျင့်ထုံးနှင့်အညီ တရားလိုမလာလျှင် တရားခံကိုလွှတ်ပြီး အမှုပိတ်ရပေလိမ့်မည်။ ကျင့်ထုံးအတိုင်းလိုက်နာလျှင် အမှုလည်းမှန်၊ အမှုလည်းမြန်မည်။ တရားလိုဘက်က သက်သေတွေအများကြီးစာရင်းတင်ပြသည်။ အားလုံး စစ်သင့်မှစစ်မည်။ ပယ်သင့်သော သက်သေ ပယ်ရန်သင့်သည်။ သက်သေ အချို့အဝက်နှင့် အမှုပီပြင်လျှင် တရားခံကို စွဲချက်တင်နိုင်သည်။ သက်သေ လုံးဝမလာသောအမှုများတွင် ဘာ့ကြောင့် ဤသို့ဖြစ်ရသလဲ။ အမှုစစ်အရာရှိခေါ်ကာ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်ရသည်။ တရားလိုပဲဖြစ်ဖြစ်၊ တရားခံပဲဖြစ်ဖြစ်၊ သက်သေပဲဖြစ်ဖြစ်၊ ရဲအရာရှိပဲဖြစ်ဖြစ် ကိုယ့်တာဝန် ကိုယ်ကျေဖို့လိုသည်။ သို့မှ အမှုမြန်မည်၊ မှန်မည်။

**ဆရာဝန်မလာ၍**

ဆေးစာအရေးကြီးသည်။ သက်သေဆရာဝန်မလာ၍ အမှုကြာနေသည်။ လိုအပ်မှ ခေါ်စစ်၊ အမှုကြာသည့်အဖြစ် မရောက်ရန် နည်းမှန်လမ်းမှန်ကျင့်သုံးသင့်သည်။ တရားရုံးအသိုင်းအဝိုင်းက သိပြီးသားပါ။

**ဓာတုဗေဒအစီရင်ခံစာ**

ဓာတုဗေဒ အစီရင်ခံစာကြောင့် အမှုမကြာနိုင်။ ပြစ်မှုကျင့်ထုံးပုဒ်မ ၅၁၀ အရ သက်သေခံဝင်ပြီးအချက်ပါ။ အချို့ ဘာကြောင့် ကြာနေသလဲ။ ကြီးကြပ်ကွပ်ကဲလျှင် မြန်ပါမည်။ အခြားခြားသော စာရွက်စာတမ်းများ ကိစ္စရှင်းလင်းပေးကြလျှင် မကြန့်ကြာနိုင်ပါ။ စေတနာမှန်ဖို့သာ အဓိကပါ။

**အစည်းအဝေးသွား၍**

တရားသူကြီး အစည်းအဝေးသွား၍၊ ဥပဒေအရာရှိအစည်းအဝေးသွား၍၊ ရဲအရာရှိလုံခြုံရေးစစ်ကြောင်းလိုက်နေရ၍စသည့် စသည့် အကြောင်းပြချက်များကြောင့် ရက်ချိန်းတွေ ပေးနေရသည်။ မကြာသင့်သည်များ ကြာနေပြီ။ အချုပ်တရားခံမျာ ချုပ်ရက်တွေများလှပြီ။ နေ့စဉ်မှတ်တမ်းမှာ သက်သေမလာဟု ရေးတာတွေလည်း များလှပြီ။ သက်သေမလာလျှင် လာအောင်မည်သို့ကူညီမည်လဲ။ တရားခွင်ထိုင်မည့် အချိန်တွင် (ဖြစ်နိုင်ပါက) အစည်းအဝေးမတက်သင့်။ မဖြစ်မနေအစည်းအဝေးတက်ရလျှင်လည်း အချုပ်သားတရားခံများကိစ္စ ဆီလျော်အောင် ကြိုတင်စီမံဆောင်ရွက်သင့်သည် မဟုတ်လား။ စေတနာထားသော တရားသူကြီးများ များစွာရှိသည်။ ရုံးချိန်အပြည့်ထိုင်ကာရသည့်အချိန်ကိုတန်ဖိုးရှိစွာ အမှုစစ်ဆေးခြင်းဖြင့် ပြည်သူကို ကူညီရာရောက်သည်။ အမှုမကြာအောင် ကြံဆောင်ကြပါ။

**ရုံးချိန်**

သတ်မှတ်သောရုံးချိန်မှာ အမှုမစစ်။ ရုံးဆင်းခါနီးမှ အမှုခေါ်သည်။ ကျေးလက်တောရွာက သက်သေခံလာကြသော ပြည်သူအချို့ ရထားမမီ၊ ကားမမီ၊ မိုးချုပ်ပြီ။ ရွာသို့ မပြန်နိုင်။ တရားရုံးရှေ့က သစ်ပင်ကြီးအောက်မှာ တစ်ညတာဖြစ်သလို အိပ်ကြပေရော့ . . . ။ တာဝန်ရှိသူများ သိပါသလား။

**ရုံးထုတ်နောက်ကျခြင်း**

အကျဉ်းထောင်မှ၊ ရဲစခန်းမှ စသည်ဖြင့် တရားခံများကို ရုံးထုတ်နောက်ကျသည်။ တရားသူကြီး ၊ ရှေ့နေ၊ သက်သေအားလုံး စုံလင်သော်ငြား ရုံးထုတ်နောက်ကျ၍ (တရားခံမလာသေး၍)၊ အချုပ်ကားလမ်းမှာပျက်နေ၍၊ ဘာကြောင့် ညာကြောင့် အကြောင်းပြချက်စုံလင်စွာ ကြောင့် အမှုမစစ်နိုင်။ အမှုစစ်ရင်း အချိန်လွန်သွား၍ (တရားခံများကို ပြန်ပို့ဖို့ အချိန်စေ့သွား၍) အမှုပြန်ချိန်းရတာတွေလည်း ရှိတတ်သည်။ ရုံးအသွင်း၊ အထုတ်ကိစ္စစုံလင်သည်။ အသေးစိတ် မရေးတော့ပါ။ ပြဿနာ၏အဖြေရှာကြစေလိုသည်။

**ရှေ့နေမလာနိုင်၍**

အမှုစစ်ရန် အားလုံးစုံသော်ငြား ရှေ့နေမအားလပ်၊ ကျန်းမာရေးကြောင့် တစ်ခါတစ်ရံ မလာတာ ကိစ္စမရှိ။ အကြောင်းမဲ့ ပျက်ကွက်လျှင်မူ ဥပဒေနှင့်အညီ ဆောင်ရွက်မည်။ ဥပဒေသိသူ၊ ဥပဒေဖောက်ဖျက်က ပို၍ဆိုးသည်။

**ဘယ်သူ့တာဝန်လဲ**

တရားစီရင်ရေးမဏ္ဍိုင်သည် တစ်ဦးတစ်ယောက်ထဲ တည့်မတ်၍မရ။ စုပေါင်းတာဝန်ယူရသူတွေ၊ စေတနာမှန်၊ အလုပ်မှန်ဖို့ အဓိကကျသည်။ ကိုယ့်တာဝန်ကိုယ်ကျေဖို့လိုသည်။ အဂတိတရားကင်းဖို့ အရေးကြီးသည်။ တာဝန်ရှိသူတိုင်း တာဝန်ကျေမှ **အမှုတွေမကြာ မြန်စွာပြီးမည်ဖြစ်ပါကြောင်း** . . .။



ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ အမှတ် (၁)ရပ်ကွက် မာဃလမ်း မိသားစုများ၏ သုံးကြိမ်မြောက် နိဗ္ဗာန်ဈေးပွဲတော်ကို မေ ၁၈ ရက် ညနေကကျင်းပရာ ပွဲတော်လာသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ ကျော်ဆန်း

## ကရင်သူရိ၌ စာအုပ်စာစဉ်အသစ်များဖြည့်ဆည်း

**ကရင်သူရိ မေ ၂၁**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကရင်သူရိမြို့နယ်ခွဲ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများသည် မေ ၁၈ ရက်က နံရံကပ်စာပေ စာအုပ်စာစဉ် အသစ်များ ဖြည့်ဆည်း ဆောင်ရွက်ခြင်းလုပ်ငန်းကို လိုက်လံဆောင်ရွက်သည်။ အဆိုပါလုပ်ငန်းတွင် ပြန်/ဆက်ဦးစီးဌာနမှ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်အသွင်ဖြင့် စာပေဖတ်ရှုခြင်းအလေ့အထများ တိုးပွားလာစေရန်ရည်ရွယ်၍ အများပြည်သူ စည်ကားရာနေရာများဖြစ်သည့် ကားဂိတ်၊ ရေဆိပ်၊ အစိုးရရုံးဌာနများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများတွင် ချိတ်ဆွဲခင်းကျင်းပေးထားသည့်နေရာ ၁၂ ခုသို့ ဘာသာရပ် ၁၂ မျိုးပါ စာအုပ်စာစဉ်အသစ်များ ဖြည့်ဆည်း ချိတ်ဆွဲဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# သီပေါမြို့နယ်သန့်ရှင်းသာယာလှပရေး နားရက်မယူ သန့်ရှင်းရေးဆောင်ရွက်

**သီပေါ မေ ၂၁**

"အမှိုက်များလာရောက်စွန့်ပစ်ကြဖို့ အသိပေးကြေညာအပ်ပါတယ်ရှင့်"ဟု သာယာနာပျော်ဖွယ်အသံနှင့်အတူ သီပေါမြို့နယ်စည်ပင်သာယာရေးဌာန၏ အမှိုက်သိမ်း ဆော်ဩသံသည်မြို့ပေါ် (၁၁)ရပ်ကွက်အတွင်းသို့ ပျံ့နှံ့သွားပြီး မြို့နယ်စည်ပင်သာယာရေးဌာနမှ ဝန်ထမ်းများသည် မြို့သန့်ရှင်းသာယာလှပရေး အတွက် ပြည်သူများ၏အိမ်ရှေ့သို့ တစ်အိမ်ပြီးတစ်အိမ်ရပ်တန့်ကာ အမှိုက်များ သိမ်းဆည်းလျက်ရှိသည်။

"ကျွန်တော်တို့မြို့နယ်စည်ပင်သာယာရေးဌာနအနေဖြင့် မြို့ပေါ် (၁၁) ရပ်ကွက်ကို နားရက်မယူလှည့်လည်ပြီး သန့်ရှင်းသာယာလှပရေးအတွက် ပြည်သူများ အိမ်ရှေ့အရောက် ရပ်တန့်ပြီးအမှိုက်များ သိမ်းဆည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အခုနှစ်မဟာသင်္ကြန်ကာလမှာ ရှင်ပြုအလှူပွဲတွေ ခြိမ့်ခြိမ့်သဲသဲ ကျင်းပခဲ့ကြသလို စွန့်ပစ်အမှိုက်များလည်း အများကြီး ထွက်ရှိခဲ့တယ်။ ဒါကြောင့်တနင်္ဂနွေမှာမော်တော်ယာဉ်ကြွံခိုင်ရေးအတွက် ဆောင်ရွက်ရမည့်ရက်မှာလည်း နားရက်မယူသန့်ရှင်းရေးကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ပါတယ်" ဟု မြို့နယ်စည်ပင်သာယာရေးဌာနအမှုဆောင်အရာရှိ ဦးစိုင်းဝင်းမြင့်က ပြောသည်။

ယခုကဲ့သို့မြို့သန့်ရှင်းသာယာလှပရေးအတွက် နားရက်မယူဆောင်ရွက်ပေးသဖြင့် ဒေသခံပြည်သူများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**





# ဒေသအလိုက် သုတေသနလုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေး ဥယျာဉ်ခြံလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မန္တလေး မေ ၂၁**

ဒေသအလိုက် သုတေသနလုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေး မတူညီသော ရေမြေရာသီဥတုအခြေအနေအပေါ် မူတည်၍ ဒေသနှင့်လိုက်လျောညီထွေမည့် သုတေသနလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးရေး၊ ဝန်ထမ်းများသက်သာချောင်ချိရေးနှင့် သုတေသနလုပ်ငန်းများ ပေါင်းစပ်ဆောင်ရွက်ရေး ဆွေးနွေးရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် တာဝန်ရှိသူများ လိုက်ပါလျက် မေ ၁၈ ရက်က မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန အပူပိုင်းဒေသသီးနှံ ဗဟိုသုတေသနခြံသို့ ရောက်ရှိခဲ့သည်။

ခြံတာဝန်ခံ ဒေါ်မာမာချိုက သုတေသနလုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ သုတေသနလက်ထောက်-၂ ဦးဝင်းစိုးက (JICA) နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အပူပိုင်းဇုန်ဒေသအတွင်း ရေချွေတာ သုံးစွဲသည့် စိုက်ပျိုးရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်ရှိ ဆည်ပေါက်ဥယျာဉ်ခြံသို့ ရောက်ရှိကြရာ ခြံတာဝန်ခံ ဦးအောင်မိုးက ခြံ၏နောက်ခံသမိုင်းကြောင်းနှင့်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအား ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုတို့က အသေးစိတ်ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးမှာကြားပြီး ဥယျာဉ်ခြံအတွင်း လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုပ္ပါးဥယျာဉ်ခြံသို့ ရောက်ရှိကြပြီး ခြံအတွင်းစိုက်ပျိုးထားရှိသော ရှားပါးတိုင်းရင်းဆေးဝါးပင်များ၊ နဂါးမောက်သီးနှံပင်များနှင့် ဥယျာဉ်ခြံသီးနှံပင်များကို လှည့်လည်ကြည့်ရှုအားပေးရာ ခြံတာဝန်ခံဒေါ်စိုးစိုးအောင်က ရှင်းလင်းပြသပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ခရမ်းလွန်ရောင်ခြည်အန္တရာယ် သတိပေးနှိုးဆော်ချက်

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းမြင့်မားစွာရှိနေသော ယခုအချိန်တွင် ခရမ်းလွန်ရောင်ခြည်အန္တရာယ် ပိုမိုကျရောက်နိုင်ပါသည်။ ခရမ်းလွန်ရောင်ခြည်သည် လတ်တလောထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင်ညိုလာခြင်းတို့ဖြစ်ပြီး ထိတွေ့မှုကာလကြာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများအိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ရောဂါများဖြစ်ပွားနိုင်ပါသည်။

သို့ဖြစ်၍ ပူပြင်းသောနေရောင်ခြည်ကျရောက်နိုင်သည့် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခန့်အတွင်း အလုပ်လုပ်ကိုင်သူများ နေရောင်ခြည်အောက်တွင် သွားလာလှုပ်ရှားသူများ၊ သင်္ကြန်ရေကစားသူများ၊ ကလေးငယ်များအား အောက်ပါအတိုင်း သတိပြုကာကွယ်ရန် နှိုးဆော်အပ်ပါသည်။

၁။ ပူပြင်းသောနေရောင်ခြည်အောက်တွင် အလုပ်လုပ်ပါက မိမိ၏အသားကို နေရောင်ခြည်နှင့်တိုက်ရိုက်မထိတွေ့အောင် ကာကွယ်ပါ။

၂။ နေရောင်ခြည်အောက်တွင် သွားလာလှုပ်ရှားရန်လိုအပ်ပါက မျက်နှာ၊ လည်ပင်း၊ ပခုံးတို့ပါ လုံခြုံသောဦးထုပ်၊ ထီးစသည်တို့ ဆောင်းသွားပါ။

၃။ အဝတ်လွတ်ကင်းနေသော လက်၊ လည်ပင်းနှင့်ပခုံးစသည့်နေရာများကို သနပ်ခါးထူထူ (သို့) SPF 15+ ပါဝင်သော နေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ ၁၅မိနစ်ခန့်ကြိုလိမ်းရန်နှင့် နေရောင်ခံ လိမ်းဆေး တစ်ခါလိမ်းပြီး နှစ်နာရီကြာတိုင်း နောက်တစ်ခါထပ်လိမ်းပါ။

၄။ ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်နိုင်ရန်ခရမ်းလွန်ရောင်ခြည် အလွယ်တကူ မဖောက်နိုင်သည့် အရောင်ရင့်သော အဝတ်အထည်များ၊ ထူသော အဝတ်အထည်များကို ဝတ်ပါ။

၅။ ခရမ်းလွန်ရောင်ခြည်ကြောင့် မျက်စိထိခိုက်နိုင်ပါသဖြင့် အလှအပ သက်သက်ထုတ်လုပ်ထားသော နေကာမျက်မှန်များထက် ၉၉ ရာခိုင်နှုန်း ကာကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကိုရွေးချယ်အသုံးပြုပါ။

၆။ ကလေးငယ်များသည် လူကြီးများထက် ခရမ်းလွန်ရောင်ခြည်ကြောင့် ထိခိုက်မှုအန္တရာယ်ကို ပိုမိုခံစားရသောကြောင့် လူကြီးမိဘများအနေဖြင့်

- အသက်တစ်နှစ်အောက်ငယ်သော ကလေးငယ်များကို နေပူထဲသို့ ခေါ်ဆောင်ခြင်းမပြုပါနှင့်။
- ကလေးများကိုအရိပ်ထဲတွင်သာ ကစားပါစေ။
- အပြင်ထွက်ရန်လိုအပ်ပါက သနပ်ခါးထူထူ(သို့)နေရောင်ခံလိမ်းဆေးကို မျက်နှာ၊ လည်ပင်း၊ ပခုံး၊ နောက်ကြော၊ ခြေထောက်နှင့်ခြေဖမိုးပေါ်သို့ လိမ်းပေးပါ။ ခရမ်းလွန်ရောင်ခြည်မဖောက်နိုင်သော အဝတ်ဝတ်ပေးပါ။ နေကာမျက်မှန်တပ်ပါ။ ဦးထုပ်၊ ထီး ဆောင်းပေးပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

## မြန်မာ့အလင်းသတင်းစာ ဆက်သွယ်မှာယူနိုင် . . .

ရန်ကုန်မြို့တွင်း မြန်မာ့အလင်းသတင်းစာဖတ်ပရိသတ်များ သတင်းစာမှာယူလိုခြင်း၊ ပုံနှိပ်အရည်အသွေးမကောင်းခြင်း၊ ကြားညှပ်အချပ်ပိုများ အပြည့်အဝမပါခြင်းစသည့် ကိစ္စအရပ်ရပ်အတွက် ဖြန့်ချိရေးဌာန ဖုန်း ၀၁-၅၄၄၃၁၇ သို့ဖြစ်စေ၊ အောက်ပါကိုယ်စားလှယ်များနှင့် စုရပ်ခေါင်းဆောင်များထံသို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်-

| စဉ် | ကိုယ်စားလှယ်အမည် | ဆက်သွယ်ရန် ဖုန်းနံပါတ် | မြို့နယ်စုရပ် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ဦးပြည့်ဖြိုး | ၀၉-၃၂၃၆၅၈၅၉ | ဗဟန်း | စုရပ်ခေါင်းဆောင် |
| ၂ | ဦးမောင်မူ | ၀၉-၅၃၀၀၇၁၂၊ ၀၉-၇၃၀၅၃၉၆၀ | သာကေတ | စုရပ်ခေါင်းဆောင် |
| ၃ | ဦးထွန်းဦး | ၀၉-၂၅၄၃၁၆၅၉၇ | စမ်းချောင်း | စုရပ်ခေါင်းဆောင် |
| ၄ | ဒေါ်သီတာအောင် | ၀၉-၂၆၀၀၃၄၇၉၅ | တောင်ဒဂုံ | စုရပ်ခေါင်းဆောင် |
| ၅ | ဦးစန်းဝင်း(ဒေါ်ထားထားဝင်း) | ၀၉-၃၁၀၃၃၁၅၈ | မြောက်ဒဂုံ | စုရပ်ခေါင်းဆောင် |
| ၆ | ဦးဌေးကို | ၀၉-၇၃၀၇၆၀၀၁ ၀၉-၂၅၄၀၄၈၀၉၆ | မရမ်းကုန်း | စုရပ်ခေါင်းဆောင် |
| ၇ | ဦးစိုးနိုင်ဦး | ၀၉-၄၃၁၂၅၄၆၂ | အင်းစိန် | စုရပ်ခေါင်းဆောင် |
| ၈ | ဦးအောင်မို(စထမာ) | ၀၉-၂၅၉၈၁၃၈၈၃ | မင်္ဂလာဒုံ | စုရပ်ခေါင်းဆောင် |
| ၉ | ဦးဉာဏ်တေဇာထွန်း | ၀၉-၂၅၀၄၉၃၂၇၀ | သင်္ဃန်းကျွန်း | စုရပ်ခေါင်းဆောင် |
| ၁၀ | ဦးအောင်ကျော်ထွန်း(ဒေါ်ကြည်မြ) | ၀၉-၃၁၀၂၅၂၀၁ | တောင်ဥက္ကလာပ | စုရပ်ခေါင်းဆောင် |
| ၁၁ | ဦးရွှေပေါ်သာ | ၀၉-၄၃၀၂၆၈၃၅ | မြောက်ဥက္ကလာပ | စုရပ်ခေါင်းဆောင် |
| ၁၂ | ဒေါ်တိုး | ၀၉-၇၉၉၇၇၃၃၄၇ | ကြည့်မြင်တိုင် | ကိုယ်စားလှယ် |
| ၁၃ | ဦးထွန်းဦး | ၀၁-၅၂၅၅၁၃ | စမ်းချောင်း | ကိုယ်စားလှယ် |
| ၁၄ | ဦးထွန်းဦး | ၀၉-၃၁၀၆၉၇၇၉ | အလုံ | ကိုယ်စားလှယ် |
| ၁၅ | ဦးအောင်မြင့် | ၀၉-၇၃၂၁၆၈၀၁ | ပန်းဘဲတန်း | ကိုယ်စားလှယ် |
| ၁၆ | ဦးစိုးအောင် | ၀၁-၂၅၃၂၅၅ | လသာ | ကိုယ်စားလှယ် |
| ၁၇ | ဦးကျော်ကျော် | ၀၉-၃၀၂၄၅၃၆၀ | လမ်းမတော် | ကိုယ်စားလှယ် |
| ၁၈ | ဒေါ်စန်းမြင့် | ၀၉-၇၃၁၀၄၀၆၁ | ဗိုလ်တထောင် | ကိုယ်စားလှယ် |
| ၁၉ | ဒေါ်မြင့်ကြည် | ၀၉-၂၁၅၇၀၃၉ | ပုဇွန်တောင် | ကိုယ်စားလှယ် |
| ၂၀ | ဦးခင်မောင်လှိုင် | ၀၉-၂၅၄၂၀၁၆၀၁ | ကျောက်တံတား | ကိုယ်စားလှယ် |
| ၂၁ | ဦးထွန်းရွှေ | ၀၉-၇၃၀၆၃၄၂၃ | ကျောက်တံတား | ကိုယ်စားလှယ် |
| ၂၂ | ဒေါ်ကြည်ကြည်ဌေး | ၀၉-၂၅၄၇၁၉၃၃၁ | ဗဟန်း | ကိုယ်စားလှယ် |
| ၂၃ | ဦးကျော်ကျော် | ၀၉-၂၅၄၀၆၃၀၅၉ | ဒဂုံ | ကိုယ်စားလှယ် |
| ၂၄ | ဦးညို | ၀၉-၉၇၂၃၆၆၉၀၁ | တာမွေ | ကိုယ်စားလှယ် |
| ၂၅ | ဦးအေးငွေ | ၀၉-၃၂၂၅၄၆၈၂ | တာမွေ | ကိုယ်စားလှယ် |
| ၂၆ | ဦးတင်စိုး | ၀၉-၇၃၅၄၈၃၄ | လှိုင်သာယာ | ကိုယ်စားလှယ် |
| ၂၇ | ဦးခင်မောင်အေး | ၀၉-၂၆၃၉၉၈၈၂၃ | အင်းစိန် | ကိုယ်စားလှယ် |
| ၂၈ | ဦးသန်းအေး | ၀၉-၇၃၁၁၈၀၆၈ | မြောက်ဥက္ကလာပ | ကိုယ်စားလှယ် |

# မုယင်း နှင့် အင်း ပြဿနာ

**ကိုရွှေငါး (ဓနုဖြူ)**

မုယင်းစပါးသည် မိုးတွင်းကာလတွင် ရေလွှမ်းမိုးသောမြေ၊ မြေနိမ့်ပိုင်း၊ အနိမ့်ကွင်း၊ ရေနက်ကွင်း နေရာများတွင် ရေပြန်အကျပေါ်မူတည်၍ နွေစပါး အဖြစ်စိုက်ပျိုးသည်ကို ခေါ်ဆိုသည်။ အချို့ရေနက်ကွင်းများတွင် ဖေဖော်ဝါရီလ ဒုတိယပတ်အထိ နွေစပါး စိုက်ပျိုးသည်ကို တွေ့ရှိရသည်။ အင်းဆိုသော စကားရပ်မှာ ပထဝီအနေအထားကြောင့်သော်လည်းကောင်း၊ ရာသီဉတုကြောင့် သော်လည်းကောင်း၊ မိုးကာလမှာမြစ်ရေ၊ ချောင်းရေများ စီးဝင်သည့်အခါ မြေနိမ့်ဒေသနှင့် မြေပြင်တွေပေါ်မှာရေထုထည်များ ဖုံးလွှမ်းလျက်ရှိသည့် အခြေအနေကို အင်းအိုင်များဟု ခေါ်ဆိုပါသည်။ အင်းအိုင်လုပ်ငန်းဆိုသည်မှာ ကုန်းတွင်းပိုင်း ရေချိုငါးထုတ်လုပ်သည့်လုပ်ငန်းကို ခေါ်ဆိုပါသည်။

ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး တို့တွင် ရေနက်ကွင်းရှိသော နေရာများ မုယင်း(နွေစပါး)စိုက်ပျိုးခြင်းနှင့် အင်းလုပ်ငန်းများသည် ဒွန်တွဲလျက်ရှိသည်။ ရေနက်ကွင်း၏ရေကို မူတည်၍ နွေစပါးစိုက်ပျိုးကြသည်။

အဓိကအားဖြင့် ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာပြည်အောက်ပိုင်း မြစ်ဝကျွန်းပေါ်ဒေသဖြစ်၍ ပထဝီအနေအထားအရ အနိမ့်အဝှမ်းများ ၊မြစ်၊ ချောင်း၊ အင်း၊ အိုင်များ အလွန်ပေါများသောဒေသဖြစ်သည်။ မြစ်ဝကျွန်းပေါ် ဒေသအများစုပါဝင်သဖြင့် နွေစပါးစိုက်ပျိုးရန် အနေအထားနှင့် ရာသီဉတုတို့က အခြေအနေပေးသော ဒေသကြီးဖြစ်သည်နှင့်အမျှ ဆန်စပါးအများဆုံး ထွက်ရှိသော ဒေသကြီးဖြစ်၍ မြန်မာနိုင်ငံ၏ စပါးကျီ**(ထမင်းအိုးကြီး)**ဟု တင်စားခေါ်ဝေါ်ခဲ့ကြသည်။

ဆန်စပါးစိုက်ပျိုးရာ တိုင်းဒေသကြီးဖြစ်သကဲ့သို့ တစ်ဖက်တွင်လည်း မြစ်ချောင်းအင်းအိုင်များ ပေါများသည်နှင့်အမျှ ငါး၊ ပုစွန်သယံဇာတများ အလွန်ပေါများသော ဒေသကြီးဖြစ်သဖြင့် သားငါးဟင်းလျာတို့ကို ထုတ်ပေးနေသည့်**(ဟင်းအိုးကြီး)**သဖွယ်ဖြစ်နေသည်။

၁၉၈၈ခုနှစ်ဝန်းကျင်မှစ၍ နွေစပါး(မုယင်း)စပါးများကို အင်းအိုင်ဒေသနှင့်နီးသော အနိမ့်ပိုင်းများ၊ တစ်နည်းအားဖြင့် ရေရရှိရန်လွယ်ကူသော အင်း ချောင်း၊ အိုင်မများအနီးတွင် နွေစပါးများကို စမ်းသပ်စိုက်ပျိုးခဲ့ကြသည်။ နွေကာလတွင် အနိမ့်ပိုင်းဒေသများတွင် အင်းရေကို အခြေပြုစိုက်ပျိုးရသဖြင့် အင်းနှင့်နီးသော စားကျက်မြေနှင့် မြေလွတ်မြေလပ်များကို တောင်သူ လယ်သမားများက တိုးချဲ့စိုက်ပျိုးလာကြသည်။

ရေနက်ကွင်းတွင်ရှိသော အင်းများ၏ ငါးဖမ်းရာသီ၊ ငါးဖမ်းရက်နှင့် ဖမ်းဆီးရသော ဂယက်များတွင် ငါးမျိုးချန်သည့် အပိုင်းများရှိ အင်းရေနှင့် တောင်သူများ၏ စားကျက်မြေများ၊ မြေလွတ်မြေရိုင်းများ၊ အင်းကောမြေများ တွင် နွေစပါးစိုက်ပျိုးသည့် လယ်ကွက်များအဖြစ်ဖန်တီး၍ ဆောင်ရွက်ခဲ့ရာ မှစ၍ မုယင်းနှင့်အင်း ပြဿနာသည် စတင်နိဒါန်းပျိုးခဲ့သည်။ ဤသို့ ဖြစ်ရခြင်းမှာ အင်းအိုင်ချောင်းမြောင်းတို့သည် နှစ်ပေါင်းရှည်ကြာ လာသည်နှင့်အမျှ ရာသီဉတုနှင့်ပထဝီဝင်အနေအထားအရ ပြောင်းလဲလာ ကြရာ အချို့သော အင်းအိုင်တို့သည် ကောလာသည့် အနေအထားသို့ ရောက်ရှိလာခဲ့ကြသည်။ ထိုကဲ့သို့အင်းအိုင်အချို့ ကောလာသည့်အနေအထား တွင် နွေစပါးစိုက်ပျိုးသူတို့သည် အင်းနယ်နိမိတ်အတွင်းသို့ ကျူးကျော် ဝင်ရောက်စိုက်ပျိုးလာကြပါသည်။

ထိုကဲ့သို့အခြေအနေမျိုးတွင် သက်ဆိုင်ရာ လယ်/စာရင်းအင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့မှ ကွင်းဆင်းစစ်ဆေး ကောက်ယူရာ သီးနှံခွန်အတွက် (N)ဟု မမြဲဦးပိုင်အဖြစ် အခွန်စည်းကြပ် တောင်းခံခဲ့ကြသည်။ လယ်သမားများ ဘက်မှလည်း သီးနှံခွန်(N) ဖြင့် ပြေစာထုတ်ပေးခဲ့သည်ကို တရားဝင်ဦးပိုင်အဖြစ် သတ်မှတ်ယူဆခဲ့ကြသည်။

အင်းသားကြီးဘက်မှလည်း မိမိ၏အင်းနယ်နိမိတ်ကို တိတိကျကျမသိဘဲ ဘယ်နေရာ၊ ဘယ်နား အထိဟု ယေဘုယျအသိဖြင့်သာရှိခဲ့ရာ ယင်းကိစ္စမှာ မကြာခဏအချင်းများအငြင်းပွားခဲ့ရသည်။ အင်းသားကြီးဘက်မှ အင်းအိုင် နယ်နိမိတ်ကို အတိအကျသိရှိရန် လေလံဆွဲဝယ်စဉ်ကပင် အင်းမြေပုံအမှန်ကို ရယူထားဖို့လိုအပ်သည်။ ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ အခန်း(၁)၊ ပုဒ်မ(၂)၊ ပုဒ်မခွဲ(ထ)တွင် ရေချိုငါးလုပ်ငန်းနယ်နိမိတ်ဆိုသည်မှာ " ဂရန်အင်း၊ သီးသန့်အင်း၊ လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်း ရေပြင် တင်ဒါ၊ အင်း၊ အိုင်၊ ချောင်းတို့အား ယခင်မူလ **(၁၉၉၁ ခုနှစ် ရေချိုငါးလုပ်ငန်းဥပဒေအတည်မပြုမီကာလ အင်းအိုင်ဧရိယာ နယ်မြေသတ်မှတ်သည့် နယ်နိမိတ်အတွင်းကို ဆိုလိုသည်။ သို့ရာတွင် ဂရန်ပိုင်ရေနက်ကွင်းမှအပ ဦးပိုင်ရှိသော အစိုးရပိုင်နှင့် ပုဂ္ဂလိကပိုင်လယ်မြေ၊ ယာမြေ၊ ဥယျာဉ်ခြံမြေတို့သည် ရေချိုငါးလုပ်ငန်းနယ်နိမိတ်များ အကျုံးမဝင်ပါ)**ဟု အဓိပ္ပာယ်ဖွင့်ဆို ပြဋ္ဌာန်းထားပါသည်။ ဥပဒေပါ ရေချိုငါးလုပ်ငန်းနယ်နိမိတ်နှင့် ပတ်သက်သော အဓိပ္ပာယ်သတ်မှတ်ချက်မှာ တိကျလှပါသည်။ ဥပမာအားဖြင့် အင်းနယ်နိမိတ် ဖြစ်လျှင် ဦးပိုင်လယ်မဖြစ်နိုင်သကဲ့သို့ ဦးပိုင်ရှိနေသော လယ်မြေ၊ ယာမြေ၊ ဥယျာဉ်ခြံမြေတို့သည်လည်း အင်းနယ်နိမိတ်မဖြစ်နိုင်တော့ပါ။

**ရေနက်ကွင်းတွင်ရှိသော အင်းများ၏ ငါးဖမ်းရာသီ၊ ငါးဖမ်းရက်နှင့် ဖမ်းဆီးရသော ဂယက်များတွင် ငါးမျိုးချန်သည့် အပိုင်းများရှိ အင်းရေနှင့် တောင်သူများ၏ စားကျက်မြေများ၊ မြေလွတ်မြေရိုင်းများ၊ အင်းကောမြေများတွင် နွေစပါးစိုက်ပျိုးသည့် လယ်ကွက်များ အဖြစ်ဖန်တီး၍ ဆောင်ရွက်ခဲ့ရာမှစ၍ မုယင်းနှင့်အင်း ပြဿနာသည် စတင်နိဒါန်းပျိုး ခဲ့သည်။**

အင်းနယ်နိမိတ်နှင့် နွေစပါးစိုက်ဧရိယာများသည် အများအားဖြင့် ဆက်စပ် တည်ရှိနေလျက်ရှိခဲ့သည်။ မိုးရာသီ ရေလွှမ်းမိုးသောကာလများတွင် ယင်းဧရိယာများမှာ ငါးများ၏ spawning ground (ငါးနေငါးထိုင်ကွင်း)၊ feeding ground (အစာရှာကွင်း) ဖြစ်၍ ရေနည်းပါးချိန်တွင် ယင်းနေရာ များတွင် နွေစပါးစိုက်ပျိုးကြသဖြင့် ငါးတို့မှစွန့်ပစ်သော အညစ်အကြေးများ ကြောင့် သဘာဝဩဇာဓာတ်ရရှိပြီးကောင်းမွန်သော မြေဆီပေါ်တွင် စိုက်ပျိုး ကြရသဖြင့် တောင်သူနှင့်အင်းသားကြီးတို့ နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းမှုကို ဖြစ်ပေါ်စေသဖြင့် နှစ်ဦးနှစ်ဖက်အဆင်ပြေစွာ လုပ်ငန်းများကို လောဘ၊ ဒေါသ၊ မောဟများ ရှေ့မထားဘဲ ပေါင်းစပ်ဆောင်ရွက်သင့်သည်။

စာရေးသူအနေဖြင့် ကွင်းဆင်းပြီး "မုယင်းနှင့်အင်း" ကိစ္စနှင့်ပတ်သက်၍ မေးမြန်းကြည့်ရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစန်းတိုးက "ကျွန်တော်တို့ ဖုန်းဆိုးတောင်အုပ်စုဟာ အနိမ့်ပိုင်း ရေနက်ကွင်းဒေသဖြစ်ပြီး အင်းများ နှင့်နွေစပါးစိုက်ဧကများစွာရှိပါတယ်။ တောင်သူများကလည်း စားကျက်မြေ၊ အင်းကောမြေများကို ကျူးကျော်စိုက်ပျိုးခဲ့ကြသလို အင်းသားကြီးများကလည်း အင်းပိုင်ဆိုင်ရက် တန်ခူးလပြည့်ကျော် (၁)ရက် အတွင်း အချိန်မီ ရေဖလှယ် သောစနစ်ဖြင့် ငါးဖမ်းနိုင်ရန်နဲ့ နွေစပါးအောင်ရေရရှိစေရန် အင်းသားကြီး များက တောင်သူများအပေါ်ထိုက်သင့်တာကို ကူညီပြီး ငါးဖမ်းချိန်ကို ညှိနှိုင်းသတ်မှတ်ကာ နှစ်ဦးနှစ်ဖက်အကျိုးရှိစေရန် ညှိနှိုင်းပေါင်းစပ်ပေးရပါ တယ်"ဟု ရှင်းပြပါသည်။

မုယင်းနှင့်အင်းပြဿနာများမဖြစ်ပေါ်စေရန် လယ်သမားများကလည်း နွေစပါးကို ဒီဇင်ဘာလကုန်အပြီး စိုက်ပျိုးရန်၊ သက်ကြီးစပါးမစိုက်ပျိုးဘဲ သက်လျှင်စပါးမျိုးများဖြစ်သော ထွန်းသီရိ၊ ဆင်းသုခ၊ ရတနာမိုး စသော စပါးမျိုးများ စိုက်ပျိုးကြရပါမည်။

အင်းသားကြီးများဘက်ကလည်း အင်း၊ အိုင်၊ ချောင်း၊ မြောင်းများ မတိမ်ကောစေရန် အင်းအိုင်များကိုတူးဖော်ခြင်း၊ မိမိအင်းနယ်နိမိတ်များကို အတိအကျသိရှိရန် လေ့လာထားရပါမည်။ မြို့နယ်အဆင့် စိုက်တိုးမြှင့်အဖွဲ့များ ပူးပေါင်းပြီး ပညာပေးဆွေးနွေးပွဲများ၊ လက်တွေ့ ကွင်းဆင်းဆောင်ရွက်ခြင်း၊ လယ်သမားများနှင့် အင်းသားကြီးများ၏ အခက်အခဲများကို အလျင်အမြန် ကွင်းဆင်း ဖြေရှင်းညှိနှိုင်းပေးခြင်းဖြင့် " **မုယင်း နှင့် အင်း**" ပြဿနာများ လျော့နည်းလာမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# ပထမအကြိမ် နိုင်ငံတကာအဆင့်မီ မန္တလာအိုးပင်းဖလား ဘတ်စကက်ဘောပြိုင်ပွဲ

## အလွတ်တန်းနှင့် အသက်(၂၀)နှစ်အောက် အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲကျင်းပမည်

**မန္တလေး မေ ၂၁**

၂၀၁၆ ခုနှစ် ပထမအကြိမ်နိုင်ငံတကာ မန္တလာအိုးပင်းဖလား ဘတ်စကက်ဘောပြိုင်ပွဲအလွတ်တန်းနှင့် အသက် (၂၀) နှစ်အောက် အမျိုးသား ဘတ်စကက်ဘောပြိုင်ပွဲကို မေ ၂၅ မှ ၃၀ ရက်အထိ မန္တလေးမြို့ ဗထူး အားကစားကွင်း မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ဘတ်စကက်ဘော ဆပ်ကော်မတီမှ သိရသည်။




အဆိုပါပြိုင်ပွဲကို မန္တလေးတိုင်းဒေသကြီး ဘတ်စကက်ဘောဆပ်ကော်မတီနှင့် ကောင်းဆုအောင် ကုမ္ပဏီလီမိတက် (စိုက်ပျိုးရေးနှင့် ပရဆေးရောင်းဝယ်ရေး) တို့ ပူးပေါင်း စီစဉ်ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် အသက်(၂၀)နှစ်အောက်အမျိုးသား ဘတ်စကက်ဘောပြိုင်ပွဲနှင့် အလွတ်တန်းအမျိုးသား ဘတ်စကက်ဘော ပြိုင်ပွဲတို့ ပါဝင်မည်ဖြစ်သည်။

"ပြိုင်ပွဲကျင်းပရတဲ့ ရည်ရွယ်ချက်ကတော့ လူငယ်တွေ ဘတ်စကက်ဘောအားကစားကို ပိုမိုစိတ်ဝင်စား ပါဝင်လာနိုင်စေဖို့နဲ့ နိုင်ငံတကာ အဆင့်မီ မျိုးဆက်သစ်ဘတ်စကက်ဘောအားကစားသမားများ ပေါ်ထွန်းလာစေဖို့ရည်ရွယ်ပြီး မန္တလေးမြို့မှာ ပထမဆုံးအကြိမ်ကျင်းပတာ ဖြစ်ပါတယ်။ နောက်ပိုင်းမှာလည်း အခုလို ပွဲမျိုးဆက်လက်ကျင်းပဖို့ စီစဉ်သွားမှာပါ။ နယ်ကနေလာရောက်ယှဉ်ပြိုင်မယ့် ပြိုင်ပွဲဝင်အသင်းတွေအတွက် တည်းခိုနေထိုင်ရေးကိစ္စရပ်တွေကို စီစဉ်ပေးသွားမှာဖြစ်ပါတယ်"ဟု ပြိုင်ပွဲကျင်းပရေး ကော်မတီအဖွဲ့ဝင် ကောင်းဆုအောင် ကုမ္ပဏီလီမိတက်မှ ဦးဝေယံအောင်က ပြောသည်။

ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့်သူများအနေဖြင့် ဝင်ကြေးပေးစရာမလိုဘဲလျှောက်လွှာများကို ဗထူးအားကစားကွင်း၌ အခမဲ့လာရောက်ထုတ်ယူနိုင်ပြီး လျှောက်လွှာများကို မေ ၂၃ ရက် နောက်ဆုံးထားလျှောက်ထားရမည်ဖြစ်ကာ မေ ၂၄ ရက် နံနက် ၁၀ နာရီတွင် ဗထူး အားကစားကွင်း မိုးလုံလေလုံ အားကစားရုံ၌ မဲနှိုက်ရေးဆွဲသွားမည်ဖြစ်သည်။

ပြိုင်ပွဲ အလွတ်တန်းအတွက် ပထမ ဆုငွေကျပ်သိန်း(၂၀)၊ ဒုတိယ ဆုငွေကျပ်(၁၅)သိန်း၊ တတိယဆုငွေကျပ်(၁၀)သိန်းနှင့် အသက်(၂၀) နှစ်အောက်ပြိုင်ပွဲအတွက် ပထမဆုငွေကျပ် ၁၀ သိန်း၊ ဒုတိယဆု ငွေကျပ် (၇)သိန်း၊ တတိယဆုငွေကျပ်(၅)သိန်း တို့ကို ဆုချီးမြှင့်ပေးသွားမည်ဖြစ်သည်။

ယင်းပြိုင်ပွဲသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဘတ်စကက်ဘော အားကစားသမားများ၊ အားကစား ဝါသနာရှင်များ၊ တက္ကသိုလ်နှင့်အခြေခံ ပညာကျောင်းများမှ အားကစားသမား များ၊ ကလပ်အသင်းများနှင့်ဌာနဆိုင်ရာအသင်းများ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး စာရင်းပေးသွင်းလိုပါက ဖုန်း၀၉-၂၀၀၀၇၉၁၊ ၀၉-၉၇၄၅၂၅-၈၈၈၊ ၀၉-၃၁၂၄၂၇၉၈တို့သို့ ဆက်သွယ်မေးမြန်း လျှောက်ထားနိုင်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



## တန်းဆင်းလွတ်ဖို့ အခွင့်အလမ်းရှိနေသေးတဲ့ နယူးကာဆယ်

နယူးကာဆယ်အသင်းဟာ ဒီနှစ်ပရီမီယာလိဂ်မှာ တန်းဆင်းဇုန်လွတ်မြောက်ဖို့အတွက် အကြိတ်အနယ်ကြိုးစားနေရာမှ လွတ်မြောက်ဖို့အခွင့်အလမ်းရှိနေသေးတယ်လို့ နည်းပြဘင်နီတက်ဇ်က အခိုင်အမာပြောဆိုလိုက်ပါတယ်။ နယူးကာဆယ်အသင်းကို တန်းဆင်းလွတ်မြောက်ရေး ကြိုးပမ်းမှုအတွက် နည်းပြဘင်နီတက်ဇ်ကို ခန့်အပ်လိုက်တာဖြစ်ပါတယ်။ နောက်ဆုံးပွဲအဖြစ် နယူးကာဆယ်နဲ့ မန်စီးတီးတို့ ကစားခဲ့ရာမှာ တစ်ဖက်တစ်ဂိုးစီနဲ့ သရေပွဲဖြစ်ခဲ့ပြီးနောက် နယူးကာဆယ်အသင်းဟာ တန်းဆင်းလွတ်ဖို့ နီးစပ်လာပါတယ်။ ဒီပွဲမှာပဲ မန်စီးတီးတိုက်စစ်မှူး အဂူရိုက ပရီမီယာလိဂ်ဂိုး ၁၀၀ မြောက်အဖြစ် ၁၄ မိနစ်အတွင်းမှာ သွင်းယူခဲ့ပါတယ်။ အနီတာက ဒုတိယပိုင်းမှာ ပြန်လည်ချေပတဲ့အတွက် တစ်ဖက်တစ်ဂိုးစီနဲ့ သရေပွဲဖြစ်ခဲ့တာပါ။ သို့ပေမယ့် နယူးကာဆယ်အသင်းဟာ တန်းဆင်းဇုန်အတွင်းမှာရှိနေသေးပါတယ်။ နံပါတ် ၁၇ နေရာလွတ်မြောက်ဖို့ နှစ်မှတ်သာလိုပါတယ်။ လက်ကျန်ပွဲတွေကို အနိုင်ကစားသွားမယ်ဆိုရင် ဘင်နီတက်ဇ်ရဲ့နယူးကာဆယ်ဟာ ပရီမီယာလိဂ်တန်းဆင်းဇုန်အတွင်းမှ လွတ်မြောက်သွားဖွယ်ရှိနေပါတယ်။ လာမယ့်သီတင်းပတ်တွေထဲမှာ ပရီမီယာလိဂ်ရဲ့တန်းဆင်းတိုက်ပွဲတွေကတော့ အပြင်းထန်ဆုံး ဖြစ်လာဖို့ရှိနေပါတယ်။

## မန်ယူနည်းပြဖြစ်လာဖို့ သေချာနေတဲ့ ချယ်လ်ဆီးနည်းပြဟောင်း မော်ရင်ဟို



ချယ်လ်ဆီးနည်းပြဟောင်း မော်ရင်ဟိုဟာ ဇွန် ၅ ရက်ထက်နောက်မကျဘဲ အိုးထရက်ဖို့နည်းပြဖြစ်လာဖို့ သေချာနေတယ်လို့ ဆိုပါတယ်။ အက်ဖ်အေဖလားဗိုလ်လုပွဲအပြီး နှစ်ပတ်အကြာ မန်ယူနည်းပြဖြစ်လာဖို့ သေချာနေတယ်လို့ဆိုပါတယ်။ မော်ရင်ဟိုအနေနဲ့ နွေရာသီကတည်းက လက်ရှိနည်းပြဗန်ဟားလ်ရဲ့နေရာမှာ အစားထိုးဝင်ရောက်ဖို့ ကြိုးစားနေပါတယ်။ သို့သော်လည်း မကြာမီကာလအတွင်းမှာ မော်ရင်ဟိုနဲ့ မန်ယူနဲ့ အပြီးသတ်ဆွေးနွေးမှုတွေ လုပ်ဖို့ရှိနေပါတယ်။ မော်ရင်ဟိုကိုယ်တိုင်ကလည်း မန်ယူနည်းပြဖြစ်လာဖို့ ဆန္ဒပြင်းပြနေတယ်လို့ဆိုပါတယ်။ မော်ရင်ဟိုဟာ ပရီမီယာလိဂ်မှာ ချယ်လ်ဆီးအသင်းနဲ့ အောင်မြင်ခဲ့တဲ့နည်းပြတစ်ဦးဖြစ်ပါတယ်။ ယခုနှစ်ရာသီအစမှ ရလဒ်တွေမကောင်းခဲ့တဲ့အတွက် နည်းပြရာထူးမှဖယ်ရှားခံရခြင်းဖြစ်ပါတယ်။ မော်ရင်ဟိုကို မန်ယူနည်းပြဖြစ်လာဖို့ ဆမ်အလာဒိုက်စ်၊ လက်စတာနည်းပြ ရာနီရေးရီတို့ကလည်း ထောက်ခံထားပါတယ်။ မော်ရင်ဟိုဟာ လာမယ့်ရာသီမှာ မန်ယူအသင်းကို အကောင်းဆုံးအသင်းဖြစ်အောင် ပြန်လည်တည်ဆောက်သွားဖွယ်ရှိနေပါတယ်။

# မန်ယူတို့အိပ်မက်တွေ အရောင်တောက်ပနိုင်မလား စောင့်ကြည့်ရမယ့် အက်ဖ်အေဖလားအကြိုဗိုလ်လုပွဲ



**ဒီတစ်ပတ် စနေ၊ တနင်္ဂနွေဖြစ်တဲ့ မေ ၂၃ ရက်နဲ့ ၂၄ ရက်တွေမှာတော့ အက်ဖ်အေဖလားအကြိုဗိုလ်လုပွဲတွေ ကစားဖို့ရှိနေပါတယ်။ ဒီအကြိုဗိုလ်လုပွဲမှာ ထိပ်တန်းအသင်းတွေမရှိပေမယ့် ခက်ခဲတဲ့ပြိုင်ဘက်ကြောင့် မန်ယူရဲ့အိပ်မက်တွေ အရောင်တောက်ပနိုင်မလား ကြည့်ရမှာဖြစ်သလို ဝက်ဖို့ဒ်ရဲ့အားထုတ်မှုတွေကလည်း ခရစ္စတယ်ပဲလေ့စ်အပေါ် လွှမ်းမိုးကျော်ဖြတ်သွားနိုင်မလားဆိုတာကလည်း ရင်ခုန်စရာကောင်းနေတာတော့ အမှန်ပါပဲ။**

**အဲဗာတန်နှင့်မန်ယူ**

ဒီနှစ်ဘောလုံးရာသီမှာ အတက်အကျ၊ အနိမ့်အမြင့် စွမ်းဆောင်မှုလှိုင်းတွေကြားမှာ လူးလိမ့်နေတဲ့ မန်ယူတို့အတွက် တစ်ခုတည်းသောမျှော်လင့်ချက်ဖလားဖြစ်တာမို့ ရအောင်လုဖို့ ကြိုးစားမှာဖြစ်ပါတယ်။ ရက်ဖို့ဒ်၊ လင်ဂတ်စတဲ့ လူငယ်တွေက မန်ယူရဲ့အက်ဖ်အေဖလားရယူရေးကို အကောင်အထည်ဖော်နိုင်မလားဆိုတာ စိတ်ဝင်စားစရာပါပဲ။ အဲဗာတန်ဟာ မန်ယူကို အမြဲတမ်း ဒုက္ခပေးတတ်တဲ့အသင်းဖြစ်တာမို့ နည်းပြဗန်ဟားလ်ရဲ့ ကစားသမားအခင်းအကျင်းက အရေးကြီးလာပြီး ဗျူဟာပိုင်းချမှတ်မှုကလည်း အဓိကကျလာပြီဖြစ်ပါတယ်။ ပရီမီယာလိဂ်မှာတော့ ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာအတွက် ခက်ခဲပြင်းထန်တဲ့ ကျော်ဖြတ်မှုတွေနဲ့ မန်ယူတို့ရင်ဆိုင်နေရသလို အခုလက်တစ်ကမ်းအကွာ ရောက်လာတဲ့ အက်ဖ်အေဖလားရယူရေးအတွက်လည်း အတိမ်းအစောင်း အမှားအယွင်းခံလို့မရတဲ့အခြေအနေဖြစ်ပါတယ်။ အဲဗာတန်ကွင်းမှာ မန်ယူတို့ နောက်ဆုံးနှစ်ပွဲဆုံတွေ့ခဲ့မှုကိုကြည့်ရင် မန်ယူတို့ တစ်ပွဲနိုင်၊ တစ်ပွဲရှုံးထားပါတယ်။ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ မန်ယူကွင်းမှာတော့ မန်ယူက တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရထားပါတယ်။ မန်ယူရဲ့နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲရလဒ်ကိုကြည့်ရင် မန်စီးတီး၊ အဲဗာတန်၊ ဝက်စ်ဟမ်းနဲ့ ဗီလာတို့ကိုနိုင်ပြီး စပါးအသင်းကိုတော့ သုံးဂိုးပြတ်နဲ့ ရှုံးခဲ့ပါတယ်။ ဒီပွဲစဉ်တွေမှာ မန်ယူရဲ့ တိုက်စစ်ကိုကြည့်ရင် ငါးဂိုးသာသွင်းထားနိုင်ခဲ့လို့ အားရစရာမရှိပေမယ့် သုံးပွဲမှာ ပေးဂိုးမရှိတာက ခံစစ်ပိုင်းအမှားအယွင်းနည်းလာတာက တိုးတက်မှုတစ်ရပ်ဖြစ်နေပါတယ်။ အဲဗာတန်တို့ကတော့ နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာ နိုင်ပွဲတစ်ပွဲမှမရခဲ့သလို တိုက်စစ်ပိုင်းလည်း စွမ်းရည်ကျဆင်းနေပါတယ်။ ဒီပွဲမှာ နှစ်သင်းစလုံးခြေစွမ်းက ထက်မြက်မှုမရှိပေမယ့် မန်ယူလူငယ်တွေရဲ့ စွမ်းဆောင်မှုက ဒီပွဲရဲ့ရလဒ်ကို သတ်မှတ်ပေးပြီး နောက်ဆုံးဗိုလ်လုပွဲကို ပို့ပေးနိုင်ပါလိမ့်မယ်။

**ခရစ္စတယ်ပဲလေ့စ်နှင့် ဝက်ဖို့ဒ်**

တစ်လှည့်စီအနိုင်ယူနေတတ်တဲ့ နှစ်သင်းဖြစ်တာမို့ အခုပွဲကတော့ စိတ်ဝင်စားစရာကောင်းနေပါတယ်။ ခရစ္စတယ်ပဲလေ့စ်တို့က လောလောဆယ်ဆယ် ခြေစွမ်းကျဆင်းနေပြီး နိုင်ပွဲတွေလည်း ပျောက်ဆုံးနေတာမို့ ဒီပွဲမှာ သမိုင်းမှတ်တမ်းကောင်း ရေးထိုးနိုင်ရေး အစွမ်းကုန်ကြိုးစားပါလိမ့်မယ်။ ဝက်ဖို့ဒ်တို့ကလည်း ခြေစွမ်းအတက်အကျရှိနေပြီး တိုက်စစ်ပိုင်းမှာလည်း ဂိုးသွင်းစွမ်းရည်ကျဆင်းနေတာမို့ အခုပွဲမှာ နိုင်ပွဲကိုပြန်လည်ဖော်ဆောင်ပြီး နောက်ဆုံးဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ရေး ကြိုးစားမှာဖြစ်ပါတယ်။ အထနှေးတတ်တဲ့ ဝက်ဖို့ဒ်ရဲ့ ခြေစွမ်းက ပြိုင်ဘက်အသင်းတွေ သက်လုံကျဆင်းချိန်မှာ ဂိုးရအောင်သွင်းယူနိုင်စွမ်းရှိတာမို့ ဒီပွဲမှာ ခရစ္စတယ်ပဲလေ့စ်ရဲ့ ခံစစ်မှူးတွေ သတိပြုရမယ့်အနေအထားရှိပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ သုံးပွဲရလဒ်ကိုကြည့်ရင် တစ်ပွဲစီနိုင်ပြီး သရေတစ်ပွဲ ဖြစ်ထားပါတယ်။ ကစားအားရော၊ တစ်ဦးချင်းစွမ်းရည်ပါ တူညီနေတဲ့ ဒီနှစ်သင်းမှာ ပွဲချိန်တစ်လျှောက်လုံး စိတ်ဓာတ်ကောင်းနဲ့ ကြိုးစားနိုင်တဲ့ ဝက်ဖို့ဒ်တို့က ဂိုးမပြတ်ပေမယ့် နိုင်ပွဲရပြီး အက်ဖ်အေဖလားဗိုလ်လုပွဲကို တက်ရောက်သွားနိုင်ပါတယ်။ ။

■ မိုးမြင့်လင်းလက် ■

## လာလီဂါဖလားရဖို့ အကောင်းဆုံးခြေစွမ်းရှိနေသေးတယ်ဆိုတဲ့ ဘာစီလိုနာ



ဘာစီလိုနာအသင်းအနေနဲ့ ကိုးမှတ်အသာနဲ့ ဦးဆောင်ပြီးမှ အနီးကပ်ပြိုင်ဘက်တွေဖြစ်တဲ့ အက်သလက်တီကိုနဲ့ ရီးရဲမက်ဒရစ်တို့က အမီလိုက်လာသော်လည်း ဖလားဆွတ်ခူးနိုင်တဲ့ ခြေစွမ်းရှိနေဆဲဖြစ်ကြောင်း နည်းပြအန်းနရစ်က အခိုင်အမာပြောဆိုလိုက်ပါတယ်။ ဘာစီလိုနာအသင်းဟာ သုံးပွဲဆက်တိုက်ရှုံးနိမ့်ပြီးနောက် ကိုးမှတ်အသာနဲ့ ဦးဆောင်မှုမှာ အဆုံးသတ်သွားခဲ့ပါတယ်။ ဒုတိယနေရာမှ အက်သလက်တီကိုအသင်းကို ကိုးမှတ်အသာနဲ့ ဦးဆောင်ပြီးမှ ဆုံးရှုံးသွားခဲ့တာဖြစ်ပါတယ်။ ပွဲစဉ် ၃၃ အပြီးမှာတော့ ဘာစီလိုနာနဲ့ အက်သလက်တီကိုတို့ဟာ ၇၆ မှတ်နဲ့ အမှတ်တူဦးဆောင်နေပါတယ်။ ဘာစီလိုနာရဲ့ အဓိကပြိုင်ဘက် ရီးရဲမက်ဒရစ်ကတော့ တစ်မှတ်ခွာပြီး ကပ်လိုက်လာပါတယ်။ ဘာစီလိုနာနည်းပြ အန်းနရစ်က သူ့အသင်းဟာ လာလီဂါဖလားရနိုင်သေးတယ်လို့ အခိုင်အမာပြောဆိုနေပါတယ်။ သို့သော်လည်း အက်သလက်တီကိုနဲ့ ရီးရဲမက်ဒရစ်တို့ကလည်း လက်ကျန်ပွဲတွေကို အနိုင်ကစားပြီး ဖလားရအောင်ယူဖို့ ပြင်ဆင်နေပါတယ်။ စပိန်လာလီဂါရဲ့ပြိုင်ဆိုင်မှုဟာ ရာသီအကုန်မှာ အထွတ်အထိပ်သို့ရောက်ရှိလာနေပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။

# အတုလရတနာစေတီတော် ပြန်လည်ပြုပြင်မှုများ မကြာမီပြီးစီးမည်



**ရေး ဧပြီ ၂၁**
ရေးမြို့နယ် လမိုင်းမြို့ ကော့ဒွတ်ကျေးရွာ၏ကျက်သရေဆောင် သမိုင်းဝင် အတုလရတနာစေတီဘုရား ပြန်လည်ပြုပြင် မွမ်းမံတည်ဆောက်မှုများ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကာ မကြာမီ လုပ်ငန်းအားလုံး ပြီးစီးတော့မည် ဖြစ်ကြောင်း သိရသည်။

အဆိုပါစေတီတော်ကို ၁၁၆၀ ပြည့်နှစ်က ကော့ဒွတ်ကျေးရွာ ဆရာတော်နှင့် ကျေးရွာနေပြည်သူများစုပေါင်း၍ တည်ထားကိုးကွယ်ခဲ့ပြီး နှစ်ကြာလာသည်နှင့် အမျှ ပျက်စီးယိုယွင်းလာ၍ ယခုအခါ ကော့ဒွတ်ကျေးရွာ မဟာဝိဟာရပရိယတ္တိကျောင်းထိုင်ဆရာတော်နှင့် ကျေးရွာနေပြည်သူများက ပြန်လည်ပြုပြင် တည်ဆောက်ခြင်းဖြစ်ကြောင်း၊ တည်ဆောက်မှုများအတွက် လက်ရှိကုန်ကျမှုမှာ ကျပ်သိန်းပေါင်း ၂၃၀၀ ဖြစ်၍ ဉာဏ်တော်အမြင့်မှာ ၇၆ တောင်ရှိပြီး စေတနာရှင်အလှူများက စိန်ဖူးတော်၊ ငှက်မြတ်နားတော်အတွက် လှူဒါန်းထား သည်မှာ ရွှေစင်တစ်ပိဿာ ၈၇ ကျပ်သား ရရှိထားပြီဖြစ်ကြောင်း၊ လာမည့် တပို့တွဲလပြည့်နေ့တွင် စိန်ဖူးတော်၊ ငှက်မြတ်နားတော်များ ကပ်လှူပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။
**နေမျိုးထွဋ်(ရေး)**

# သကြၤန်အပြီး ကြက်သွန်နီလှိုင်လှိုင်ဝင်ရောက်ကာ ဈေးနှုန်းကျဆင်း

**ရေတာရှည် ဧပြီ ၂၁**
သင်္ကြန်ကာလ နောက်ပိုင်းတွင် မြန်မာနိုင်ငံ အထက်ပိုင်းဒေသများမှ ထွက်ရှိသည့် ကြက်သွန်နီများ နယ်ဈေးကွက်အသီးသီးသို့ နေ့စဉ်လှိုင်လှိုင် ဝင်ရောက်လာလျက်ရှိသဖြင့် ကြက်သွန်နီဈေးနှုန်းများ ဆက်လက်ကျဆင်းလျက်ရှိကြောင်း ရေတာရှည်မြို့နယ်ဈေးကွက်အတွင်းမှ သိရသည်။

လက်ရှိအချိန်တွင် ရေတာရှည်မြို့နယ် ဈေးကွက်အတွင်းသို့ မုံရွာ၊ ပခုက္ကူ၊ မန္တလေး၊ ရှမ်းပြည်နယ်ဒေသများမှ ထွက်ရှိသည့်ကြက်သွန်နီများ ဆက်တိုက်ဝင်ရောက်နေကာ ဈေးနှုန်းမှာ ကြက်သွန်နီတစ်ပိဿာလျှင် ကျပ် ၄၀၀ မှ ၅၀၀ ခန့်သာရှိနေသည်။ ရေတာရှည်မြို့နယ်အတွင်း စစ်တောင်းမြစ်ကြောင်း တစ်လျှောက်နှင့် ဆွာချောင်းတစ်လျှောက် ရှိ တစ်နိုင်တစ်ပိုင် ကြက်သွန်စိုက်ပျိုးသည့် တောင်သူများ စိုက်ပျိုးသော ကြက်သွန်ခင်းများမှလည်း ပိုလျှံသည့် ကြက်သွန်များကို ဈေးကွက်သို့ပင် တင်ပို့ရောင်းချ နိုင်ခြင်းကြောင့် ဝယ်ယူသုံးစွဲနိုင်မှုနှင့် ရောင်းလိုအားပိုကာ ဈေးနှုန်းကျဆင်းရခြင်းဖြစ်ကြောင်း သိရသည်။



"အရင်လတွေက အလှူပွဲတွေ အရမ်းများတော့ ကြက်သွန် ဝယ်လိုအားကောင်းတယ်။ အခုချိန်မှာက ဒေသတွင်းထွက်တဲ့ ကြက်သွန်က ထောက်ထားတော့ အပြင်ကဝင်လာတဲ့ ကြက်သွန်ဈေးကွက်က အေးသွားတယ်"ဟု ဆွာမြို့နေ ကုန်စုံရောင်းချသူတစ်ဦးကပြောသည်။ **ကိုလွင်(ဆွာ)**

# မြဝတီမြို့တွင် လိုအပ်လျက်ရှိသည့် ယာဉ်ရပ်နားကွင်းတည်ဆောက်ရေး ကွင်းဆင်းဆောင်ရွက်

**မြဝတီ ဧပြီ ၂၁**
ကရင်ပြည်နယ် မြဝတီမြို့တွင် လိုအပ်လျက်ရှိသော ယာဉ်ရပ်နားကွင်းကို အမှတ်(၅)ရပ်ကွက် ချစ်ကြည်ရေးလမ်းမကြီးဘေးရှိ ဦးမောင်ဝင်း ပိုင်ဆိုင်သည့် မြေ ဧရိယာ ၃၂ ဒသမ ၄၅ ဧကတွင် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီမြို့သည် နယ်စပ်ဒေသမြို့တစ်မြို့ဖြစ်သည့်အတွက် လူဦးရေသိပ်သည်းခြင်း၊ ခရီးသွားပြည်သူ များပြားခြင်း၊ ရောင်းဝယ်မှုများဖွံ့ဖြိုးခြင်း၊ မော်တော်ယာဉ် များပြားခြင်းတို့ကြောင့် မြို့ပြအင်္ဂါရပ်များနှင့်အညီ လူ၊ ယာဉ်များသွားလာမှု စနစ်တကျရှိစေရေးနှင့် ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးတို့အတွက် ယာဉ်ရပ်နားကွင်း(ကားဝင်း)တည်ဆောက်ရန် လိုအပ်လျက်ရှိသဖြင့် ယာဉ်ရပ်နားကွင်း တည်ဆောက်ရန် စီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့မြို့ဟာ နယ်စပ်မြို့ဖြစ်တော့ ခရီးသွားလာမှု များပါတယ်၊ အဲလိုများတာနဲ့အမျှ ယာဉ်ကြီးယာဉ်ငယ်တွေလည်း အလွန်များလာပါတယ်၊ မြို့ထဲမှာဆို ယာဉ်ကြောပိတ်ဆို့မှုတွေ မကြာခဏဖြစ်ပါတယ်၊ အဲဒါကြောင့် ယာဉ်ရပ်နားကွင်းသာ အောင်မြင်စွာတည်ဆောက်ပြီးသွားရင် ပြည်သူလူထုအားလုံး ဝမ်းသာကြမှာဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းနဲ့ ကုန်စည်စီးဆင်းမှုများ မြန်ဆန်ဖွံ့ဖြိုးလာမှာပါ။ ဒါကို မြန်မြန်အကောင်အထည်ဖော်ဖို့လည်း ကျွန်တော်တို့ ကော်မတီအနေနဲ့ သက်ဆိုင်ရာကို အမြန်ဆုံးတင်ပြသွားမှာပါ" ဟု မြဝတီမြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးသန်းရွှေက ပြောသည်။

ယာဉ်ရပ်နားကွင်း တည်ဆောက်နိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းရွှေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးမြင့်ကျော်နှင့် တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သူလတ်၊ အင်ဂျင်နီယာမှူး ဦးစိုးလွင်နှင့် တာဝန်ရှိသူများက တည်ဆောက်မည့်နေရာသို့ ဧပြီ ၂၀ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။
**ထိန်လင်းအောင်(ပြန်/ဆက်)**

# နွေပဲတီစိမ်း ဧက ၅၀ တောင်သူပညာပေး စံကွက် ကွင်းဆင်းစစ်ဆေး

**မြစ်သား ဧပြီ ၂၁**
နွေပဲတီစိမ်းသည် တောင်သူဝင်ငွေကောင်း၊ ဈေးကွက်ကောင်းသည့် သီးနှံမျိုးဖြစ်ပြီး ယခုအချိန်တွင် ရင့်မှည့်စပြုချိန်ဖြစ်ရာ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် လမ်းခွကျေးရွာရှိ နွေပဲတီစိမ်း ဧက ၅၀ တောင်သူပညာပေးစံကွက်ကို စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်အောင် ဧပြီ ၂၀ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ရာ စံပြကွက်တာဝန်ခံ ဦးခင်မောင်ရည်က မြို့နယ်အတွင်း ၂၀၁၅-၂၀၁၆ နွေပဲတီစိမ်း စံပြကွက်များဆောင်ရွက်ထားမှု အခြေအနေများ၊ မျိုးပြောင်းလဲ စိုက်ပျိုးပြီး တောင်သူပညာပေး စံပြကွက်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြခဲ့ပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်က တောင်သူများလိုအပ်နေသော ဈေးကွက်ဝင်သည့် စပါးသီးနှံ အပါအဝင် ဆီထွက်သီးနှံ၊ ပဲမျိုးစုံမျိုးနှင့်စိုက်ပျိုးနည်းပညာများကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်မှာကြားခဲ့သည်။ **ရဲဝင်းထွန်း(မြစ်သား)**

# သရက်ခြံများတွင် သရက်သီးများ ပိုးမွှားအန္တရာယ်ကင်းရန် စက္ကူအိတ်စွပ်စိုက်ပျိုး

**စဉ့်ကိုင် ဧပြီ ၂၁**
မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်အတွင်းရှိ စနစ်တကျစိုက်ပျိုးထားသော သရက်ခြံကြီးများတွင် သရက်သီးများ အသီးတင်နှုန်းကောင်းမွန်ပြီး ပိုးမွှားအန္တရာယ်ကင်းဝေးစေရန် စက္ကူအိတ်များစွပ်၍ စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

စဉ့်ကိုင်မြို့နယ်တွင် သရက်ခြံကြီးများစွာရှိသည့်အနက် မြေအောက်ရေဓာတ်ဟာသွားချိန်တွင် ရေတင်ပေးခြင်း၊ အပွင့်အရွက်ဝင်ချိန်မှစ၍ ရွက်ဖျန်းအားဆေးနှင့် ပိုးသတ်ဆေးများ မှန်မှန်ဖျန်းပေးခြင်း၊ ပင်စည်အစေးထုတ်ပေးခြင်း စသည့် စနစ်တကျစိုက်ပျိုးနည်းများဖြင့် စိုက်ပျိုးထားသည့် သရက်ခြံများတွင် အသီးများ အများအပြားသီးကာ အောင်မြင်လျက်ရှိသည်။ အဆိုပါသရက်ခြံများတွင် သီးနေသောအသီးများကို ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန် စက္ကူအိတ်များစွပ်၍ စိုက်ပျိုးနေကြခြင်းဖြစ်သည်။

"ကျွန်တော့်သရက်ခြံထဲမှာ အသီးတွေတင်နှုန်းကောင်းလို့ သရက်ကိုင်းနှစ်ကိုင်း အရင်းကပြတ်ကျသွားပါတယ်။ ကျန်တဲ့အကိုင်းတွေလည်း ထပ်ပြီးပဲ့မကျအောင် အောက်ကနေ ဒေါက်တွေထောက်ပေးထားရတယ်။ သရက်သီးကို မှက်၊ ခြင်၊ ယင် မထိုးအောင် လက်လှမ်းမီသလောက် အသီးတွေကို စက္ကူအိတ်စွပ်ပေးနေရတယ်"ဟု စဉ့်ကိုင်မြို့နယ် ရွာသာယာကျေးရွာမှ သရက်ခြံပိုင်ရှင်တစ်ဦးက ပြောသည်။ စဉ့်ကိုင်မြို့နယ်အတွင်း အချို့သရက်ခြံကြီးများတွင် သရက်ပင် စတင်စိုက်ပျိုးချိန်က တစ်ပင်နှင့် တစ်ပင် ၁၂ တောင်ခြား၍ စိုက်ပျိုးရမည့်အစား ရှစ်တောင်၊ ၁၀ တောင်ခန့်သာခြား၍ စိုက်ပျိုးခဲ့ကြသဖြင့် အပင်များ ကြီးလာသောအခါ တစ်ပင်နှင့်တစ်ပင်ထိစပ်ကာ လေဝင်လေထွက်မကောင်းခြင်း၊ အလင်းရောင်နှင့် နေရောင်ရရှိမှုနည်းခြင်းတို့ကြောင့် အသီးတင်နှုန်းနည်းပါးလျက်ရှိကြောင်း သိရသည်။
**အောင်မင်း(စဉ့်ကိုင်)**



## နေ့အပူချိန်မြင့်တက်ခြင်းကြောင့် ဓာတ်ဆားထုပ်များ ရောင်းအားတက်

**ရေတာရှည် မေ ၂၁**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း၌ နေ့အပူချိန်များ ဆက်လက်မြင့်တက်လျက်ရှိရာ ပူပြင်းသည့်ရာသီဥတုတွင် ကျန်းမာရေးကို အထောက်အကူဖြစ်စေသည့် ဓာတ်ဆားထုပ်များကို ဝယ်ယူသုံးစွဲသူများပြားလျက်ရှိသဖြင့် ဓာတ်ဆားထုပ်များ ရောင်းအားကောင်းလျက်ရှိကြောင်း သိရသည်။

ဓာတ်ဆားထုပ်များ ဝယ်ယူသုံးစွဲသူ များပြားလွန်းသည့်အတွက် ဆေးအရောင်းဆိုင်များ၌ ဓာတ်ဆားထုပ်မျိုးစုံမှာ ပြတ်လပ်သည်အထိ ရောင်းချနေရကြောင်း ဆေးအရောင်းဆိုင်များမှ သိရသည်။ လက်ရှိ ဓာတ်ဆားထုပ်ဈေးနှုန်းမှာ တစ်ထုပ်လျှင် ကျပ် ၁၅၀ မှ ၂၀၀ အထိ ဈေးကွက်၌ ရောင်းချလျက်ရှိသည်။ ဓာတ်ဆားထုပ် ဝယ်ယူသောက်သုံးသူများအနေဖြင့် မြန်မာနိုင်ငံဆေးဝါးစက်ရုံထုတ် ဘီပီအိုင်ဓာတ်ဆားများအပြင် ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံများမှ ထုတ်လုပ်သည့် သီးစုံဓာတ်ဆားထုပ်များကိုလည်း သုံးစွဲကြကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## စားသုံးရန်မသင့်သည့် စားသောက်ဖွယ်ရာများ ရောင်းချခြင်းမရှိစေရန် စစ်ဆေး

**ဆိပ်ဖြူ မေ ၂၁**
မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ပတ္တမြားဈေးအတွင်းရှိ ဈေးဆိုင်များတွင် ပြည်သူများစားသုံးရန်မသင့်သည့် စားသောက်ဖွယ်ရာများကို ရောင်းချခြင်းမရှိစေရေးအတွက် တာဝန်ရှိသူများ မေ ၂၀ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဇံနှင့် ဝန်ထမ်းများ၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးသန်းမြင့်ထွန်း၊ ဦးဇော်နေလင်းနှင့် ဝန်ထမ်းများ ပူးပေါင်း၍ စစ်ဆေးခဲ့ခြင်းဖြစ်ပြီး ပြည်သူများ စားသုံးရန်မသင့်သည့် ရတနာအမှတ်တံဆိပ် ငါးပိနှင့် စံမညီစားသုံးဆီ အမျိုးအစား ၁၈ မျိုးကို ရောင်းချခြင်းရှိ မရှိ စစ်ဆေးခဲ့ကြပြီး စာသုံးရန်မသင့်သည့် အစားအသောက်များစာရင်း လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

**စိုးလင်းနိုင် (ပြန်/ဆက်)**





# အပူချိန်မြင့်၍ ကြက်ဥအထွက်နှုန်း လျော့နည်း ဥစားကြက်မွေးမြူရေးလုပ်ငန်းများ အခက်တွေ့

**သထုံ မေ ၂၁**
အယ်နီညိုရာသီဥတု၏ အပူချိန်မြင့်တက်နေမှုများကြောင့် မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ ဥစားကြက်မွေးမြူရေးခြံများတွင် ကြက်ဥထွက်နှုန်းကျဆင်းလျက်ရှိနေပြီး ကြက်ဥဈေးနှုန်းများ မြင့်တက်နေသော်လည်း ကြက်မွေးမြူသူများအတွက် အကျိုးဖြစ်ထွန်းမှုနည်းပါးကြောင်း ဥစားကြက်မွေးမြူသူများထံမှ သိရသည်။

"သင်္ကြန်မတိုင်ခင်ကစပြီး ဥဈေးကတော့ တက်လာနေပေမယ့် အပူချိန်ပြင်းတော့ ဥထွက်နှုန်းက ကျတယ်။ နောက်ပြီး အပူဒဏ်က ခါတိုင်းနှစ်တွေနဲ့ မတူဘူးလေ။ ကြက်တွေမသေအောင် ဆေးထိုးဆေးတိုက်တာတွေလုပ်ပြီး ဂရုစိုက်နေရတော့ ကုန်ကျစရိတ်က မြင့်လာတယ်။ ရေအခက်အခဲကလည်း ရှိသေးတယ်။ ဒါကြောင့် ဥဈေးတက်လည်း ကိုယ့်အတွက်သိပ်မကျန်ဘူး"ဟု ဥစားကြက်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ကိုဖြိုးက ပြောသည်။

ဥစားကြက်များမှာ သာမန်အပူချိန်တွင် ကြက်အကောင်တစ်ထောင်လျှင် ဥအလုံး ၈၀၀ ခန့် ထွက်ရှိပြီး ရာသီဥတုအေးပါက ဥအလုံး ၉၀၀ ခန့် ထွက်ရှိကြောင်း ယခုနှစ်တွင် အပူချိန်ပိုမိုပြင်းထန်သဖြင့် ကြက်အကောင်တစ်ထောင်လျှင် ဥအလုံးရေ ၆၈၀ ဝန်းကျင်ခန့်သာထွက်ရှိကြောင်း ၎င်းက ဆက်ပြောသည်။

သထုံမြို့နယ်တွင် ပြီးခဲ့သည့်နှစ်အထိ အပူချိန်မြင့်မားခြင်းသိပ်မရှိခဲ့သဖြင့် ဥစားကြက်မွေးမြူရေးလုပ်ငန်းများအနေဖြင့် အကျိုးအမြတ် အထိုက်အလျောက်ရရှိခဲ့သော်လည်း ယခုနှစ်တွင် အပူချိန်ပြင်းသဖြင့် ကြက်များ အစာစားနှုန်းကျဆင်းကာ ဥထွက်နှုန်းပါကျသဖြင့် အကျိုးအမြတ်နည်းပါးကြောင်း သိရသည်။

ကြက်ဥဈေးနှုန်းမှာမူ မြင့်တက်လျက်ရှိနေပြီး ဧပြီလမတိုင်ခင်အထိ ကြက်ခြံများမှ ဖောက်သည်ပေးသောဈေးမှာ ကြက်ဥအသေးတစ်လုံးလျှင် ၉၀ ကျပ်၊ အကြီးတစ်လုံးလျှင် ၁၀၀ ကျပ်ရှိခဲ့ရာမှ ဧပြီလအတွင်း သင်္ကြန်မတိုင်ခင်မှ ယနေ့အချိန်အထိ ဖောက်သည်ပေးဈေးမှာ ကြက်ဥအသေးတစ်လုံးလျှင် ၁၀၀ ကျပ်နှင့် အကြီးတစ်လုံးလျှင် ၁၂၀ ကျပ်အထိ ဈေးရရှိနေကြောင်း သထုံမြို့နယ်အတွင်းရှိ ဥစားကြက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများထံမှ သိရသည်။

**သက်ဦး(သထုံ)**

# ရေစကြိုမြို့တွင် ဈေးကောင်းရနေသော ဗမာလက်ပံမျိုးများ



အသီးများသီးနေသော ယိုးဒယားလက်ပံမျိုးပင်တစ်ပင်

ယခုအချိန်သည် ရေစကြိုမြို့နယ်အတွင်းရှိ လက်ပံပင်များ၌ လက်ပံသီးရင့်ချိန်ဖြစ်ပါသည်။ ရေစကြိုမြို့၏ ဒေသအခေါ်အရ လက်ပံပင်တွင် ယိုးဒယားလက်ပံနှင့် ဗမာလက်ပံဟူ၍ အပင်နှစ်မျိုးရှိပါသည်။ အဆိုပါလက်ပံသီးများမှရရှိသောမျိုးများဖြင့် ခေါင်းအုံး၊ မွေ့ရာ၊ ဖက်လုံးစသည်တို့ကို ပြုလုပ်ကြလေ့ရှိကြသည်။

ယိုးဒယားလက်ပံသီးမှရသော လဲမျိုးသည် မျိုးသားပိုမိုနူးညံ့သော်လည်း နှစ်ကာလရှည်ကြာစွာ အသုံးမခံသဖြင့် နှစ်ကြာရှည်စွာ အသုံးပြု၍ရသော ဗမာလက်ပံသီးမှရရှိသည့် ဗမာလက်ပံမျိုးကို လူကြိုက်များသည်ဟု သိရသည်။ ထို့ကြောင့် နှစ်စဉ် လက်ပံသီးရင့်ချိန်တွင်လည်း ဗမာလက်ပံမျိုးကို ယိုးဒယားလက်ပံမျိုး (ခေါ်) လဲမျိုးထက် ဈေးနှုန်းမြင့်တက်ဝယ်ယူရလေ့ရှိပြီး လူကြိုက်များသဖြင့် ဝယ်လိုအားလည်း ကောင်းလေ့ရှိသည်ဟု သိရသည်။

ဗမာလက်ပံပင်သည် အမြင့်အားဖြင့် ပေ ၁၀၀ ကျော်ခန့်အထိ မြင့်မားလေ့ရှိပြီး ယိုးဒယားလက်ပံပင်မှာ ပေ ၄၀ ခန့်သာ အမြင့်ရှိတတ်သည်ဟု သိရသည်။ ထို့ကြောင့် ဗမာလက်ပံပင်မှ လက်ပံသီးများကို ရရှိရန်မှာ ခက်ခဲသဖြင့် လက်ပံသီးပုတ်သူများကို ငှားရမ်းရလေ့ရှိသည်ဟု သိရသည်။ ယခုနှစ်တွင် လက်ပံသီးပုတ်သူ ငှားရမ်းရန်ခက်သဖြင့် ဗမာလက်ပံမျိုးများမှာ ရှားပါးလျက်ရှိရာ ဈေးနှုန်းမှာလည်း မြင့်တက်လျက်ရှိကြောင်း သိရသည်။

"နှစ်တိုင်းကတော့ ဗမာလက်ပံမျိုးက လူကြိုက်များတော့ ဗမာလက်ပံမျိုးကို အားထားပြီး လုပ်ဖြစ်တာပါ။ ဒီနှစ်ကျတော့ ဗမာလက်ပံသီးပုတ်တဲ့သူက ငှားလို့မရတော့ ယိုးဒယားလက်ပံမျိုးကိုပဲ ရောင်းနိုင်မှာပါ။ ဗမာလက်ပံပင်က မြင့်လွန်းတော့ အပင်ပေါ်တက်ပုတ်ရတဲ့သူက အန္တရာယ်လည်း အရမ်းများပါတယ်။ နှစ်တိုင်း လက်ပံပင်ပုတ်နေကျလူတွေကိုပဲ ငှားရဲတာပါ။ လက်ပံပင်ကိုင်းတွေပေါ်က အသီးကို အပင်ပေါ်တင် ဝါးလုံးနဲ့ ပုတ်ချရတာပါ။ ဗမာလက်ပံပင်တစ်ပင်ကို ပုတ်ခက နှစ်တိုင်းတော့ တစ်သောင်းကျော်ကျော်ပေးရပါတယ်။ ဒီနှစ် ပိုပေးပါ့မယ် ပြောပေမယ့် ပုတ်တဲ့သူတွေက အန္တရာယ်များလို့ မပုတ်ချင်ကြဘူးဆိုလို့ ဒီနှစ်တော့ ဗမာလက်ပံမျိုးများများမရပါဘူး။ ဗမာလက်ပံပင်နိမ့်တာလေးတွေ တစ်ပင်တလေပဲ အသီးခူးဆွတ်နိုင်ခဲ့လို့ ပိဿာနည်းနည်းပဲရပါတယ်။ ယိုးဒယားလက်ပံမျိုးပဲ များများရပါတယ်။ ယိုးဒယားလက်ပံပင်ကတော့ အပင်နိမ့်တော့ ပုတ်တဲ့သူ ပေါပါတယ်။ ယိုးဒယားလက်ပံပင်တစ်ပင်ကို အသီးပုတ်ခ ငါးထောင်၊ ခြောက်ထောင်လောက်ပဲ ပေးရပါတယ်" ဟု နှစ်စဉ်မျိုးရောင်းချသူတစ်ဦးက ပြောပြသည်။

လက်ပံမျိုးရောင်းချသူများသည် လက်ပံပင်များကို လက်ပံပင်ပိုင်ရှင်များထံမှ အပင်အရွယ်အစားအပေါ် မူတည်၍ ပင်ပြတ်ဝယ်ယူကြသည်။ အပင်အကြီးအသေးအပေါ် မူတည်၍ ဗမာလက်ပံတစ်ပင်လျှင် ကျပ်တစ်သောင်းခွဲမှ နှစ်သောင်းနှုန်းဖြင့်လည်းကောင်း၊ ယိုးဒယားလက်ပံတစ်ပင်လျှင် ငွေကျပ်ခုနစ်ထောင်မှ တစ်သောင်းခွဲအထိ နှုန်းဖြင့်လည်းကောင်း ဝယ်ယူရလေ့ရှိသည်ဟု သိရသည်။ အဆိုပါလက်ပံပင်များပေါ်မှ ရရှိလာသောအသီးများကို အခွံခွာကာ မျိုးများကို ထုတ်ယူပြီး အခြောက်လှန်းပြီးပါက မျိုးများကို လက်လီလက်ကားဝယ်လိုသူများထံသို့ ရောင်းချကြသည်။

ယခင်နှစ်များက ယိုးဒယားမျို (ခေါ်)လဲမျိုး တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀ ခန့် ပေါက်ဈေးရှိပြီး ဗမာလက်ပံမျိုးမှာ တစ်ပိဿာလျှင် ကျပ် ၁၃၀၀ ခန့် ပေါက်ဈေးရှိခဲ့သည်။ ယခုနှစ်တွင်မူ ဗမာလက်ပံမျို ရရှိမှုနည်းသည့်အတွက် လက်လီဈေးအနေဖြင့် တစ်ပိဿာလျှင် ကျပ်နှစ်ထောင်ခန့်ဈေးနှုန်းဖြင့်လည်းကောင်း၊ ယိုးဒယားလက်ပံမျိုးများကို တစ်ပိဿာလျှင် ကျပ် ၁၈၀၀ ခန့် ဈေးနှုန်းဖြင့်လည်းကောင်း ရောင်းချသွားကြရန် ပြင်ဆင်သတ်မှတ်နေကြပြီး ပွဲရုံများသို့ လက်ကားအနေဖြင့် ရောင်းချမည့်ပေါက်ဈေးကို မသိရှိရသေးကြောင်း သိရသည်။ ။

**ဆောင်းပါး- အိမ့်မွန်ဆွေ(ရေစကြို)**

# ဆည်းဆာရိပ် ဂိလာနဘိုးဘွားရိပ်သာ၌ လေးထပ်အဆောင်သစ်ဖွင့်လှစ်


ဆည်းဆာရိပ် ဂိလာနဘိုးဘွားရိပ်သာမှ ဘိုးဘွားများ

သက်ကြီးရွယ်အိုများ နေထိုင်မှုအဆင်ပြေစေရေးအတွက် ဆည်းဆာရိပ် ဂိလာနဘိုးဘွားရိပ်သာကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် ဗိုလ်မင်းခေါင်လမ်း၌ ဆည်းဆာရိပ် ဂိလာနဘိုးဘွားရိပ်သာဥက္ကဋ္ဌ စာရေးဆရာမ ဒေါ်သန်းမြင့်အောင်က ဦးစီးဖွင့်လှစ်ထားရာ အလှူရှင်များ စုပေါင်းလှူဒါန်းခဲ့မှုကြောင့် ယခုအခါ သက်ကြီးရွယ်အိုဘိုးဘွားများ နေထိုင်မှု အဆင်ပြေစေရေးအတွက် လေးထပ်တိုက် အဆောင်သစ်ကြီးတစ်လုံးကို ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

စာရေးဆရာမ ဒေါ်သန်းမြင့်အောင်က "ဒီမှာရှိနေကြတဲ့ သက်ကြီးရွယ်အိုတွေကတော့ အနယ်နယ်အရပ်ရပ်ကပါ။ ဒီမှာရှိနေတဲ့ ဘိုးဘွားတွေကိုခေါ်လာကတည်းက ကျွန်မတို့က ပက်လက်ကလေးတွေပဲ ပွေ့ခေါ်ခဲ့ရတာပါ၊ အချို့နေရာတွေမှာရှိနေတဲ့ ဘိုးဘွားရိပ်သာတွေကနေ ကျွန်မတို့ဆီပို့တာ ရှိပါတယ်။ ဒါ့အပြင် အကြောင်းအမျိုးမျိုးကြောင့် စွန့်ပစ်ခံထားရတဲ့ ဘိုးဘွားတွေကို လမ်းသွား၊ လမ်းလာ Volunteer များက တွေ့ခဲ့လို့ကျွန်မတို့ဆီကို အကြောင်းကြားရင် ဘိုးဘွားရှိတဲ့နေရာအထိ ကျွန်မတို့ကသွားကြည့်ပြီး ခေါ်ယူစောင့်ရှောက်ပါတယ်။ ကျွန်မတို့က ဘိုးဘွားရိပ်သာအတွက်ကို လုပ်ချင်တဲ့စိတ်နဲ့ စီမံခန့်ခွဲမှုကို သိပါတယ်။ သို့သော် ငွေမရှိရင် ဘာမှမတတ်နိုင်ဘူးလေ၊ အလှူရှင်များကလည်း ပရဟိတစိတ်ဓာတ်နဲ့ သူတို့ငွေကို လှူဒါန်းကြတာပါ။ ဒီအတွက် အလှူရှင်များအပါအဝင် ရိပ်သာက စိတ်စေတနာကောင်းမွန်ကြတဲ့ ဝန်ထမ်းများအားလုံးကို အထူးကျေးဇူးတင်ပါတယ်"ဟု ပီတိစကားဆိုသည်။

ဆည်းဆာရိပ် ဂိလာနဘိုးဘွားရိပ်သာ၌ သက်ကြီးရွယ်အိုများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိပြီး ဆရာဝန်၊ သူနာပြုရုံးအဖွဲ့ဝန်ထမ်း ၆၀ ဖြင့် ကျန်းမာရေးအားနည်းချက်ရှိသော ဂိလာနသက်ကြီးရွယ်အို ၉၀ ကျော်အား ပြုစုစောင့်ရှောက်ထားရှိသည်။ အဆောင်များအနေဖြင့် အထူးကြပ်မတ်ကုသဆောင်၊ လေဖြတ်လူနာဆောင်နှင့် ဂိလာနဆောင်တို့ရှိကြောင်း သိရသည်။

လေးထပ်တိုက်အဆောင်သစ်ကြီး ဖြစ်မြောက်ရေးအတွက် ပါဝင်လှူဒါန်းခဲ့သော Myanmar Deals Real Estate Agency မှ ဒေါ်ပိုးဖြူက "ဘိုးဘွား ၂၀၀ လောက် နေထိုင်နိုင်ကြမယ့် လေးထပ်ဆောင်အသစ်ကို ကျွန်မအပါအဝင် အလှူရှင်ဦးအောင်ဇော်၊ ဒေါ်ယဉ်ယဉ်မြတ်မိသားစုနဲ့ ကွန်းခိုရာဖောင်းဒေးရှင်းတို့က စုပေါင်းလှူဒါန်းကြတာပါ။ အရင်က ကျွန်မ ဒီရိပ်သာဝင်းထဲမှာပဲ မြေနေရာ ပေ ၂၀၊ ပေ ၆၀ အကျယ်ရှိတဲ့ လေးထပ်ဆောင်အဆောက်အအုံကို မတည်ပြီး လှူခဲ့ဖူးပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဆက်လက်လှူဒါန်းဖြစ်ခဲ့တာပါ။ အဘိုးအဘွားများ နေထိုင်မှုအဆင်ပြေစေဖို့အတွက် ဒီလိုလှူဒါန်းရတာ အရမ်းဝမ်းမြောက်မိပါတယ်။ ဘာလို့လဲဆိုတော့ အဘိုးအဘွားတွေဟာ သူတို့ရဲ့ဘဝမှာ နောက်ဆုံးအချိန် ရောက်နေပါပြီ၊ သူတို့အတွက် စေတနာ၊ မေတ္တာနဲ့ ဖေးမတွဲခေါ်တော့ သူတို့လည်း အရမ်းဝမ်းသာသလို ကျွန်မတို့လည်း အရမ်းပီတိဖြစ်ရပါတယ်။ အဘိုးအဘွားများအတွက် ဆက်လက်လှူဒါန်းသွားဦးမှာပါ"ဟု ဆိုသည်။

ဆည်းဆာရိပ် ဂိလာနဘိုးဘွားရိပ်သာ၌ နေထိုင်သော ဘိုးဘွားများထဲမှ အသက်အရွယ်အကြီးဆုံးဖြစ်သည့် အသက် ၉၅ နှစ်အရွယ်ရှိ အဘွားထွေးက "ဧရာဝတီမြစ်ရဲ့ အရှေ့ဘက်ဖြစ်တဲ့ ညောင်ဇရေးမြို့မှာ နေခဲ့တာပါ။ အဘွားမှာ ခင်ပွန်းမရှိတော့သလို ရှိတဲ့သားလေးတစ်ဦးလည်း ဆုံးရှာခဲ့တာကြာရောပေါ့။ ဒီကိုရောက်လာတာ နှစ်နှစ်ရှိပါပြီ၊ အဘွားဘုရားလှူခဲ့တဲ့ ကျောင်းက ဦးဇင်းက ဒီရိပ်သာကို ပို့ပေးခဲ့တာပါ၊ ကျန်းမာရေးကတော့ ကောင်းပါတယ်။ မျက်စိမှုန်တာပဲရှိတာပါ။ ဒီမှာက တစ်ရက်ကို လေးကြိမ်ကျွေးပါတယ်။ သွားမရှိတော့ မာတာဆို မစားနိုင်ဘူးလေ။ ခုလိုအဘွားတို့ နေထိုင်မှုအဆင်ပြေစေရေးအတွက် အဆောင်သစ်လှူပေးခဲ့တဲ့ အလှူရှင်အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်" ဟု ဆိုသည်။

လွန်ခဲ့သည့်ခြောက်နှစ်က စတင်တည်ထောင်ခဲ့သည့် အဆိုပါ ဆည်းဆာရိပ် ဂိလာနဘိုးဘွားရိပ်သာ၌ စတင်ချိန်က တစ်ထပ်တိုက်အဆောင်တစ်လုံးသာရှိခဲ့ပြီး သက်ကြီးရွယ်အို ဘိုးဘွားရှစ်ဦးဖြင့် စတင်ခဲ့ကြောင်း၊ ယခုအခါ သက်ကြီးရွယ်အိုများ နေထိုင်မှုအဆင်ပြေကြစေရေးအတွက် အလှူရှင်များ၏ ပံ့ပိုးကူညီမှုများဖြင့် အဆောင်များတည်ဆောက်ခဲ့ရာ အဆောင်သုံးလုံးရှိခဲ့ပြီဖြစ်ကြောင်း၊ အလှူရှင်များကလည်း အဆောက်အအုံများ ထပ်မံဆောက်လုပ်လှူဒါန်းရန် စီစဉ်ထားသေးကြောင်း သိရသည်။

ဆည်းဆာရိပ် ဂိလာနဘိုးဘွားများရိပ်သာ ခြောက်နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားနှင့် အလှူရှင်များစုပေါင်းလှူဒါန်းငွေ ကျပ်သိန်းပေါင်း ၅၀၀၀ ကျော်ဖြင့် ဆောက်လုပ်ခဲ့သော လေးထပ်တိုက်အဆောင်သစ်ကြီးဖွင့်ပွဲကို မေ ၅ ရက်က ကျင်းပခဲ့ပြီး ဆည်းဆာရိပ် ဂိလာနဘိုးဘွားရိပ်သာ ဥက္ကဋ္ဌ စာရေးဆရာမ ဒေါ်သန်းမြင့်အောင်နှင့် အလှူရှင်များက ဖွင့်လှစ်ပေးခဲ့သည်။

**သတင်းနှင့်ဓာတ်ပုံ – တင်လှမောင်**

## ရန်ကုန်မြို့လယ်၌ နေ့အချိန် နေအိမ်ဖောက်ထွင်းဝင်ရောက်မှုဖြစ်ပွား

**ရန်ကုန် မေ ၂၁**

ရန်ကုန်မြို့လယ် လမ်းမတော်မြို့နယ် ၄ ရပ်ကွက် လမ်းသစ်လမ်းအတွင်း ခြောက်လွှာရှိ နေအိမ်တိုက်ခန်းတစ်ခုကို မေ ၁၉ ရက် နံနက် ၁၀ နာရီခန့်က ဖောက်ထွင်းဝင်ရောက်မှုဖြစ်ပွားခဲ့ပြီး ဝင်ရောက်သူကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ ခြောက်လွှာတိုက်ခန်းတွင် နေထိုင်သော ကုမ္ပဏီဝန်ထမ်း မခင်စန္ဒာအောင်သည် နေအိမ်မှ အောက်ထပ်သို့ဆင်းလာစဉ် ခြောက်လွှာလှေကားအချိုးအကွေ့တွင် မျက်နှာစိမ်းလူငယ်တစ်ဦး အပေါ်ထပ်သို့ တက်သွားသည်ကို တွေ့ရှိရာမှ အလုပ်သွားရန်လာကြိုသူ ကိုသူရိန်ထွန်းအား ခေါ်ယူ၍ အပေါ်ထပ်သို့ လိုက်လံကြည့်ရှုခဲ့ကြောင်း၊ အပေါ်ထပ်သို့ရောက်သည့်အခါ တိုက်ခန်းသံပန်းတံခါးမှာ သော့ပွင့်နေပြီး သစ်သားတံခါးမှာ အနည်းငယ်ဟနေသည်ကို တွေ့ရကြောင်း၊ တံခါးကိုတွန်းဖွင့်ကြည့်သည့်အခါ မျက်နှာစိမ်းလူငယ်ကို တွေ့ရပြီး အခန်းရှေ့တွင်တွေ့ရသောသော့ဖြင့် ဖွင့်ဝင်ကာ အခန်းတွင်းသို့ ဝင်ရောက်ခြင်းဖြစ်ကြောင်း ပြောဆိုသဖြင့် ပစ္စည်းတစ်စုံတစ်ခုကို ခိုးယူရန်အကြံဖြင့် အခန်းသို့ဝင်ရောက်သူအား အရေးယူပေးရန် မခင်စန္ဒာအောင်က လမ်းမတော်မြို့မရဲစခန်း၌ အမှုဖွင့်တိုင်ကြားခဲ့ပြီး လမ်းမတော်မြို့မရဲစခန်းက စစ်ဆေးလျက်ရှိသည်။

အခန်းဖောက်ထွင်းဝင်ရောက်သူမှာ လှည်းကူးမြို့နယ် သရက်ကုန်းကျေးရွာနေ ဟိန်းစိုးဦး (၂၀ နှစ်)ဖြစ်ကြောင်း သိရသည်။

**ခင်ဆိုင်**



## နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးမှုနှင့် အင်္ဂလိပ်သဒ္ဒါသင်တန်းဆင်းပွဲ ကျင်းပ

**ကနီ မေ ၂၁**

ကနီမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းအသီးသီးမှ ကျောင်းသားကျောင်းသူများ နွေရာသီ ကျောင်းပိတ်ရက်များတွင် ဗုဒ္ဓဘာသာယဉ်ကျေးမှုဆိုင်ရာစာပေများကို လေ့လာတတ်မြောက်စေရန်ရည်ရွယ်၍ ကနီမြို့ ဟိတပုညကျန်းမာရေးနှင့်လူမှုကူညီရေးအသင်းက ကြီးမှူးဖွင့်လှစ်ခဲ့သော တတိယအကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုနှင့် အင်္ဂလိပ်သဒ္ဒါ နွေရာသီသင်တန်းဆင်းပွဲကို အမှတ်(၂)ရပ်ကွက် နန်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌ မေ ၁၉ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ဟိတပုညကျန်းမာရေးနှင့် လူမှုကူညီရေးအသင်းနာယကဆရာတော်က သင်တန်းဆင်းဩဝါဒမိန့်ကြားပြီး သင်တန်းသားကျောင်းသား ကျောင်းသူ ၁၁၇ ဦးထဲမှ အရည်အချင်းစစ်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သော ကျောင်းသား ကျောင်းသူအား ဂုဏ်ပြုဆုများချီးမြှင့်ခဲ့သည်။

**သန်းဌေးအောင်(ကနီ)**



**တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ခမောက်ကြီးမြို့နယ် အမှတ်(၁)ရပ်ကွက်မှ သောက်သုံးရေရှားပါးပြတ်လပ်မှု ကြုံတွေ့နေရသောဒေသခံပြည်သူများအတွက် သောက်သုံးရေများကို မြို့နယ်မီးသတ်တပ်ဖွဲ့ မီးသတ်ကားဖြင့် မေ ၁၈ ရက်က တစ်အိမ်တက်ဆင်း လှည့်လည်ဖြန့်ဝေပေးစဉ်။**

မောင်မောင်(မြို့နယ် ပြန်/ဆက်)

# အချိန်တိုအတွင်း လူသိများထင်ရှားလာသော ကရင်ချောင်းရေတံခွန်သို့ ခရီးတစ်ခေါက်

ဆောင်းပါး-ကိုလွင်(ဆွာ)


ကရင်ချောင်းရေတံခွန်

အလုပ်အကိုင်နယ်ပယ် အသီးသီးတွင် နေ့စဉ်နှင့်အမျှ လုပ်ကိုင်နေကြသူများအဖို့ အခါအားလျော်စွာ စိတ်အပန်းဖြေရန်လိုအပ်ပြီး ထိုသို့ စိတ်အပန်းဖြေရန်အတွက် ခရီးသွားခြင်းသည် ထိရောက်သော နည်းလမ်းတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံ ဒေသအသီးသီး၌ လေ့လာလည်ပတ်စရာ နေရာများစွာရှိကာ နေရာအသီးသီးတွင်လည်း ပြည်တွင်း၊ ပြည်ပ ခရီးသွားများဖြင့် အမြဲလိုလို စည်ကားနေလေ့ရှိသည်ကို တွေ့ရှိရသည်။ အပန်းဖြေခရီးသွားရန် နေရာများအနက် သွားလာသင့်သော ဒေသတစ်ခုအဖြစ် အချိန်တိုအတွင်း လူသိများလာသော နေရာတစ်ခုမှာ ကရင်ချောင်းရေတံခွန်ဖြစ်သည်။

ကရင်ချောင်းရေတံခွန်သည် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်းရှိ ရေတာရှည်မြို့နယ်၊ တောင်ငူမြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်မြို့နယ်တို့ သုံးခုဆုံရာ ဒေသအနီးတွင် တည်ရှိသည်။



ကျောက်ဆောင် ကျောက်တုံးများ၊ ထူထဲလှသည့် သစ်တောများအကြားမှ ကွေ့ဝိုက်ကာ စီးဆင်းနေသော ကရင်ချောင်းရေတံခွန်မှာ လွန်ခဲ့သော လေးနှစ်ခန့်ကမှ စတင်၍ လူသိများထင်ရှားလာပြီး ယခုအချိန်တွင်မူ မြန်မာနိုင်ငံအနှံ့တွင် နေ့အပူချိန်များ မြင့်တက်လာ၍ ရာသီဥတု အေးမြသာယာသော ကရင်ချောင်းရေတံခွန်သို့ နေ့စဉ်လိုလို လာရောက်လည်ပတ်သူများ ပိုမိုများပြားလာလျက်ရှိနေကြောင်း ရေတံခွန်အနီးရှိ ရေလွှဲကျေးရွာနေ ဒေသခံများက ပြောသည်။

ကရင်ချောင်းရေတံခွန်သို့ သွားရန် ရေတာရှည်မြို့လယ်မှတစ်ဆင့် ရေတာရှည်-ကရင်ချောင်း-လိပ်သိုကားလမ်းအတိုင်း ထွက်ခွာခဲ့ပါက ခြောက်မိုင်ခန့်တွင် ကျွဲရိုင်းပြင်ကျေးရွာသို့ ရောက်ရှိသည်။ ယင်းမှ တစ်ဆင့် စစ်တောင်းမြစ် ယာယီတံတားကိုဖြတ်၍ တောင်သာကျေးရွာ၊ ကရင်ချောင်းကျေးရွာသို့ ဆက်လက် သွားရောက်နိုင်သည်။ ရေတံခွန်သို့လာရာ လမ်းတစ်လျှောက်တွင် သဘာဝအတိုင်း ဖြစ်တည်နေသော ကျောက်ဆောင်ကျောက်တုံးကြီးများပေါ်၌ လူနေအိမ်များတည်ဆောက်ကာ နေထိုင်နေကြသည်ကိုလည်း တွေ့နိုင်မည်ဖြစ်သည်။

ယခင်က တောတောင်များ ထူထပ်ကာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခဲ့သော်လည်း ယခုအခါ လူနေအိမ်များ များပြားလာခြင်းနှင့် ခရီးလမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်းကြောင့် ထုံးဘိုကြီး ခရိုင်ချင်းဆက်လမ်းမှတစ်ဆင့် ရေတာရှည်မြို့သို့ ဖောက်လုပ်သည့်လမ်းသည် ကရင်ချောင်းကျေးရွာအနီးသို့တိုင် ရောက်ရှိနေပြီဖြစ်သည်။ ကရင်ချောင်းကျေးရွာနှင့် ရေလွှဲကျေးရွာအကြား၌ ရေလွှဲဆည်တစ်ခုကို ဆည်မြောင်းဦးစီးဌာနက တည်ဆောက်ပေးထားပြီး တောင်ငူမြို့နယ် စစ်တောင်းမြစ်အရှေ့ဘက်ကမ်းရှိ ကျေးရွာများအတွက် မြေယာဧက ၂၀၀၀ ကျော်တွင် နွေစပါးများ စိုက်ပျိုးနိုင်လာပြီး တောင်သူများအတွက် များစွာအဆင်ပြေကြသည်ကို တွေ့ရှိရသည်။

ရေလွှဲကျေးရွာရောက်သည်နှင့် ကျောက်တုံးကျောက်စိုင်များကြားမှ ရေစီးသံများကို အဝေးမှပင် ကြားနေရသည်။ ရေလွှဲကျေးရွာမှ ဒေသခံ ဦးသန်းဝင်းကို လမ်းပြခေါ်ကာ ကျောက်ဆောင်များ ကြားမှ လမ်းလေးအတိုင်း ရေတံခွန်ရှိရာ တောင်ပေါ်သို့ တက်ခဲ့ပြီးနောက် ကျောက်တုံးများပေါ်မှ ဖြတ်၍ ချောင်းတောင်ဘက်ကမ်းသို့ ဖြတ်ကူးကာ တောင်ပေါ်သို့ ဆက်တက်ခဲ့ရပြန်သည်။ မြင့်မားသည့် တောင်ကမ်းပါးယံများမှကြားမှ ကြည်လင်အေးမြသော ရေအလျင်များ ဖြတ်သန်း စီးဆင်းနေသည်မှာ လျင်မြန်လွန်းလှသည်။ အကယ်၍သာ အဆိုပါချောင်းကို အသုံးချပြီး ရေအားလျှပ်စစ် ထုတ်ယူနိုင်ပါက အနီးဝန်းကျင်ကျေးရွာများအတွက် မီးအလင်းရောင်ရရှိကာ ဒေသဖွံ့ဖြိုးရေးအတွက် ပိုမိုအားကောင်းစေမည်။ အထောက်အကူပြုမည်ဟုလည်း ထင်မိသည်။

"ကျွန်တော်တို့ဒီရွာကိုရောက်တာ အခုဆိုရင် ကိုးနှစ်ရှိပြီ။ ဒီရေတံခွန်ကို လူသိများလာတာ လေးနှစ်လောက်ပဲရှိသေးတယ်။ ရုံးပိတ်ရက်နဲ့ အခါကြီးနေ့ရက်တွေဆို ပိုများတယ်။ သင်္ကြန်တွင်းနဲ့ နှစ်ဆန်းတစ်ရက်နေ့တွေဆိုရင် သိန်းနဲ့ချီပြီးလာတာ"ဟု ဦးသန်းဝင်းက ဆိုသည်။

ကရင်ချောင်း ရေတံခွန်သည် ရေတံခွန်တစ်ခုတည်း မဟုတ်ဘဲ ဂွတ်ချောင်းနှင့် ကရင်ချောင်း ပေါင်းဆုံရာနေရာမှ အဆင့်ဆင့် စီးဆင်းလာသော ရေတံခွန်ခြောက်ခုအထိရှိသည်။ ယခုသွားသည့်လမ်းကြောင်းမှာ အထက်ဆုံးသို့ မသွားရောက်နိုင်။ ကျောက်နံရံကြီးများပိတ်ခံနေ၍ ပေ ၄၀ ကျော်ခန့်ရှိသော ရေတံခွန်မှာပင် ပိတ်မိနေသည်။ စီးဆင်းရာ ချောင်းတစ်လျှောက်သဘာဝပကတိအတိုင်း တည်ရှိနေသော ကျောက်ဆောင်၊ ကျောက်တုံးများနှင့် ကျေးငှက်များ၊ ရောင်စုံလိပ်ပြာလေးများ၊ စိမ်းစိုနေသည့် သစ်တောများမှာ လာရောက်လည်ပတ်သူများကို ဆွဲဆောင်အားကောင်းသော မြင်ကွင်းများဖြစ်သည်။ ကရင်ချောင်းရေတံခွန်သို့ ခရီးသွားများ လာရောက်မှု အားကောင်းလာပါက ဒေသတွင်း ခရီးသွားရာ လမ်းကြောင်းတစ်ခုအဖြစ် လမ်းပွင့်နိုင်မည့်အပြင် ဒေသခံများအနေဖြင့်လည်း ရရှိသည့်အခွင့်အလမ်းကို အပိုင်အနိုင် ဆုပ်ကိုင်ကာ ရင်းနှီးမြှုပ်နှံနိုင်ပါက ယခုထက် စီးပွားရေးတိုးတက်မှု ပိုမိုကောင်းမွန်နိုင်မည်ဖြစ်သည်။

"ခက်တာက အခု သစ်တောတွေကို ဒေသခံတွေက သူ့ထက်ငါဦးပြီး ခြံတွေခတ်တယ်။ ပြန်ရောင်းစားတယ်။ အခု ကျွန်တော်တို့ရွာမှာ အမှန်တကယ်နေတာထက် အကွက်လာပြီးဝယ်ထားတဲ့သူက များတယ်။ သစ်တောတွေမှာလည်း ဒီလိုပဲ၊ ထင်းတောင် ခုတ်လို့မရတော့ဘူး။ ဟိုလူ့ဟာ ဒီလူ့ဟာဆိုပြီး ဖြစ်ကုန်တယ်။ အမှန်မှာ ဒါသစ်တောကြိုးဝိုင်းနယ်မြေ၊ နိုင်ငံပိုင်မြေ၊ လုပ်ချင်တိုင်း လုပ်လို့မရဘူး။ သက်ဆိုင်ရာကလည်း ကွင်းဆင်းစိစစ်ဖို့ လိုတာပေါ့"ဟု ဦးသန်းဝင်းကပင် ဆက်၍ပြောသည်။

ရေတံခွန်နှင့် ပတ်ဝန်းကျင်ကို မှတ်တမ်းဓာတ်ပုံများရိုက်ကူးနေချိန်တွင် လူငယ်စုံတွဲများ၊ မိသားစုလိုက်၊ အဖွဲ့လိုက် လာရောက်လည်ပတ်ကြသူများ အလျှိုလျှို ရောက်ရှိလာကြသည်ကို တွေ့ရပြီး ရေတံခွန်ဘက်သို့ ဆက်လက်တက်ရောက် သွားကြသည်ကိုတွေ့ရသည်။ ရေတံခွန်ကျရာ ရေအိုင်မှာ ရေအနက် ဝါးတစ်ပြန်ခန့်ရှိ၍ ရေဆင်းချိုးရန် မသင့်ကြောင်း၊ ယခင်နှစ်က ရေဆင်းချိုးသော ကျောင်းသားတစ်ဦး ရေနစ်ကာ သေဆုံးသွားဖူးကြောင်း ဒေသခံတစ်ဦးက ပြောသည်။ ကရင်ချောင်းရေတံခွန် ပတ်ဝန်းကျင်မှ ဒေသခံများအနေဖြင့် မိမိတို့ဒေသကို လာရောက်လည်ပတ်သူများ တောင်တက်တောင်ဆင်းလမ်းများတွင် အန္တရာယ်မဖြစ်စေရန်အတွက် ဝါးလုံးတန်းများ တားထားပေးသလို အနားယူအပန်းဖြေနိုင်ရန် ဝါးတဲလေးတစ်လုံးကိုလည်း တည်ဆောက်ပေးထားသည်ကို တွေ့ရှိခဲ့ရသည်။

ကရင်ချောင်းရေတံခွန်သို့ လာရောက်ရန်အတွက် လက်ရှိအချိန်တွင် တောင်ငူ-လိပ်သို ကားလမ်း ထုံးဘိုကြီးကျေးရွာဘက်မှ ခရိုင်ချင်း ဆက်လမ်းအတိုင်း ရေလွှဲကျေးရွာမှတစ်ဆင့် လည်းကောင်း၊ ရေတာရှည်မြို့မှတစ်ဆင့် ကရင်ချောင်းကျေးရွာသို့ဖြတ်၍ လည်းကောင်း လမ်းကြောင်းနှစ်ခုဖြင့် လာရောက်နိုင်သည်။ အကယ်၍သာ ကရင်ချောင်းရေတံခွန်ရှိ ရေတံခွန်ခြောက်ခုလုံးသို့ သွားရောက်လည်ပတ် အပန်းဖြေနိုင်ရန် အဖွဲ့အစည်းတစ်ခုခုက ဆောင်ရွက်ပေးနိုင်ပါက အချိန်တိုအတွင်း ယခုထက်ပိုမို၍ ခရီးသွားလာမှု များပြားလာစေနိုင်မည်ဖြစ်သည်။ ။

**ကျောက်ဆောင် ကျောက်တုံးများ၊ ထူထဲလှသည့် သစ်တောများအကြားမှ ကွေ့ဝိုက်ကာ စီးဆင်းနေသော ကရင်ချောင်းရေတံခွန်မှာ လွန်ခဲ့သော လေးနှစ်ခန့်ကမှ စတင်၍ လူသိများထင်ရှားလာပြီး ယခုအချိန်တွင်မူ မြန်မာနိုင်ငံအနှံ့တွင် နေ့အပူချိန်များ မြင့်တက်လာ၍ ရာသီဥတု အေးမြသာယာသော ကရင်ချောင်းရေတံခွန်သို့ နေ့စဉ်လိုလို လာရောက်လည်ပတ်သူများ ပိုမိုများပြားလာလျက်ရှိနေကြောင်း ရေတံခွန်အနီးရှိ ရေလွှဲကျေးရွာနေ ဒေသခံများက ပြောသည်**


ရေတံခွန် ပတ်ဝန်းကျင်၌ လာရောက်အပန်းဖြေသူများ

# နှစ်သစ်ကူးကာလတွင် ကုသိုလ်ကောင်းမှုပြုသူများ ယခင်နှစ်ကထက် ပိုမိုများပြား

**ရန်ကုန် မေ ၂၁**

မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ် မြန်မာနှစ်ဆန်း(၁)ရက် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ် တည်ထားကိုးကွယ်လျက်ရှိသော လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား) (၁၅)ကြိမ်မြောက် မျက်နှာသစ်တော်ပြု ဆက်ကပ်လှူဒါန်းခြင်းနှင့် ရောင်တော်ဖွင့် မင်္ဂလာပွဲတော်၊ ဘေးမဲ့လွှတ် အဘယဒါနပွဲတော်ကို ကျင်းပခဲ့ကြသည်။

အဆိုပါ မင်္ဂလာအခါပွဲတော်သို့ ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်း၊ ဘုရားဂေါပက ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ ဝတ်အသင်းအဖွဲ့ဝင်များ တက်ရောက်ကြပြီးရုပ်ပွားတော်မြတ်ကြီးကို လက်ယာ ရစ်သုံးပတ်ပူဇော်ကာ ဆွမ်းပန်း ရေ ချမ်း နံ့သာ ယပ်သွင်းပူဇော်ခြင်း၊ ရောင်တော်ဖွင့်ခြင်း မင်္ဂလာကို မဟာ သဒ္ဓမ္မဇောတိကဓဇ ဦးရှိန်အောင်ဗိုလ်က သဗ္ဗဇေယျ မင်္ဂလာ အောင်ဂါထာ တော်ဖြင့် ရွတ်ဖတ်ပူဇော်သည်။



ရွတ်ဖတ်ပူဇော်ပွဲ ပြုလုပ်စဉ် အတွင်း မြန်မာ့ရိုးရာ နတ်မောက် စိန်သန်း မင်္ဂလာဆိုင်းဝိုင်းကြီးက ရေ ကင်းသံ ဓမ္မဂီတဖြင့် ထူးမခြားနားဓမ္မတေးသီချင်း၊ စွယ်တော်ကြီး ဓမ္မတေး သီချင်းများနှင့် ကုသိုလ်ပြု တေးသီကျူးရင့် ပူဇော်ကြလျက် အဘယဒါန ပွဲ ငှက် ၁၈၀၀ ဘေးမဲ့လွှတ်ကြ အာဟာရဒါန စတုဒိသာ ကုသိုလ်ပြု ကျွေးမွေးခဲ့ကြကြောင်း ဂေါပကအဖွဲ့ရုံးများမှ သိရှိရသည်။

"နှစ်ဟောင်းမှ နှစ်သစ်ကူး ပြောင်းချိန် ဘုန်းတော်ကြီးကျောင်း သွား၊ တန်ခိုးကြီး ဘုရားသွား ဥပုသ် သီတင်းဆောက်တည် သီလယူကြ၊ ကုသိုလ်ဘာဝနာပွားများကြ၊ စတုဒိ သာ ကျွေးကြ၊ ဇီဝိတဒါန ငါးလွှတ် အဘယဒါန ငှက်လွှတ်ကြ၊ ပရိတ် တရား ရွတ်ဖတ် သရဇ္ဈာယ်ကြ၊ ပရိတ် ရေ အမွှေးနံ့သာတို့နဲ့ ပက်ဖျန်း ကောင်းမှုကုသိုလ်ပြုကြ၊ ဒါဟာ မြန်မာ တို့ယဉ်ကျေးမှုဓလေ့ အစဉ်အလာ ပါ။ မရမ်းကုန်းဆိုတာ သာသနာ ထွန်းကားရာနယ်မြေ သိရိမင်္ဂလာ ကမ္ဘာအေးစေတီ၊ စွယ်တော်မြတ် စေတီ၊ ဆံတော်ရှင်ကျိုက်ဝိုင်းစေတီ တို့၊ ဘုန်းတော်ကြီးကျောင်းလည်းများ ပြီး ကျွန်တော်တို့ အင်းစိန်နယ်မြေ ထက်ပို၍ ကုသိုလ်ပြုသူများမယ်လို့ ထင်ပါတယ်။ ဒီလိုပါပဲ နှစ်ဟောင်း က အညစ်အကြေးတွေ ဆေးကြော သန့်စင်ပြီးမှ လူသစ်စိတ်သစ်နဲ့ နှစ် သစ်ကို မင်္ဂလာရှိရှိ ကူးပြောင်းစေ ချင်လို့ပါပဲဗျာ။ ယခင်နှစ်များထက်တော့ ဒီနှစ်က ကုသိုလ်ကောင်းမှု ပြုသူတွေများနေတာတွေ့ရပါတယ်။ လုံခြုံရေးလည်း တင်းကြပ်တော့ ဒုစရိုက်တွေနည်းသွားတာပေါ့"ဟု ကျောက်တော်ကြီးဘုရား ဂေါပက အဖွဲ့ဝင် ဦးမောင်မောင်မြင့်ဆွေက မြန်မာ့အလင်းသို့ ရှင်းလင်းပြောကြား သည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ဘုရင့်နောင်ပွဲရုံသို့ ကုန်ကားအဝင်နှင့် သင်္ကြန်အလွန် ကုန်စည်ဈေးနှုန်းများ

**ရန်ကုန် မေ ၂၁**

သင်္ကြန်ပိတ်ရက်အလွန် ဘုရင့်နောင်ပွဲရုံဝင်း ပြန်လည်ဖွင့်လှစ်သည့် ဧပြီ ၁၈ ရက်မှ ဧပြီ ၂၀ ရက်အထိ ကုန်ကားများဝင်ရောက်မှု ပုံမှန်ထက်အနည်းငယ် လျော့ကျလျက်ရှိကြောင်းနှင့် အထူးသဖြင့် အာလူးကားအဝင်နည်းသဖြင့် အာလူးကို ခွဲတမ်းစနစ်ဖြင့် ဝယ်ယူနေရကြောင်း သိရသည်။

ဧပြီ ၁၈ ရက်တွင် ကြက်သွန်နီကား အစီးရေ ၇၀ ကျော်နှင့် အာလူးကား အစီး ၂၀ ကျော် ဝင်ရောက်ခဲ့ပြီး ဧပြီ ၁၉ ရက်တွင် ကြက်သွန်နီကား ၃၇ စီး၊ အာလူးကား ခြောက်စီး၊ ဧပြီ ၂၀ ရက်တွင် ကြက်သွန်နီကား ၂၈ စီး၊ အာလူးကား ရှစ်စီး ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်နီနှင့် အာလူး**

ကြက်သွန်နီမှာ ဈေးနှုန်းပြောင်းလဲမှုနည်းပြီး ဆိပ်ဖြူကြက်သွန်နီသည် ဧပြီ ၂၀ ရက်တွင် တစ်ပိဿာ ၃၂၅-၄၂၅-၄၅၀ ကျပ်နှုန်း၊ တောင်တွင်းကြက်သွန်နီမှာ ၂၇၅-၄၅၀-၄၇၅ ကျပ်နှုန်း ရှိခဲ့သည်။ အာလူးမှာ တစ်ပိဿာလျှင် ၄၀၀-၇၄၀-၈၀၀-၈၅၀ ကျပ်နှုန်းရှိပြီး ကားဝင်ရောက်မှုနည်းခြင်းကြောင့် ခွဲတမ်းစနစ်ဖြင့် ဝယ်ယူနေရကြောင်း သိရသည်။

**ကြက်သွန်ဖြူ**

ကုန်ကားဝင်ရောက်မှုနည်းသဖြင့် ဈေးနှုန်းပြောင်းလဲမှုများလည်း အနည်းငယ်ရှိခဲ့သည်။ ရှမ်းကြက်သွန်ဖြူမှာ ဧပြီ ၂၀ ရက်တွင် ၁၈၀၀-၂၁၀၀-၂၃၀၀-၂၆၀၀ ကျပ်နှုန်းအထိ ဈေးမြင့်တက်လာပြီး သင်္ကြန်မတိုင်မီက တစ်ပိဿာလျှင် ၄၈၀၀ ကျပ်နှုန်းရှိခဲ့သော ကြူကုတ်ကြက်သွန်ဖြူမှာ အရည်အသွေးအပေါ်မူတည်ကာ တစ်ပိဿာလျှင် လက်ကားဈေးနှုန်း ၄၀၀၀ မှ ၄၁၅၀ ကျပ်အတွင်း ရှိသည်ဟု သိရသည်။

**သကြား**

သင်္ကြန်မတိုင်မီက ပြည်ပသကြား တစ်တန်လျှင် ကျပ် ၅၈၀၀၀၀ ဝန်းကျင် ရှိခဲ့ရာမှ ယခုရက်ပိုင်းတွင် ကျပ်ခြောက်သိန်းနှုန်းအထိ တက်လာသည်။

**စားအုန်းဆီ**

စားအုန်းဆီမှာ လက်ကား လက်ငင်းဈေးနှုန်း တစ်ပိဿာလျှင် ကျပ် ၁၆၈၀ ရှိနေသည်။ ဧပြီ ၂၁ ရက် ကုန်စည်ဒိုင်ဖွင့်ရက်တွင် ရန်ကုန်မြို့တွင်းရှိ ဆီကန်များမှ ဆီထုတ်ပေးမှုနှင့်ပြည်ပစားအုန်းဆီဈေးနှုန်းတို့အပေါ် မူတည်၍ စားအုန်းဆီဈေးနှုန်း ပြောင်းလဲမှုရှိလာနိုင်သည်ဟု ဆီရောင်းချသူများက ဆိုသည်။

**ထန်းလျက်**

သင်္ကြန်ရက်များအတွင်း အသုံးများခဲ့သော ထန်းလျက်များမှာ သင်္ကြန်အလွန်တွင် ဝယ်လိုအားကျဆင်းသွားခဲ့သည်။ ဈေးနှုန်းမှာ ညောင်ဦးဆေးခတ်တဲမအမျိုးအစား ထန်းလျက်(အစစ်)တစ်ပိဿာလျှင် ကျပ် ၁၃၅၀ နှုန်း၊ သကြားရော တစ်ပိဿာလျှင် ကျပ် ၁၁၅၀ နှုန်း၊ မလိုင်ထန်း တစ်ပိဿာလျှင် ကျပ် ၁၀၅၀ နှုန်း ရှိသည်။ ထန်းလျက်ဈေးနှုန်း အေးနေသော်လည်း ပြည်ပသကြားဈေးနှုန်းမှာ သင်္ကြန်မတိုင်မီ လက်ကားဈေးနှုန်း တစ်ပိဿာ ကျပ် ၉၈၀ ရှိရာမှ သင်္ကြန်အလွန်တွင် ၁၀၂၅ ကျပ်နှုန်းသို့ တက်လာသည်။

ဧပြီ ၂၁ ရက်တွင် ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ကုန်စည်ဒိုင်ကို စတင်ဖွင့်လှစ်မည်ဖြစ်ရာ အရောင်းအဝယ်များ ပုံမှန်ပြန်ဖြစ်လာနိုင်သည်။ နယ်များမှ ရန်ကုန်သို့ဝင်သော ကုန်စည်များနှင့် ဘုရင့်နောင်မှ နယ်များသို့ပို့သော ကုန်စည်များဖြင့် ပွဲရုံအတွင်း ပြန်လည်စည်ကားလာနိုင်သလို ပွဲရုံဝင်းအတွင်း ယာဉ်ကြောပိတ်ဆို့မှုများလည်း ပြန်လည်ကြုံတွေ့လာရနိုင်သည်။

**ခင်ဆိုင်**



# ဆင်းရဲနွမ်းပါး ကိုယ်လက်မသန်စွမ်းသောအဘွားအို၏ နေအိမ်ဆောက်လုပ်လှူဒါန်း

**နောင်ချို မေ ၂၁**

နောင်ချိုမြို့နယ် စေတနာမွန် လူမှုကူညီရေးအသင်းမှ ဦးနေဦးသာ၊ ဦးမြတ်မိုးအောင် ဦးစီးသော ပရဟိတအသင်းသားတို့သည် ဧပြီ ၂၀ ရက် နံနက် ၉ နာရီက နောင်ချိုမြို့နယ် သပြေဒိုးကျေးရွာနေ အသက် (၇၀ နှစ်)ကျော်ရှိ ဆင်းရဲနွမ်းပါးကိုယ်လက်မသန်စွမ်းသူအဘွား ဒေါ်သေးသွယ် နေအိမ်သည် ယိုင်နေပြီး အမိုးမှာလည်း သက်ငယ်တံများသာရှိသဖြင့် ရုတ်တရက်လေပြင်းတိုက်ခတ်လျှင် လဲပြိုသွားမည့် အခြေအနေရှိရာ အဆိုပါ နေအိမ်အား ဖြိုဖျက်ပြီး အသစ်ပြန်လည် ဆောက်လုပ်လှူဒါန်း လုပ်အားပေးဆောင်ရွက်ကြသည်။



ယခုအခါ နောင်ချိုမြို့နယ်တွင် အပူချိန်မြင့်မားနေပြီး သောက်သုံးရေတွင်းများ ခန်းခြောက်လျက်ရှိရာ မြို့/ ရပ်ကွက်ပြည်သူများ သောက်သုံးရေများ အခက်အခဲရှိပါက မြို့နယ်စေတနာရှင် လူမှုကူညီရေးအသင်း ရုံးဖုန်း ၀၈၂-၈၅၃၈၃ သို့ သတင်းပေးပို့ အကူအညီတောင်းခံနိုင်ကြောင်း ဦးနေဦးသာထံမှ သိရသည်။

**စိုးဝင်း(နောင်ချို)**

# ပခုက္ကူမြို့၌ ဆိုင်ကယ်ဖြင့်တိုက်၊ ဓားဖြင့်ဝိုင်းခုတ်ခဲ့သည့် လူငယ်ခြောက်ဦးအား တိုင်တန်းမှုဖြစ်ပွား

**ပခုက္ကူ မေ ၂၁**

ပခုက္ကူမြို့ ရွှေကူဘုရားရှေ့တွင် သားဖြစ်သူအား ဆိုင်ကယ်ဖြင့်တိုက် ဓားဖြင့်ဝိုင်းခုတ်ခဲ့သော လူငယ်များအား ဖခင်ဖြစ်သူက တိုင်တန်းအမှုဖွင့်ခဲ့မှု ဧပြီ ၁၉ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၁၇ရက် ည ၇ နာရီက ဦးဌေး (၅၁နှစ်) သာယာကုန်းရွာ သရက်မြို့နယ်နေသူသည် ပခုက္ကူမြို့ စက်မှုဇုန် (၆) လမ်း FOCUS စားသောက်ဆိုင်တွင် အလုပ်လုပ်နေသည့် သားဖြစ်သူ ဇော်လင်းထွန်း (၂၃နှစ်) ဓားခုတ်ခံရ၍ ပခုက္ကူဆေးရုံတွင်ရောက်ရှိနေကြောင်း သတင်းအရ သွားရောက်ကြည့်ရှုပြီး ဖြစ်စဉ်အား မေးမြန်းခဲ့ရာ ဧပြီ ၁၆ရက် ည ၇ နာရီခန့်တွင် ဇော်လင်းထွန်းမှာ ၎င်း၏သူငယ်ချင်း ချမ်းမြေ့အောင်နှင့်အတူ ဆိုင်ကယ်ဖြင့် ထွက်လာရာ ရွှေကူဘုရားရှေ့ ဗိုလ်ချုပ်လမ်းပေါ်အရောက် နောက်မှ ဆိုင်ကယ်ငါးစီးဖြင့် လူငယ်ခြောက်ဦးက ဝင်တိုက်၍ ဆိုင်ကယ်လဲကျသွားစဉ် ၎င်းလူငယ်များက အသင့်ပါလာသော အရှည်တစ်တောင်ခန့်ရှိ ဓားရှည်များနှင့် ဝိုင်းခုတ်ရာ ဇော်လင်းထွန်းတွင် ဒဏ်ရာ (စိုးရိမ်ရ) ရရှိခဲ့ခြင်းဖြစ်ကြောင်း တရားလို၏ တိုင်ကြားချက်အရ သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ဓားဖြင့်ခုတ်သူလူငယ်များအား စုံစမ်းဖော်ထုတ်အရေးယူပေးရန် ဧပြီ ၁၉ရက်တွင် ဦးဌေးက တရားလိုပြု တိုင်ကြားခဲ့သောကြောင့် ပခုက္ကူမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# ချင်းပြည်နယ်အတွင်း ပြည်သူများ၏လိုအပ်ချက်များ သိရှိနိုင်ရန် ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ ကွင်းဆင်းလေ့လာ

**ဟားခါး မေ ၂၁**

ချင်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးမှုအခြေအနေများနှင့် ပြည်သူများ၏ လိုအပ်ချက်များကို သိရှိနိုင်ရန်အတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်း လျန်လွယ် ဦးဆောင်သော ပြည်နယ်အစိုးရက မြို့နယ်များသို့သွားရောက်ကာ ကွင်းဆင်းလေ့လာမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထန်တလန်မြို့နယ်ရှိ ကျေးရွာများသို့ မေ ၁၄ ရက်နှင့် ၁၅ ရက်က သွားရောက်ခဲ့ပြီး မေ ၁၆ မှ ၁၈ ရက်အတွင်း ဖလမ်းမြို့နယ်နှင့် နယ်စပ်ဒေသများသို့ လည်းကောင်း၊ ရိခေါဒါရ်မြို့နယ်သို့လည်းကောင်း ဆက်လက်သွားရောက်လေ့လာခဲ့သည်။

ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးယိုက "ပြည်သူလူထုရဲ့ လိုအပ်ချက် ဘာတွေရှိသလဲ၊ ကျွန်တော်တို့ ဘာတွေဆောင်ရွက်ပေးနိုင်မလဲဆိုတာ သိနိုင်ဖို့ အခုလို ကွင်းဆင်းလေ့လာတာပါ။ အောက်ခြေရဲ့ အဖြစ်မှန်လိုအပ်ချက်ကို ကွင်းဆင်းပြီးတော့မှ ချင်းပြည်သူတွေရဲ့ တကယ့်လိုအပ်ချက်၊ ဘာတွေလိုအပ်နေသလဲဆိုတာ သိရှိဖို့ ကွင်းဆင်းတာပါ"ဟု ပြောသည်။

အဆိုပါ ကွင်းဆင်းလေ့လာသည့်ခရီးစဉ်တွင် ဒေသခံချင်းပြည်သူများကလည်း ပြည်နယ်အစိုးရသစ်ကို သောင်းသောင်းဖျဖျ ကြိုဆိုခဲ့ကြပြီး ၄င်းတို့ဒေသအလိုက် လိုအပ်ချက်များကို အသီးသီးတင်ပြခဲ့ကြသည်ဟု သိရသည်။

"အဓိကတော့ လမ်း၊ ရေ၊ လျှပ်စစ်မီး ကောင်းမွန်စွာရရှိရေးကို အဓိကတင်ပြကြပါတယ်၊ သူတို့တင်ပြတဲ့ အချက်တွေမှာ ကျွန်တော်တို့အစိုးရအနေနဲ့ ချက်ချင်း အကောင်ထည်ဖော်ပေးနိုင်မယ့်ဟာရှိသလို မဖော်နိုင်သေးတာတွေလည်းရှိမယ်။ ကျွန်တော်တို့ ဦးစားပေးလုပ်ဆောင်မယ့် အဆင့်တွေကို ခွဲဝေပြီးတော့ လုပ်ပေးပါမယ်"ဟု လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဆက်ပြောသည်။

ပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး (ဟောင်း) ဦးရမ်မန်းကလည်း ပြည်နယ် ပြည်သူများ၏ အဓိကမျှော်လင့်ချက်မှာ အခြေခံအဆောက်အအုံများဖြစ်သော လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီး၊ ရေရရှိရေးနှင့် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့ဖြစ်ကြောင်း ပြောသည်။

ကွင်းဆင်းလေ့လာသည့် ခရီးစဉ်တွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုးဘွဲ့၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးယို၊ ဖလမ်းမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း၊ ပြည်နယ် စည်ပင်သာယာရေး ညွှန်ကြားရေးမှူး ဦးတလာဟဲတို့ ပါဝင်ခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမူ(ခ)ရှားမီး၊ စစ်ကိုင်းတိုင်းဒေသကြီး ချင်းရေးရာဝန်ကြီး ဦးလာလ်ထောင်ထန်တို့လည်း ပါဝင်ခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ အိန္ဒိယ-မြန်မာနယ်စပ်မြို့ ရိခေါဒါရ်မြို့သို့ရောက်ရှိချိန်တွင် ဒေသခံများက အခမ်းအနားဖြင့် ကြိုဆိုခဲ့ကြပြီး တစ်ဖက်မီဇိုရမ် ပြည်နယ်မှ မီဇိုးအဖွဲ့အစည်းများကလည်း ဂုဏ်ပြုလွှာပေးအပ်ခဲ့ကြကြောင်း သိရသည်။

**(ဝဇု)**



# သောက်သုံးရေပြတ်လပ်နေသော ဒေသများတွင် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၂၁**

ယခုနှစ် နွေရာသီတွင် အယ်နီညိုရာသီဥတုနှင့်ဆက်စပ်၍ သောက်သုံးရေရှားပါးပြတ်လပ်နေမှုများ နိုင်ငံတစ်ဝန်းတွင် ဖြစ်ပေါ်လျက်ရှိရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင်၍ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၊ ဌာနဆိုင်ရာများနှင့် အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ပြည်သူများရေရရှိရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးရုံးများမှ အရာထမ်း၊ အမှုထမ်းများသည် ပြည်သူများထံသို့ အရောက် သောက်သုံးရေများ ဆက်လက်ဖြန့်ဝေလျက်ရှိရာ မေ ၁၉ ရက်တွင် ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် သာစည်ကျေးရွာသို့ သောက်ရေသန့် ဂါလန် ၁၀၀၀၊ နေပြည်တော် လယ်ဝေးမြို့နယ် ကနစိုးကျေးရွာသို့ ရေဂါလန် ၁၅၀၀၊ ရွာမကျေးရွာသို့ ရေဂါလန် ၁၅၀၀၊ ရွာသစ်ကျေးရွာသို့ ရေဂါလန် ၁၅၀၀၊ ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ပျားမွတ်ကျေးရွာသို့ ရေဂါလန် ၁၈၀၀၊ ဘိုဒင့်ကျေးရွာသို့ ရေဂါလန် ၁၈၀၀ နှင့် နှစ်ခွကျေးရွာတွင် ရေကန်ပြုလုပ်ရန်အတွက် အလျား ခြောက်ကိုက်၊ အနံ ရှစ်ကိုက်ရှိ ဆော်ဒီမိုးကာစလေးစ၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်အတွင်းမှ တောင်ပေါက်ကျေးရွာ၊ တတန်ကူးကျေးရွာ၊ ကျောက်ဖျာကျေးရွာ၊ စာရေးချောင်းကျေးရွာနှင့် ငပုတောမြို့နယ်မှ မဏ္ဍပ်ကျေးရွာများသို့ ရေဂါလန် ၂၀၀၀၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ် အမှတ်(၁)ရပ်ကွက် ယန်ခမ်းအထက်အခါရွာသို့ ရေဂါလန် ၁၈၀၀၊ ကလောမြို့နယ် လက်မောင်းကွေးကျေးရွာသို့ ရေဂါလန် ၇၇၀၊ ကမ်းပါးနီကျေးရွာသို့ ရေဂါလန် ၃၅၀၊ သရက်ပု ကျေးရွာသို့ ရေဂါလန် ၃၅၀၊ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ကံပုံကြီးနားကျေးရွာသို့ ရေဂါလန် ၂၄၀၀ တို့ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်းရှိ သောက်သုံးရေလိုအပ်သောနေရာများသို့လည်း ရေများဖြန့်ဝေပေးသွားနိုင်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးရုံးများအနေဖြင့် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ဆားလင်းကြီးမြို့နယ်ရှိသောက်သုံးရေပြတ်လပ်နေသောကျေးရွာသို့ ရေများဖြန့်ဝေပေး

**ဆားလင်းကြီး မေ ၂၁**

ရာသီဥတုပူပြင်းမှုကြောင့် သောက်သုံးရေပြတ်လပ်လျက်ရှိသော စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် အတွင်းရှိ ကျောက်မှော်ကျေးရွာသို့ သောက်သုံးရေများကို ဆားလင်းကြီးမြို့ မြို့နယ်မီးသတ်ဦးစီးဌာနက ရေသယ်ယာဉ်များဖြင့် မေ ၁၉ ရက်က သွားရောက်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



မြို့နယ် မီးသတ်ဦးစီးဌာန၏ ရေဂါလန် ၈၇၀ ဆံ့ မီးသတ်ယာဉ်တစ်စီး၊ ရေဂါလန် ၁၂၀၀ ဆံ့ မီးသတ်ယာဉ်တစ်စီးတို့ဖြင့် သောက်သုံးရေများကို သွားရောက်ဖြန့်ဝေပေးခဲ့ခြင်းဖြစ်သည်။ ကျောက်မှော်ကျေးရွာသည် အိမ်ခြေ ၇၇ အိမ်၊ လူဦးရေ ၃၀၀ ခန့်ရှိသော ရွာငယ်တစ်ခုဖြစ်ပြီး နှစ်စဉ် မိုးရေကိုသာ အားကိုးပြီး စိမ့်ရေ၊ စမ်းရေ၊ ချောင်းရေများဖြင့် သောက်သုံးရေကို ရရှိသုံးစွဲခဲ့ကြကြောင်း၊ ယခုနှစ်တွင် စိမ့်ရေ၊ စမ်းရေ၊ ချောင်းရေများ ခန်းခြောက်ပြီး သောက်သုံးရေပြတ်လတ်လျက်ရှိနေကြောင်း၊ စက်ရေတွင်း ရှိသော်လည်း ထွက်သောရေမှာ ငန်လွန်းသဖြင့် သောက်သုံး၍မရသောကြောင့် ရေပြတ်လပ်ခြင်းဖြစ်ကြောင်း၊ ယခု မြို့နယ်မီးသတ်ဦးစီးဌာနက ရေသယ်ယာဉ်များဖြင့် ရေများလာရောက်ဖြန့်ဝေပေးသဖြင့် ကျေးဇူးတင်ကြောင်း၊ ယခု ပေးလှူသော ရေမှာ သုံးရက်၊ လေးရက်စာခန့်သာ ရှိသဖြင့် နောက်ထပ်အလှူရှင်များကိုလည်း ဖိတ်ခေါ်လိုပါကြောင်း ကျေးရွာရပ်မိရပ်ဖများကပြောသည်။

**ဦးငယ်(ဆားလင်းကြီး)**



# သီပေါ၌ ကွန်ကရစ်အုတ်လုပ်ငန်း တွင်ကျယ်လာ

**သီပေါ မေ ၂၁**

ရှမ်းပြည်နယ် သီပေါမြို့၌ မြေအုတ်များအစား ဘိလပ်မြေဖြင့် ထုတ်လုပ်ထားသည့် စက်ရိုက်ကွန်ကရစ်အုတ်(ပြုန်းအုတ်)များကို အသုံးပြုမှုများလာသဖြင့် ကွန်ကရစ်အုတ်ထုတ်လုပ်သည့်လုပ်ငန်းများလည်း များပြားလာကာ တွင်ကျယ်စွာ ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း သိရသည်။

မြေအုတ်များ ထုတ်လုပ်ရာတွင် အုတ်အတွက် မြေနှင့် အုတ်ဖုတ်ရန်အတွက် လောင်စာအဖြစ် ထင်းများကို အသုံးပြုရ၍ သဘာဝသယံဇာတများ ထိခိုက်ပျက်စီးသော်လည်း ကွန်ကရစ်အုတ်များမှာ ဘိလပ်မြေနှင့် သဲကိုသာ အသုံးပြုပြီး မီးဖုတ်ရန်လည်းမလိုသဖြင့် သဘာဝသယံဇာတများကို ပျက်စီးစေခြင်းမရှိကြောင်း သီပေါမြို့ ဇာတ်စုရပ်ကွက်မှ ကွန်ကရစ်အုတ်ထုတ်လုပ်ရောင်းချသူတစ်ဦးက ပြောသည်။

ထို့အပြင် ကွန်ကရစ်အုတ်များသည် မြေအုတ်များထက်လည်း ကြာရှည်အသုံးခံပြီး ဈေးနှုန်းမှာလည်း မြေအုတ်ထက်ပို၍သက်သာကြောင်း၊ သီပေါမြို့နယ်အတွင်း ကျေးလက်နှင့် မြို့ပြများ ဖွံ့ဖြိုးတိုးတက်နေသဖြင့် အုတ်အသုံးပြုမှုများလာရာတွင် ယခင်က မြေအုတ်များအသုံးများခဲ့ရာမှ ယခုအခါ ကွန်ကရစ်အုတ်များကို မြို့နယ်တစ်ခုလုံး တွင်ကျယ်စွာ အသုံးပြုနေကြပြီဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ရွှေသက်န်းများကွာကျခြင်းကို မူလအတိုင်း အမြန်ဆုံး ပြန်လည်ကပ်လှူပူဇော်သွားမည်

သတင်းနှင့်ဓာတ်ပုံ
ဇော်ကြီး (ပဏီတ)

**ရန်ကုန်　ဧပြီ　၂၁**

ရွှေတိဂုံ စေတီတော်မြတ်ကြီးတွင် ရွှေသက်န်းများ ကွာသွားခြင်းကို သက်ဆိုင်ရာအဖွဲ့နှင့် ညှိနှိုင်းမှုများ ပြုလုပ်၍ မူလအတိုင်း အမြန်ဆုံး ပြန်လည် ကပ်လှူပူဇော်သွားမည် ဖြစ်ကြောင်း ရွှေတိဂုံစေတီတော်ကြီး၏ ရုံးအဖွဲ့မှူး ဦးထွန်းအောင်ငွေက ယနေ့ညနေတွင် မြန်မာ့သတင်းစဉ် သို့ပြောသည်။

"သစ်စေးသုတ်တဲ့ အခါမှာ လိုအပ် ချက်တွေရှိလို့ ကွာသွားတာမျိုး ဖြစ် နိုင်သလို သဘာဝဘေးဒဏ်အပြင် ငှက်နှုတ်သီးနဲ့ထိုးမိလို့ ဖြစ်သွားတာမျိုးလည်း ဖြစ်နိုင်ပါတယ်။ တာဝန်ယူဆောင်ရွက်ခဲ့တဲ့ အဖွဲ့နဲ့ ညှိနှိုင်းမှုတွေလုပ်ပြီး မူလအတိုင်း အမြန်ဆုံး ရွှေသက်န်းကပ်လှူပူဇော် သွားမှာပါ"ဟု ၎င်းက ပြောသည်။

အဆိုပါ ရွှေတိဂုံစေတီတော် မြတ်ကြီး၌ ၂၀၁၄-၂၀၁၅ ခုနှစ် တွင် ရွှေသက်န်းတော်ကပ်သည့် အဖွဲ့ လေးဖွဲ့ကို တင်ဒါစနစ်ဖြင့် ခေါ်ယူ၍ ကန်ထရိုက်ပေးခဲ့ရာ ရွှေငါးကြင်းမှ တာဝန်ယူဆောင်ရွက်ခဲ့သည့် စေတီ၏ တောင်ဘက်ခြမ်းရှိ ရှစ်မြောင့် (ဗုဒ္ဓဟူးနှင့် အင်္ဂါထောင့်) တွင် ယင်းကဲ့သို့ ရွှေမျက်ပါးလွှာ ဧရိယာရှိ ရွှေသက်န်းများမှာ မတ်လ အတွင်းက ကွာကျခဲ့ခြင်းဖြစ်သည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးကို ငါးနှစ်တစ်ကြိမ် ရွှေသက်န်း ကပ်လှူပူဇော်လေ့ရှိပြီး ယခုအခါ ကပ်လှူပြီး တစ်နှစ်ခန့်အကြာတွင် ရွှေမျက်ပါး သက်န်းများ ကွာကျခဲ့သည့်အတွက်

*စာမျက်နှာ ၃ ကော်လံ ၁* ◆



## အချိန်အခါမဟုတ် မိုးရွာနိုင်မည့် သတိပေးချက်

**နေပြည်တော်　ဧပြီ　၂၁**

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲ မိုးလေဝသတိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့် လည်းကောင်း၊ နေ့အပူချိန်များ မြင့်တက်၍ လေထုမငြိမ်သက်မှုများကြောင့် လည်းကောင်း၊ ဧပြီ ၂၂ ရက်မှ ၂၅ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ် တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ ဧပြီ ၂၃ ရက်မှ ၂၅ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်း ဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန် တိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင် သည်။

(မိုး/ဇလ)

## ခရမ်းလွန်ရောင်ခြည် အမြင့်ဆုံးအညွှန်းကိန်း

၂၁-၄-၂၀၁၆

နေပြည်တော်
၈ ဒသမ ၅
ရန်ကုန်မြို့
၉ ဒသမ ၆
မန္တလေးမြို့
၉ ဒသမ ၃

# ဦးဝင်းတင်လို တိုင်းပြည်အတွက် အလုပ်လုပ်ကြပါ

တွေ့ဆုံမေးမြန်း-မင်းသစ်
ဓာတ်ပုံ-ဇော်မင်းလတ်

**ရန်ကုန်　ဧပြီ　၂၁**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် သဘာပတိအဖွဲ့ဝင် သတင်းစာဆရာကြီး ဟံသာဝတီ ဦးဝင်းတင် ကွယ်လွန်ခြင်း(၂)နှစ်ပြည့် အောက်မေ့ဖွယ် ဂုဏ်ပြုအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ဗဟန်းမြို့နယ် ရွှေဂုံတိုင်ရှိ တော်ဝင်နှင်းဆီစားသောက်ဆိုင် သီရိခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် သဘာပတိအဖွဲ့နာယက ဦးတင်ဦး၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌ၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ပါတီဝင်များ၊ ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေး အကျဉ်းသားဟောင်းများအဖွဲ့မှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ဘာသာပေါင်းစုံမှ ဘာသာရေးခေါင်းဆောင်များ၊ သတင်းမီဒီယာများ တက်ရောက်ကြသည်။

**ဦးအုန်းကြိုင်**

အဆိုပါအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို တင်ပြလိုက်ရပါသည်။

**ဦးအုန်းကြိုင် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်)**

ဦးဝင်းတင်က သူ့ဘဝတစ်ခုလုံးကို နိုင်ငံရေးထဲမှာနစ်မြုပ်ထားတယ်။ ဦးဝင်းတင်သာ အခုအချိန်ရှိမယ်ဆိုရင် ဝမ်းသာမှာပဲ၊ အာဏာရှင်အစိုးရ အောက်က

*စာမျက်နှာ ၃ ကော်လံ ၁* ■

